# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**စောင့်ရှောက်ထားအပ်သောစိတ်**

အလွန့်အလွန်မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော၊ အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သော စိတ်သည် ချမ်းသာကို ရွက်ဆောင်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက် | ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၁၈ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၁)၊ အမှတ် (၁၁၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာကဏ္ဍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဆင့်မြင့်ပညာကဏ္ဍလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များဆောင်ရွက်ချိန်တွင် အလုပ်ကိုအလေးထားခြင်း၊ အချိန်ကိုလေးစားခြင်းများဖြင့် သတ်မှတ်ချိန်အတွင်း လုပ်ငန်းတာဝန်များကို ကျေပွန်အောင်ဆောင်ရွက်နိုင်ပြီး တိုးတက်မှုများရရှိနိုင်မည်

နေပြည်တော် ဇန်နဝါရီ ၁၇

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာကဏ္ဍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❐



ယနေ့ *ဖတ်စရာ*

လျှပ်စစ်ဓာတ်အားချွေတာဖို့ LED ကို သုံးကြစို့ — ဆောင်းပါး — စာ - ၁၀

တွန်ဂါနိုင်ငံကို အကူအညီပေးရန် ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့ လုပ်ဆောင် — နိုင်ငံတကာသတင်း — စာ - ၁၃



လူမှုရေးအကူအညီလိုသော်... ဖုန်းဆက်ပါနော် — သတင်းဆောင်းပါး — စာ - ၂၂

မြန်မာ့အလင်း

# နိုင်ငံ့အနာဂတ်အတွက် အဆင့်မြင့်ပညာရပ်ဝန်းများ

ကမ္ဘာ့နိုင်ငံများ တစ်ခုနှင့်တစ်ခု ဖွံ့ဖြိုးတိုးတက်မှု အနိမ့်အမြင့် မတူညီကြရခြင်းသည် လူမျိုးတစ်မျိုးနှင့်တစ်မျိုး အရည်အသွေးကွာခြားမှု အရဖြစ်သည်ဟူ၍ နိုင်ငံများ၏ဖွံ့ဖြိုးတိုးတက်မှုနှင့် စပ်လျဉ်း၍ လေ့လာသည့် သုတေသီအချို့က ဆိုကြသည်။ ၎င်းတို့၏ အဆိုအရ လူမျိုးတစ်မျိုးနှင့်တစ်မျိုး ကာယ၊ ဉာဏ၊ လုံ့လဝီရိယစိုက်ထုတ်နိုင်စွမ်း တူညီမှုမရှိခြင်းကြောင့် နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုများလည်း ကွာဟခဲ့ရသည်ဟု တင်ပြခဲ့ကြသည်။ သို့ရာတွင် လူမျိုးတို့အကြား အရည်အချင်း၊ အရည်အသွေး ကွာခြားရခြင်းမှာ ၎င်းတို့၏ ဗီဇကြောင့် မဟုတ်ဘဲ ပညာရေး၊ ကျန်းမာရေး၊ ပတ်ဝန်းကျင်အခြေအနေ၊ ယဉ်ကျေးမှု ဓလေ့ထုံးစံများကြောင့် ဖြစ်သည်ဟူ၍ ယူဆသော ပညာရှင်များလည်း ရှိကြသည်။

မည်သို့ပင်ဆိုစေ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသားတို့၏ အရည်အသွေး၊ စွမ်းဆောင်ရည်တို့ မြင့်မားရန် လိုအပ်ပြီး ၎င်းအရည်အချင်းများကို ပညာရေး၊ ကျန်းမာရေးကဏ္ဍတို့မှ မြှင့်တင်ပေးကြရမည်ဖြစ်သည်။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးပါက နိုင်ငံတွင် အခြားသယံဇာတများ ချို့တဲ့စေကာမူ နိုင်ငံကို တိုးတက်အောင် စွမ်းဆောင်နိုင်ကြကြောင်း မျက်မှောက်ကာလ ဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံများကို လေ့လာတွေ့ရှိနိုင်မည်ဖြစ်သည်။ “မိမိတို့နိုင်ငံလူဦးရေ ၅၅ သန်းတွင် သုံးသန်းခန့်သာ ဘွဲ့ရရှိသည်ကို တွေ့ရှိရသဖြင့် လူဦးရေ၏ ၁၀ ရာခိုင်နှုန်းအောက်သာ အဆင့်မြင့်ပညာကို သင်ကြားနိုင်သည်ကို တွေ့ရှိရကြောင်း၊ အလားတူ လူဦးရေ ၁၈ သန်းကျော်ခန့်သည် အခြေခံပညာသင်ကြားမှုတွင်လည်း မူလတန်းနှင့် အလယ်တန်း အဆင့်တွင်သာ သင်ကြားနိုင်ခဲ့သည်ကို တွေ့ရကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးသည် အရေးကြီးသည့်အတွက် မိမိတာဝန်ယူချိန်ကာလအတွင်း ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း” ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာကဏ္ဍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ပညာရေးကဏ္ဍမြှင့်တင်မှုပြုလုပ်ရာတွင် အခြေခံပညာကဏ္ဍမှ အဆင့်မြင့်ပညာကဏ္ဍသို့ တက်ရောက်လာနိုင်သူများအား ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများမှ အဆင့်မြင့်ပညာသင် ကျောင်းသားများနှင့် ရင်ပေါင်တန်းနိုင်သည့်အဆင့် ရရှိအောင် လေ့ကျင့်သင်ကြားပေးနိုင်ရန် လိုအပ်သည်ဟု ရှုမြင်မိသည်။ ကမ္ဘာ့တက္ကသိုလ်များအဆင့်သတ်မှတ်ချက်ထိပ်တန်းတက္ကသိုလ် ၁၀၀ တွင် အမေရိကန်နှင့် ဗြိတိန်တက္ကသိုလ်များက အများစုလွှမ်းမိုးနေပြီး စင်ကာပူ၊ တရုတ်၊ ဟောင်ကောင်၊ ဂျပန်၊ တောင်ကိုရီးယား၊ မလေးရှား စသည့် အာရှတက္ကသိုလ်တို့က လေးပုံတစ်ပုံခန့် ပါဝင်သည်။ အထူးသဖြင့် ကမ္ဘာ့ထိပ်တန်းတက္ကသိုလ် ၁၀၀ စာရင်းတွင် မြန်မာနိုင်ငံ၏ အိမ်နီးချင်းဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တက္ကသိုလ်များ တစ်ဒါဇင်ထက်မနည်း ပါဝင်လျက်ရှိရာ လေ့လာစရာပင် ဖြစ်သည်။

တက္ကသိုလ်ကျောင်းများ၏ ဥပမိရုပ်၊ ကျောင်းပရိဝုဏ်နှင့် ပတ်ဝန်းကျင်၊ လေ့လာသင်ကြားရန် လိုအပ်ချက်များကို ဖြည့်ဆည်းထားမှုများ၊ ဆရာ ဆရာမများ၏ သင်ကြားမှုများအပြင် တက္ကသိုလ်များမှ ရရှိလာသည့် ဘဝအတွက် အတွေ့အကြုံများကလည်း လွန်စွာအရေးကြီးသည်။ ယင်းအတွက် ပတ်ဝန်းကျင်ကောင်းများကို ဖန်တီးပေးရာတွင် တက္ကသိုလ်အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးနှင့် သင်ကြားရေးတို့၏ စေတနာကောင်းနှင့် ပူးပေါင်းဆောင်ရွက်မှုများဖြင့် နိုင်ငံ၏အနာဂတ်ကို ဖန်တီးမည့်၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ သာယာဝပြောရေးတို့ကို ဆောင်ကြဉ်းမည့် မျိုးဆက်သစ်များ မွေးထုတ်ပေးနိုင်ကြပါစေကြောင်း။ ။

ပြည်ထောင်စုအကျိုး သယ်ပိုးဖို့
အသိပညာ မြှင့်တင်စို့

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့်
အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်ကျင်းပသည့်

**စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေပွဲတော်**

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက် မှ ၃၁ ရက် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ နေပြည်တော်။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဒေါက်တာ သန်းသန်းမြင့်<br>ညွှန်ကြားရေးမှူးချုပ်<br>လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့ (သုတေသန)<br>ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပညာရေးသုတေသန၊<br>စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| ( ခ ) | ဒေါက်တာ နေဝင်းဦး<br>ပါမောက္ခချုပ်<br>လားရှိုးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးအောင်ဆန်းဦး | ပါမောက္ခချုပ်<br>အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)<br>သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန |
| ( ခ ) | ဦးမြင့်ချို | ညွှန်ကြားရေးမှူးချုပ်<br>စားသုံးသူရေးရာဦးစီးဌာန<br>စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန |

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် ဇန်နဝါရီ ၁၇

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

## တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

နေပြည်တော် ဇန်နဝါရီ ၁၇

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါ အခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂နှစ်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၆ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်းရှိ မြို့နယ်ရှစ်မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၂၆၈ ဦး၊ ရှမ်းပြည်နယ်အရှေ့ပိုင်းအတွင်းရှိ မြို့နယ်သုံးမြို့နယ်တို့၌ ဒေသခံပြည်သူ ၁၆၀၀၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၃ မြို့နယ်တို့၌ ဒေသခံပြည်သူ ၄၆၅၄ ဦး၊ တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်၌ ဒေသခံပြည်သူ ၅၂၀၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်သုံးမြို့နယ်တို့၌ ဒေသခံပြည်သူ ၂၂၃၃ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၈၉၁၃ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၁ မြို့နယ်တို့၌ ဒေသခံပြည်သူ ၈၉၄၉ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၈၈၂၄ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခဲ့သည်။

ထို့အတူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၅၆၄ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ **သတင်းစဉ်**

❖ သင်ကြားရေးနှင့်ပတ်သက်၍ တက္ကသိုလ်ပညာရေးသည် အလွတ်ကျက်သည့် ပညာရေးမဟုတ်ဘဲ လေ့လာခြင်း၊ တွေးခေါ်ခြင်းများဖြင့် ဆောင်ရွက်ရခြင်းဖြစ်၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာများ အပြန်အလှန်ဆွေးနွေးပေးခြင်းဖြင့် ကျောင်းသား၊ ကျောင်းသူများ၏ တွေးခေါ်မှုကို မြှင့်တင်ပေးနိုင်မည်၊ ဆရာ၊ ဆရာမများအနေဖြင့်လည်း သင်ကြားမှုကဏ္ဍတိုးတက်စေရန်အတွက် အမြဲမပြတ်လေ့လာနေရန်လို

❖ မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်မှုသည် အိမ်နီးချင်းနိုင်ငံများနှင့် အာဆီယံနိုင်ငံများတွင် အောက်ဆုံး၌ရှိနေ၊ ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံတိုးတက်ရေးအတွက် အမြဲမပြတ်ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့်လည်း အမြဲမပြတ် ကြိုးစားလေ့လာသင်ကြား၊ သင်ယူနေမည်ဆိုပါက ပညာရေးကဏ္ဍနှင့်ပတ်သက်၍ တိုးတက်မှုများရရှိမည်

❖ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာများ တိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိ

❐ *ရွှေဖုံးမှ*

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ပညာရေးကို အလေးထားဆောင်ရွက်

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က မိမိအနေဖြင့် ပညာရေးကိုအလေးထားပြီး မိမိတို့နိုင်ငံ၏ ပညာရေးကိုတိုးတက်စေလိုကြောင်း၊ ပညာရေးကဏ္ဍသည် နိုင်ငံတစ်ခုတိုးတက်ရေးအတွက် အရေးကြီးကြောင်း၊ ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများအားလုံးတွင် ပညာရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဟု သတ်မှတ်ခံထားရကြောင်း၊ မိမိတို့နိုင်ငံတွင် ကိုလိုနီနယ်ချဲ့များမှ အုပ်ချုပ်ခဲ့သည့်အချိန်ကာလတွင် ပညာရေးနိမ့်ကျခဲ့ရပြီး လွတ်လပ်ရေးရရှိချိန်တွင်လည်း ပြည်တွင်းသောင်းကျန်းမှုများကြောင့် ပညာသင်ကြားရေးအတွက် အခက်အခဲများဖြစ်ပေါ်ခဲ့သဖြင့် ပညာရေးနိမ့်ကျမှုများ ထပ်မံဖြစ်ပေါ်ခဲ့ကြောင်း၊ ပြည်နယ်များနှင့် တိုင်းရင်းသားဒေသများတွင် ဘာသာစကားအခက်အခဲများနှင့် အခြားသောသွားလာရေး အခက်အခဲများကြောင့် ကျေးလက်ပညာရေးသည် အားနည်းခဲ့ရကြောင်း၊ အစိုးရအဆက်ဆက် တာဝန်ယူဆောင်ရွက်ခဲ့ချိန်များတွင်လည်း ဆရာ၊ ဆရာမများ မပြည့်စုံမှုနှင့် အခြားသော အကြောင်းအမျိုးမျိုးကြောင့် ပညာရေးအားနည်းခဲ့မှုများရှိခဲ့ကြောင်း။

### နှစ် ၃၀ အမျိုးသားပညာရေးစီမံကိန်း

ဆိုရှယ်လစ်ခေတ်ပညာသင်ကြားရေးစနစ်တွင် အားနည်းချက်နှင့် အားသာချက်များရှိခဲ့ပြီး အဓိကအားဖြင့် အင်္ဂလိပ်စာသင်ကြားမှုများတွင် အားနည်းခဲ့သဖြင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် အဆင့်မြင့်ပညာများ သင်ကြားရန်အတွက် အခက်အခဲများဖြစ်ပေါ်ခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ် အရေးအခင်းကာလနောက်ပိုင်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ တာဝန်ယူချိန်တွင် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းများအား သုံးနှစ်ခန့် ပိတ်ထားခဲ့ရကြောင်း၊ ကျောင်းများပြန်လည်ဖွင့်လှစ်ချိန်တွင် ပညာသင်ကြားမှုများအား အခြေခံပညာစနစ်နှင့် အဆင့်မြင့်ပညာစနစ်များ အမှန်တကယ်တတ်မြောက်ရေးထက် အတန်းတက်ရေးကိုသာ ဦးစားပေးဆောင်ရွက်ခဲ့သည့်အတွက် အခြေခံပညာတွင် အားနည်းခဲ့သကဲ့သို့ အဆင့်မြင့်ပညာသင်ကြားမှုများလည်း အားနည်းခဲ့သည်ကို တွေ့ရှိရကြောင်း၊ ပညာရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုအခါ နှစ် ၃၀ အမျိုးသားပညာရေးစီမံကိန်းဖြင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

### ကြိုးပမ်းဆောင်ရွက်လျက်ရှိ

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်များပေါ်များရန်လိုအပ်သဖြင့် ပညာတတ်များပေါ်များစေရေး ပညာရေးကဏ္ဍမှ တာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်ပေးရန်လိုကြောင်း၊ မိမိတို့နိုင်ငံ လူဦးရေ ၅၅ သန်းတွင် ၃ သန်းခန့်သာ ဘွဲ့ရရှိသည်ကို တွေ့ရှိရသဖြင့် လူဦးရေ၏ ၁၀ ရာခိုင်နှုန်းအောက်သာ အဆင့်မြင့်ပညာကို သင်ကြားနိုင်သည်ကို တွေ့ရှိရကြောင်း၊ အလားတူ လူဦးရေ ၁၈ သန်းကျော်ခန့်သည် အခြေခံပညာသင်ကြားမှုတွင်လည်း မူလတန်းနှင့် အလယ်တန်းအဆင့်တွင်သာ သင်ကြားနိုင်ခဲ့သည်ကို တွေ့ရကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးသည် အရေးကြီးသည့်အတွက် မိမိတာဝန်ယူချိန်ကာလအတွင်း ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

### ကြိုတင်စဉ်းစားဆောင်ရွက်

တက္ကသိုလ်များသည် အသိပညာနှင့် အတတ်ပညာများကို တွေးတောကြံစည်နိုင်ရန်နှင့် လေ့လာသင်ကြားပေးသည့် ကျောင်းများဖြစ်ကြောင်း၊ ထို့ကြောင့် တက္ကသိုလ်ကျောင်းများသည် အဆင့်တစ်ခုရှိရန်လိုကြောင်း၊ တက္ကသိုလ်များ၏ ဥပဓိရုပ်နှင့် ကျောင်းများ၏မြင်ကွင်းများကောင်းရန်၊ လူသွားလမ်းများကောင်းရန်နှင့် သာယာလှပသည့် ပတ်ဝန်းကျင်ကောင်းများဖြစ်စေရေး ဖန်တီးပေးရန်လိုကြောင်း၊ အလားတူ အဆောက်အဦများနှင့် ကျောင်းပရိဝုဏ်များ ကောင်းမွန်စေရေး ကြိုတင်စဉ်းစားဆောင်ရွက်၍ တည်ဆောက်ရန်လိုကြောင်း၊ ကျောင်းသားများ သင်ယူရာတွင် အခက်အခဲမရှိစေရေးနှင့် သင်ကြားမှုများ ထိရောက်စေရေးအတွက် စာသင်ခန်းများနှင့် လက်တွေ့ခန်းများ စနစ်တကျရှိရန်လိုကြောင်း၊ သင်ကြားပေးသည့် ဆရာ၊ ဆရာမများ၏ သင်ကြားမှုအတတ်ပညာသည်လည်း အရေးကြီးသဖြင့် မိမိတို့ကိုယ်တိုင် စာပေပညာ တတ်ကျွမ်းရုံသာမက ကျောင်းသား၊ ကျောင်းသူများ နားလည်စေရေး သင်ကြားပေးနိုင်ရန်လိုကြောင်း။

### ပတ်ဝန်းကျင်ကောင်းများ ဖန်တီး

ကျောင်းသား၊ ကျောင်းသူများ အားကစားပြုလုပ်နိုင်စေရန်အတွက် အားကစားကွင်းများနှင့် အားကစားရုံများအား စနစ်တကျဖြင့် တည်ဆောက်ပေးထားရန်လိုကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့် ကျောင်းသား၊ ကျောင်းသူများကို အလေ့အကျင့်ကောင်းများ၊ စိတ်ဓာတ်ကောင်းများ၊ အတတ်ပညာကောင်းများနှင့် တွေးတောကြံဆမှုများရှိစေရန် လေ့ကျင့်သင်ကြားပေးရန်လိုကြောင်း၊ တက္ကသိုလ်ပညာသင်ကြားနေစဉ်အတွင်း စာပေပညာသင်ကြားခြင်းကိုသာမက ဘဝအတွက် အတွေ့အကြုံများရရှိရေးအတွက်လည်း လေ့ကျင့်ဆောင်ရွက်ပေးရန်လိုသဖြင့် ပတ်ဝန်းကျင်ကောင်းများ ဖန်တီး၍ ကျောင်းသား၊ ကျောင်းသူများ အမြင်ကျယ်လာစေရေး ဖန်တီးဆောင်ရွက်ပေးရန်လိုကြောင်း။

### အပြန်အလှန် ဆွေးနွေးပေး

သင်ကြားရေးနှင့်ပတ်သက်၍ တက္ကသိုလ်ပညာရေးသည် အလွတ်ကျက်သည့် ပညာရေးမဟုတ်ဘဲ လေ့လာခြင်း၊ တွေးခေါ်ခြင်းများဖြင့် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာများ အပြန်အလှန် ဆွေးနွေးပေးခြင်းဖြင့် ကျောင်းသား၊ ကျောင်းသူများ၏ တွေးခေါ်မှုကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့်လည်း သင်ကြားမှုကဏ္ဍတိုးတက်စေရန်အတွက် အမြဲမပြတ်လေ့လာနေရန်လိုကြောင်း၊ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုသည် အိမ်နီးချင်းနိုင်ငံများနှင့် အာဆီယံနိုင်ငံများတွင် အောက်ဆုံး၌ရှိနေကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံတိုးတက်ရေးအတွက် အမြဲမပြတ် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့်လည်း အမြဲမပြတ် ကြိုးစားလေ့လာသင်ကြား၊ သင်ယူနေမည်ဆိုပါက ပညာရေးကဏ္ဍနှင့်ပတ်သက်၍ တိုးတက်မှုများရရှိမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာများ တိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

### အလုပ်ကို အချိန်ပေး၍စူးစိုက်

လေ့လာမှုနှင့် ပတ်သက်၍ ယနေ့ခေတ်သည် သတင်းနှင့်နည်းပညာခေတ်ဖြစ်သဖြင့် အင်တာနက်မှတစ်ဆင့် များစွာလေ့လာသင်ယူနိုင်ကြောင်း၊ လေ့လာမှုများ ဆောင်ရွက်ရာတွင်လည်း ထဲထဲဝင်ဝင်၊ ထိထိရောက်ရောက် လေ့လာနိုင်ရန်လိုကြောင်း၊ မိမိကိုယ်တိုင် တန်ဖိုးရှိရန်အတွက် မိမိတို့အလုပ်ကို အလေးထားရန်နှင့် မိမိတို့ တတ်ကျွမ်းသည့်ပညာရပ်များကို အလေးထားရန်လိုကြောင်း၊ အလေးထားခြင်းနှင့် လေးစားခြင်း နှစ်မျိုးရှိကြောင်း၊ ငွေကိုအလေးထားသူများက ငွေနောက်ကိုလိုက်ကြပြီး ပညာအလေးထားသူများက ပညာနောက်ကိုလိုက်ကြကြောင်း၊ အလုပ်ကို အလေးထားပါက အလုပ်ကို အချိန်ပေး၍ စူးစိုက်ပြီး ဆောင်ရွက်ရကြောင်း၊

*စာမျက်နှာ ၄ သို့*

“တက္ကသိုလ်များသည် အသိပညာနှင့် အတတ်ပညာများကို တွေးတောကြံစည်နိုင်ရန်နှင့် လေ့လာသင်ကြားပေးသည့် ကျောင်းများဖြစ်ကြောင်း၊ ထို့ကြောင့် တက္ကသိုလ်ကျောင်းများသည် အဆင့်တစ်ခုရှိရန်လိုကြောင်း၊ တက္ကသိုလ်များ၏ ဥပဓိရုပ်နှင့် ကျောင်းများ၏မြင်ကွင်းများကောင်းရန်၊ လူသွားလမ်းများကောင်းရန်နှင့် သာယာလှပသည့် ပတ်ဝန်းကျင်ကောင်းများဖြစ်စေရေး ဖန်တီးပေးရန်လိုကြောင်း၊ အလားတူ အဆောက်အဦများနှင့် ကျောင်းပရိဝုဏ်များ ကောင်းမွန်စေရေး ကြိုတင်စဉ်းစားဆောင်ရွက်၍ တည်ဆောက်ရန်လိုကြောင်း၊ ကျောင်းသားများ သင်ယူရာတွင် အခက်အခဲမရှိစေရေးနှင့် သင်ကြားမှုများ ထိရောက်စေရေးအတွက် စာသင်ခန်းများနှင့် လက်တွေ့ခန်းများ စနစ်တကျရှိရန်လိုကြောင်း၊ သင်ကြားပေးသည့် ဆရာ၊ ဆရာမများ၏ သင်ကြားမှုအတတ်ပညာသည်လည်း အရေးကြီးသဖြင့် မိမိတို့ကိုယ်တိုင် စာပေပညာ တတ်ကျွမ်းရုံသာမက ကျောင်းသား၊ ကျောင်းသူများ နားလည်စေရေး သင်ကြားပေးနိုင်ရန်လို”

*စာမျက်နှာ ၃ မှ*

အလားတူ အချိန်ကိုလည်း လေးစားတန်ဖိုးထားရန်လိုကြောင်း၊ မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ ဆောင်ရွက်ချိန်တွင် အလုပ်ကိုအလေးထားခြင်း၊ အချိန်ကိုလေးစားခြင်းများဖြင့် သတ်မှတ်ချိန်အတွင်း လုပ်ငန်းတာဝန်များကို ကျေပွန်အောင်ဆောင်ရွက်နိုင်ပြီး တိုးတက်မှုများ ရရှိနိုင်မည်ဖြစ်ကြောင်း။

**ပညာရေး တိုးတက်လာမည်**

ပညာသင်ကြားရေးနှင့်ပတ်သက်၍ ကျောင်းသား၊ ကျောင်းသူများ ပညာရပ်များကို အမှန်တကယ်တတ်ကျွမ်းအောင် သင်ကြားပေးစေလိုကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ စာများများဖတ်ရှုလေ့လာစေရေး တိုက်တွန်းဆောင်ရွက်ပေးမည်ဆိုပါက ကျောင်းသား၊ ကျောင်းသူများ၏ ပညာရေး တိုးတက်လာမည်ဖြစ်ကြောင်း။

**မွမ်းမံသင်တန်းများ ဖွင့်လှစ်**

စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ဆရာ၊ ဆရာမများသည် ဝါသနာ၊ စေတနာ၊ အနစ်နာဖြင့် ပညာသင်ကြားပေးကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ဆရာ၊ ဆရာမများအား ပညာအရည်အချင်းအလိုက် ခံစားမှုများကို တိုးမြှင့်ပေးခဲ့ပြီး ဆက်လက်၍လည်း တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သင်ကြားရေးပိုင်းတွင် တာဝန်ရှိသူများကို သင်ကြားရေးပိုင်းတွင်သာ တာဝန်ပေးအပ်ရန်လိုပြီး အုပ်ချုပ်ရေးနှင့်ပတ်သက်၍ အုပ်ချုပ်ရေးတွင် တာဝန်ရှိသူများကိုသာ တာဝန်ပေးအပ်မည်ဆိုပါက အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများ အဆင်ပြေချောမွေ့မည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာကဏ္ဍအလိုက် ဆရာ၊ ဆရာမများကိုလည်း တိုးတက်ပြောင်းလဲနေသည့် သင်ခန်းစာအသစ်များကို လေ့လာနိုင်စေရေး မွမ်းမံသင်တန်းများ ဖွင့်လှစ်သင်ကြားပေးရန်လိုကြောင်း။

> ❖ လေ့လာမှုနှင့်ပတ်သက်၍ ယနေ့ခေတ်သည် သတင်းနှင့်နည်းပညာခေတ်ဖြစ်သဖြင့် အင်တာနက်မှတစ်ဆင့် များစွာလေ့လာသင်ယူနိုင်ကြောင်း၊ လေ့လာမှုများ ဆောင်ရွက်ရာတွင်လည်း ထဲထဲဝင်ဝင်၊ ထိထိရောက်ရောက် လေ့လာနိုင်ရန်လိုကြောင်း၊ မိမိ ကိုယ်တိုင် တန်ဖိုးရှိရန်အတွက် မိမိတို့အလုပ်ကို အလေးထားရန်နှင့် မိမိတို့တတ်ကျွမ်းသည့်ပညာရပ်များကို အလေးထားရန်လို

**မျှမျှတတသုံးစွဲနိုင်ရေး ဆောင်ရွက်**

ဘဏ္ဍာရေးသုံးစွဲမှုနှင့် ပတ်သက်၍ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများနှင့်အညီ သုံးစွဲနိုင်ရေး သတိပြုဆောင်ရွက်ကြရန်လိုကြောင်း၊ ငွေကြေးများသုံးစွဲရာတွင်လည်း မျှမျှတတသုံးစွဲနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ အုပ်ချုပ်မှုပိုင်းဆိုင်ရာများတွင်လည်း မျှတမှုရှိရန်နှင့် မည်သည့်လုပ်ငန်းများကို ဆောင်ရွက်သည်ဖြစ်စေ စေတနာထား၍ ဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်သည် ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# တောင်ငူခရိုင် ပန်းခင်းစီမံချက် လျာထားချက် ရာနှုန်းပြည့်ပြီးမြောက်

**တောင်ငူ ဇန်နဝါရီ ၁၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ကေတုမတီခန်းမ၌ ယနေ့နံနက်ပိုင်းတွင် တောင်ငူခရိုင်ပန်းခင်းစီမံချက်လျာထားချက် ရာနှုန်းပြည့်ပြီးမြောက်အောင်မြင်ပွဲ အခမ်းအနား ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တောင်ငူခရိုင်အတွင်း ပန်းခင်းစီမံချက် လျာထားချက် ရာနှုန်းပြည့်ပြီးမြောက်အောင်မြင်ခဲ့သည့်အတွက် တောင်ငူခရိုင်အုပ်ချုပ်ရေးမှူး၊ တောင်ငူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁)၊ အတွင်းရေးမှူး၊ တောင်ငူခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန ဦးစီးမှူးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်ပြီး ပန်းခင်းစီမံချက် ဆောင်ရွက်ခဲ့သည့် မှတ်တမ်းတင် ဓာတ်ပုံများကို လှည့်လည်ကြည့်ရှုသည်။



တောင်ငူခရိုင်ကို မြို့နယ် ခြောက်မြို့နယ်၊ ရပ်ကွက် ၈၆ ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၄၆ အုပ်စု၊ ကျေးရွာ ၁၃၀၃ ရွာဖြင့် ဖွဲ့စည်းထားရှိပြီး ပန်းခင်းစီမံချက်ဖြင့် လူဦးရေ ၃၃၆၄၅ ဦး ဆောင်ရွက် ပေးနိုင်ခဲ့ကြောင်း၊ ပဲခူးခရိုင်၌ ဇန်နဝါရီ၁၀ ရက်တွင်လည်းကောင်း၊ သာယာဝတီခရိုင်၌ ဇန်နဝါရီ ၁၃ ရက်တွင်လည်းကောင်း၊ ပြည်ခရိုင်၌ ဇန်နဝါရီ ၁၄ ရက်တွင်လည်းကောင်း ပန်းခင်းစီမံချက် လျာထားချက် ပြီးပြည့်အောင်မြင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် တောင်ငူမြို့ ကေတုရတနာခန်းမသို့ရောက်ရှိပြီး ခန်းမပြန်လည်အဆင့်မြှင့်နိုင်ရေးနှင့် တောင်ငူမြို့ အဆင့်မြင့် မိုးလုံလေလုံ အားကစားခန်းမ ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

**အချိန်အခါမဟုတ် မိုးရွာခြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းများ ဖြစ်ပေါ်နိုင်**

**နေပြည်တော် ဇန်နဝါရီ ၁၇**

ယနေ့ ညနေ ၄ နာရီခွဲ တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများတွေ့ဆုံမှုကြောင့်လည်းကောင်း ဇန်နဝါရီ ၂၀ ရက်မှ ၂၃ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**အကြံပြုချက်**

ပြည်သူများအနေဖြင့် အချိန်အခါမဟုတ် မိုးရွာခြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၇**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီး၌ လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ဇန်နဝါရီ ၁၆ ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား နှစ်ဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်းလေးဦး တို့ကိုလည်းကောင်း၊ ယနေ့တွင် ကရင်ပြည်နယ် မြဝတီမြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၇၂ ဦး၊ အမျိုးသမီး ၁၀ ဦး စုစုပေါင်း ၈၂ ဦးကို လည်းကောင်း လက်ခံခဲ့ကြသည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါစစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထား စာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## ဖွံ့ဖြိုးတိုးတက်မှုများ မလွဲမသွေ ရရှိခံစားနိုင်မည်

ကျွန်ုပ်တို့နိုင်ငံသည် တည်နေရာ၊ ရာသီဥတုကောင်းနှင့် ရေခံမြေခံကောင်းရှိသော နိုင်ငံတစ်ခုပင် ဖြစ်ပါသည်။ နိုင်ငံအတွင်းရှိ ရှိပြီးသား ၎င်းကဲ့သို့ သဘာဝအခြေခံကောင်းများကို လူသားအရင်းအမြစ်နှင့်ပေါင်းစပ်၍ စနစ်တကျ အကျိုးရှိစွာ အသုံးချနိုင်ရန် လိုအပ်ပါသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရအဖွဲ့သာမက ပြည်တွင်းရှိ နိုင်ငံရေးအင်အားစုများ၊ နိုင်ငံရေးပါတီများ၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများအားလုံး တက်ညီလက်ညီ ပူးပေါင်းပါဝင်၍ ပြည်တွင်းစီးပွားရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းတို့အား အားတက်သရော ဆောင်ရွက်နိုင်ပါလျှင် ဖွံ့ဖြိုးတိုးတက်မှုများ မလွဲမသွေ ရရှိခံစားနိုင်မည် ဖြစ်ပါသည်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၄-၁-၂၀၂၂ ရက်နေ့တွင် ပေးပို့သည့် (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)**

# ပထမအကြိမ် တရားလွှတ်တော်ရှေ့နေများကောင်စီ အစည်းအဝေး အမှတ်စဉ်-၁/၂၀၂၂ ကျင်းပ

## တရားလွှတ်တော်ရှေ့နေများကောင်စီအဖွဲ့ဝင်များအနေဖြင့် နိုင်ငံရေးကင်းရှင်းစွာ ပြည်သူ့အကျိုးကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးနိုင်မည်

**နေပြည်တော် ဇန်နဝါရီ ၁၇**

ယနေ့ နံနက်ပိုင်းက တရားလွှတ်တော်ရှေ့နေများကောင်စီ၏ ပထမအကြိမ် အစည်းအဝေး အမှတ်စဉ်-၁/၂၀၂၂ ကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း Cluster-1 တိုက်အမှတ် (၆) ရှိ တရားလွှတ်တော်ရှေ့နေများကောင်စီရုံးတွင် ကိုဗစ် - ၁၉ ကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ Social Distancing နှင့်အညီ ကျင်းပပြုလုပ်သည်။

**ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်**

အစည်းအဝေးတွင် ဥပဒေရေးရာဝန်ကြီးဌာန၊ တရားလွှတ်တော်ရှေ့နေများကောင်စီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက တရားလွှတ်တော်ရှေ့နေများကောင်စီ အဖွဲ့ဝင်များအနေဖြင့် နိုင်ငံရေးကင်းရှင်းစွာ ပြည်သူ့အကျိုးကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ တရားလွှတ်တော်ရှေ့နေများကောင်စီ၏ အဓိကလုပ်ငန်းစဉ်များတွင် တရားလွှတ်တော်ရှေ့နေများအပေါ်တိုင်ကြားသည့် တိုင်ကြားစာများကို ပြည်ထောင်စု တရားလွှတ်တော်ချုပ်မှ လိုအပ်သလို အရေးယူဆောင်ရွက်နိုင်စေရန် စိစစ်ပြီး လွှဲပြောင်းပေးသင့်သော တိုင်ကြားစာများကို လွှဲပြောင်းပေးကြောင်း၊ တရားလွှတ်တော်ရှေ့နေများ၏ ရှေ့နေကျင့်ဝတ်ဖောက်ဖျက်မှုနှင့် စပ်လျဉ်း၍ တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေပုဒ်မ ၁၀(၁) အရ ထိုက်သင့်သည့် အရေးယူမှုပြုလုပ်ရန် သင့်-မသင့်ပြည်ထောင်စု တရားလွှတ်တော်ချုပ်က သဘောထား တောင်းခံသည့် ကိစ္စရပ်များ၌ တရားလွှတ်တော် ရှေ့နေများကောင်စီဥက္ကဋ္ဌ ဦးဆောင်၍ မျက်နှာစုံညီ အစည်းအဝေးများ ကျင်းပပြုလုပ်ပြီး ရှေ့နေရှေ့ရပ်များ၏ ကျင့်ဝတ်သိက္ခာ၊ တာဝန်၊ အခွင့်အရေးများနှင့်အညီ ထိုက်သင့်သော ပြစ်ဒဏ်များ သဘောထားပြန်ကြားရကြောင်း၊ တရားလွှတ်တော်ရှေ့နေအဖြစ် စာရင်းတင်သွင်းခွင့်ပြုရန် လျှောက်ထားလာသော လျှောက်လွှာများကို တရားလွှတ်တော်ရှေ့နေများကောင်စီက ကန့်ကွက်ရန် ရှိ-မရှိပြည်ထောင်စု တရားလွှတ်တော်ချုပ်က သဘောထား တောင်းခံသည့် ကိစ္စကိုလည်း တရားလွှတ်တော်ရှေ့နေများကောင်စီ Enroll စိစစ်ရေးအဖွဲ့ ဖွဲ့စည်း၍ ဝင်ခွင့်နည်းဥပဒေနှင့်အညီ ကန့်ကွက်ရန်မရှိက မရှိကြောင်း သဘောထား ပြန်ကြားပေးခြင်း ပြုလုပ်ရကြောင်း။



**ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ပထမအကြိမ် တရားလွှတ်တော်ရှေ့နေများကောင်စီ အစည်းအဝေး အမှတ်စဉ်- ၁/၂၀၂၂ တွင် အမှာစကားပြောကြားစဉ်။**

**တိုင်ကြားစာများလွှဲပြောင်း**

ပြည်ထောင်စု ဝန်ကြီးဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများနှင့် ရန်ကုန် အဝေးသင်တက္ကသိုလ် ဥပဒေပညာဌာနမှ Online ဖြင့် ဖွင့်လှစ်သင်ကြားသော ဘွဲ့လွန် ဥပဒေပညာ ဒီပလိုမာသင်တန်း (Post Graduate Diploma in Law) အောင်မြင်သူများက တရားလွှတ်တော်ရှေ့နေအဖြစ် စာရင်းတင်သွင်းခွင့်ပြုရန် လျှောက်ထားမှုများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ကောင်စီကို သဘောထား တောင်းခံသည့် ကိစ္စများတွင် တရားလွှတ်တော်ရှေ့နေ ဝင်ခွင့်အချက်များနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ စိစစ်လေ့လာပြီး ဝင်ခွင့်နည်းဥပဒေများနှင့်အညီ ကန့်ကွက်ရန်မရှိက ကန့်ကွက်ရန် မရှိကြောင်းသဘောထားပြန်ကြား ဆောင်ရွက်ပေးကြောင်း၊ ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရအဖွဲ့ အစည်းများက လွှဲပြောင်းပေးပို့လာသောတရားလွှတ်တော်ရှေ့နေများအပေါ် တိုင်ကြားလာသော တိုင်ကြားစာများနှင့် စပ်လျဉ်းပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နိုင်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို တိုင်ကြားစာများလွှဲပြောင်းပေးရန် အတည်ပြုပေးရကြောင်း ပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ဥပဒေရေးရာဝန်ကြီးဌာန တရားလွှတ်တော်ရှေ့နေများကောင်စီ ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့်၊ တရားလွှတ်တော်ရှေ့နေများကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဦးစန်းလွင်၊ တရားလွှတ်တော်ရှေ့နေများ ဖြစ်ကြသော ဦးမြသိန်း၊ ဒေါ်ခင်နုသာ၊ ဦးလှဟန်၊ ဦးစိုးမြင့်၊ ဦးစိုးသိန်း၊ ဦးဝင်းဖေ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားစီရင်ရေး ကြီးကြပ်မှုရုံး၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်တင်နွယ်စိုးနှင့် ကောင်စီအတွင်းရေးမှူး ဥပဒေရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီသီမြင့်တို့ တက်ရောက်ကြောင်း သိရသည်။ **သတင်းစဉ်**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဇန်နဝါရီ ၁၇**

ထူးခြားသည့်ညအပူချိန်များမှာ ဟားခါးမြို့တွင် ၀ ဒီဂရီစင်တီဂရိတ်နှင့် တီးတိန်မြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ လှိုင်းဘွဲ့မြို့တွင် ၀ ဒသမ ၆၅ လက်မ၊ မိုးညှင်းမြို့တွင် ၀ ဒသမ ၄၃ လက်မ၊ လပွတ္တာမြို့တွင် ၀ ဒသမ ၃၂ လက်မ၊ ဘားအံ(စိုက်ပျိုးရေး မိုးလေဝသ)တွင် ၀ ဒသမ ၂၈ လက်မနှင့် မြစ်ကြီးနားမြို့နှင့် ကျောက်မဲမြို့တို့တွင် ၀ ဒသမ ၁၂ လက်မစီတို့ ဖြစ်ကြသည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

❍ ကျောဖုံးမှ

ဦးဝဏ္ဏမောင်လွင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ စီပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းနှင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ ကိုဗစ်–၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီအတွင်းရေးမှူးရုံးအဖွဲ့ခေါင်းဆောင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ခွန်သန့်ဇော်ထူး၊ ကုန်စည်ကူးသန်းရေးတွင် ကိုဗစ်–၁၉ ရောဂါ ပြန့်ပွားမှုထိန်းချုပ်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်တို့ တက်ရောက်ကြပြီး ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ရှမ်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးတို့က ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

ဦးစွာ ကိုဗစ် – ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် ကိုဗစ် – ၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးသည် မြန်မာ – တရုတ် နယ်စပ်ကုန်စည် ကူးသန်းရောင်းဝယ်ရေးကို အကျိုးသက်ရောက်မှုရှိနေကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အနေဖြင့် မိမိတို့နိုင်ငံအပေါ် ကိုဗစ် – ၁၉ ရောဂါထိန်းချုပ်ရေး၌ အကူအညီပေးထားသည်များ ရှိသကဲ့သို့ ဆက်လက်အကူအညီပေးလိုသည့် ကိစ္စရပ်များလည်း ရှိကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၏ မူဝါဒ၊ ဥပဒေ၊ လုပ်ထုံး လုပ်နည်းများ၊ ကိုဗစ် – ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာ ဝန်ကြီးဌာနများသို့ အကြောင်းကြား အသိပေးထားရှိပြီးဖြစ်ကြောင်း။

## ❋ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးသည် မြန်မာ – တရုတ် နယ်စပ်ကုန်စည်ကူးသန်းရောင်းဝယ်ရေးကို အကျိုးသက်ရောက်မှုရှိနေကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မိမိတို့နိုင်ငံအပေါ် ကိုဗစ် – ၁၉ ရောဂါ ထိန်းချုပ်ရေး၌ အကူအညီပေးထားသည်များ ရှိသကဲ့သို့ ဆက်လက်အကူအညီပေးလိုသည့် ကိစ္စရပ်များလည်းရှိ

## ❋ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ ထိန်းချုပ်မှုများကို အပြည့်အဝပူးပေါင်း ဆောင်ရွက်သွားရမည်ဖြစ်

ကိုဗစ် – ၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးနှင့် စပ်လျဉ်း၍ နှစ်နိုင်ငံကုန်စည် ကူးသန်းရောင်းဝယ်မှုဆိုင်ရာ ကိစ္စရပ်များတွင် အဟန့်အတားရှိနေသည်ကို သိရှိရကြောင်း၊ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ ထိန်းချုပ်မှုများကို အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် ကိုဗစ် –၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး ဆောင်ရွက်နိုင်သကဲ့သို့ နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်သည့် မလိုလားအပ်သော ဆိုးကျိုးများလည်း လျော့နည်းသွား စေနိုင်မည်ဖြစ်ကြောင်း။

**ရှင်းလင်းဆွေးနွေး**

ထို့ကြောင့် မြန်မာ – တရုတ် နှစ်နိုင်ငံကုန်သွယ်ရေးတွင် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်ရေး၊ အရေးပေါ်တုံ့ပြန်ရေးတို့နှင့် စပ်လျဉ်း၍ ကိုဗစ်–၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးအဖွဲ့များနှင့် သက်ဆိုင်ရာအဖွဲ့များ၏ ကိုဗစ်–၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေး ဆောင်ရွက်နေမှုများ၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကိုဗစ်–၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အတွင်းရေးမှူးရုံးအဖွဲ့ခေါင်းဆောင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် စိုးတင့်နိုင်က မြန်မာ–တရုတ် နှစ်နိုင်ငံနယ်စပ်ဒေသ ကုန်သွယ်မှု လုပ်ငန်းများနှင့် ဆက်စပ်ပြီး ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် ပတ်သက်၍ နှစ်နိုင်ငံ ညှိနှိုင်းဆွေးနွေးထားချက်များ၊ လိုလားချက်များကို Power point ဖြင့် ရှင်းလင်း ဆွေးနွေးတင်ပြသည်။

**နိဂုံးချုပ်အမှာစကားပြောကြား**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ဒေါက်တာပွင့်ဆန်းနှင့် ဦးခင်ရီ၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ဒုတိယဝန်ကြီး ဦးညွန့်အောင်တို့က သက်ဆိုင်ရာ ကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် ကိုဗစ်–၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်က ဆွေးနွေးချက်၊ ညှိနှိုင်းချက်နှင့် လိုလားချက်အပေါ် တစ်ချက်ခြင်းအလိုက် ဆောင်ရွက်သင့်သည့်၊ ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဖြည့်စွက်ဆွေးနွေးလျက် နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

# (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနား ကျင်းပရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၇**

(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားကျင်းပရေး ကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၃/၂၀၂၂)ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ဂုဏ်ပြုအခမ်းအနား ကျင်းပရေး ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်၊ ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် စိုးတင့်နိုင်၊ ဦးထွန်းအုံ၊ ဦးအောင်ကျော်ထွန်း၊ ဦးဇော်ဝင်း၊



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း (၇၅)နှစ်မြောက်စိန်ရတု ပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားကျင်းပရေး ကော်မတီလုပ်ငန်းညှိနှိုင်း အစည်းအဝေး၌ အမှာစကား ပြောကြားစဉ်။

ဒေါက်တာအေးထွန်း၊ ဦးမင်းထိန်၊ ဦးဇော်အေးမောင်၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီ ဒုတိယမြို့တော်ဝန်ဦးမောင်မောင်၊ ရန်ကုန် တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် ကောင်စီဝင် ဦးမြင့်စိုး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**လေးလေးနက်နက်ဆောင်ရွက်**

ဦးစွာ ဂုဏ်ပြုအခမ်းအနားကျင်းပရေး ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားအပါအဝင် ယခုကာလတွင် ဆောင်ရွက်မည့် ဆောင်ရွက်ချက်များသည် နိုင်ငံ၏ ပုံရိပ်ဖြစ်သည့်အတွက် သာမန်လုပ်ငန်းများထက် ပိုမိုလေးလေးနက်နက်ဆောင်ရွက်ကြစေလိုပါကြောင်း၊ ကိုဗစ် – ၁၉ ကာကွယ်ထိန်းချုပ်ရေး ဆိုင်ရာများ၊ အချိန်အခါမဟုတ် မိုးရွာသွန်းခြင်း အပါအဝင် ဖြစ်ပေါ်လာနိုင်သည့် ကိစ္စရပ်များအားလုံးကို ကြိုတင်မျှော်တွေး ပြင်ဆင်ဆောင်ရွက်ထားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးရဲတင့်က အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်နေသည့် အခြေအနေ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းရပ်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဝန်ကြီးများ၊ တာဝန်ရှိသူများက ဂုဏ်ပြုအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေး တင်ပြချက်များအပေါ် ဂုဏ်ပြုအခမ်းအနား ကျင်းပရေး ကော်မတီဥက္ကဋ္ဌက ဖြည့်စွက် ဆွေးနွေးမှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

## နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

**နေပြည်တော် ဇန်နဝါရီ ၁၇**

ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

# SARS-CoV-2 Variant Omicron (အိုမီခရွန်) ရောဂါပိုး ထပ်မံတွေ့ရှိရမှုနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ခြင်း

(၁၇-၁-၂၀၂၂) ရက်နေ့

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် "ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းရောဂါပိုး စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်း" များကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသို့ ပြည်ပနိုင်ငံများမှ ကယ်ဆယ်ရေးလေယာဉ် (Relief Flight) များဖြင့် ပြန်လည်ဝင်ရောက်လာသူများတွင် SARS-CoV-2 Variant Omicron (အိုမီခရွန်) ရောဂါပိုးတွေ့ရှိမှုများနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးလျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်လျက်ရှိရာ ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာ၍ ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိသူများ၏ ဓာတ်ခွဲနမူနာများအနက် ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်းရောဂါပိုး တွေ့ရှိနိုင်သည့် သံသယဖြစ်ဖွယ် ဓာတ်ခွဲနမူနာများအား ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇစစ်ဆေးခြင်းကို အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန၌ (၁၇-၁-၂၀၂၂) ရက်နေ့တွင် ဆောင်ရွက်ခဲ့ရာ SARS-CoV-2 Variant Omicron (အိုမီခရွန်) ရောဂါပိုးကို ဓာတ်ခွဲနမူနာ (၄၂) ခုတွင် အတည်ပြု တွေ့ရှိခဲ့ရပါသည်။

၃။ အဆိုပါ အိုမီခရွန်ရောဂါပိုးတွေ့ရှိသူ မြန်မာနိုင်ငံသား (၃၆) ဦးနှင့် နိုင်ငံခြားသား (၆) ဦးမှာ Relief Flight များဖြင့် ဝင်ရောက်လာသူများဖြစ်ပြီး အိန္ဒိယနိုင်ငံမှ (၂၁) ဦး၊ မလေးရှားနိုင်ငံမှ (၁၂) ဦး၊ ဖိလစ်ပိုင်နိုင်ငံမှ (၄) ဦး၊ ထိုင်းနိုင်ငံမှ (၃) ဦး၊ ယူအေအီးနိုင်ငံမှ (၁)ဦးနှင့် စင်ကာပူနိုင်ငံမှ (၁) ဦးတို့ ဖြစ်ပါသည်။

၄။ အိုမီခရွန်ရောဂါပိုးတွေ့ရှိသူများအား သီးသန့်ထားရှိကာ ကုသစောင့်ရှောက်မှုများ ဆောင်ရွက်လျက်ရှိပြီး ၎င်းတို့နှင့် လေကြောင်းခရီးစဉ်တွင် အတူလိုက်ပါလာသည့် ခရီးသည်များနှင့် အနီးကပ်ထိတွေ့သူများအားလည်း အသွားအလာကန့်သတ်ခြင်း (Strict Quarantine) နှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုများအား အထူးအားဖြည့် ဆောင်ရွက်လျက်ရှိပါသည်။

၅။ သို့ဖြစ်ပါ၍ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းရောဂါပိုး စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်များနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းလုပ်ငန်းများအား ပိုမိုအရှိန်မြှင့် ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# တက္ကသိုလ်အလိုက် စာကြည့်တိုက်များကို အဆင့်မြှင့်တင်ပြီး ပြည့်စုံအောင် ဖြည့်ဆည်းပေးမည့်အပြင် သင်ကြားရေးအထောက်အကူပြုပစ္စည်းများကိုလည်း ဖြည့်ဆည်းပေးမည်

**နေပြည်တော် ဇန်နဝါရီ ၁၇**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာကဏ္ဍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပထမနေ့ ဒုတိယပိုင်း အစီအစဉ်ကို ယနေ့နံနက်ပိုင်းတွင် ပညာရေးဝန်ကြီးဌာန၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ တက်ရောက်ကြသည်။ (ယာပုံ)



### ပညာရေးဖွံ့ဖြိုးတိုးတက်ရေး

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်ပါမောက္ခချုပ်များအနေဖြင့် အစည်းအဝေးတွင် မိမိတို့တက္ကသိုလ်အလိုက် ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး၊ သင်ကြား သင်ယူမှုကောင်းမွန်ရေးနှင့် အဆင့်မြင့်ပညာရေး အရည်အသွေး တိုးတက်မြင့်မားရေးအတွက် ဆွေးနွေးကြမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အကြီးအကဲအနေဖြင့် ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးမြှင့်တင် ဆောင်ရွက်ပေးနေချိန်တွင် မိမိတို့တက္ကသိုလ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားထုတ်ကြိုးစား ဆောင်ရွက်ကြစေလိုပါကြောင်း၊ အမှန်တကယ် လိုအပ်ချက်များရှိပါက ဖြည့်ဆည်းပေးနိုင်ရေးအတွက် ဆွေးနွေးတင်ပြကြစေလိုပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုလျှင် Ph.D သင်တန်းဖွင့်လှစ်နိုင်သောတက္ကသိုလ် အနည်းဆုံးတစ်ခုရှိရေးကိုလည်း ထည့်သွင်းဆွေးနွေးကြစေလိုပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် တက္ကသိုလ်အလိုက် စာကြည့်တိုက်များကို အဆင့်မြှင့်တင်ပြီး ပြည့်စုံအောင် ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်သကဲ့သို့ သင်ကြားရေးအထောက်အကူပြုပစ္စည်းများကိုလည်း ဖြည့်ဆည်းပေးမည်ဖြစ်ပါကြောင်း။

### ထိရောက်စွာ အသုံးပြု

တက္ကသိုလ်ပရိဝုဏ်များအတွင်း အင်တာနက်၊ ဝိုင်ဖိုင်စနစ်များ လွှမ်းခြုံနိုင်ရေး ဖြည့်ဆည်းပေးမည်ဖြစ်ပါကြောင်း၊ အမှန်တကယ် လိုအပ်ချက်ရှိသော ကျောင်းဆောင်များ ပြင်ဆင်နိုင်ရေး၊ ကျောင်းဆောင်အသစ်ရရှိရေး၊ ကျောင်းသား ကျောင်းသူ အိပ်ဆောင်များ ဖြည့်ဆည်းပေးနိုင်ရေးကို ဆွေးနွေးကြစေလိုပါကြောင်း၊ လိုအပ်သည့် ရေ၊ မီးစနစ်၊ မီးသတ်စနစ်များကို ထည့်သွင်းဖြည့်ဆည်း ဆောင်ရွက်စေလိုပါကြောင်း၊ တက္ကသိုလ် အားကစားရုံ၊ အားကစားကွင်းများ တည်ဆောက်ရာတွင် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ စနစ်တကျ တည်ဆောက်နိုင်ရေး တွက်ချက် ဆောင်ရွက်ကြစေလိုပါကြောင်း၊ ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်များကိုယ်တိုင် စာသင်ခန်းများအထိ ကွင်းဆင်း၍ ကျောင်းသား ကျောင်းသူများ၏ ပညာအရည်အသွေးတိုးတက်ရေး၊ အမှန်တကယ် တတ်မြောက်ရေးအတွက် ကြီးကြပ်ဆောင်ရွက်ကြစေလိုပါကြောင်း၊ ဓာတ်ခွဲခန်းသုံးစက်ပစ္စည်းဝယ်ယူရေး ဆောင်ရွက်ရာတွင် နားလည်တတ်ကျွမ်းသော ပါမောက္ခများ ပါဝင်ဆောင်ရွက်ကြစေလိုပါကြောင်း၊ အကျိုးရှိပြီး အမှန်တကယ်လိုအပ်သော၊ ထိရောက်စွာ အသုံးပြုနိုင်မည့် စက်ပစ္စည်းများကိုသာ မှာယူရန်နှင့် တက္ကသိုလ်တိုင်းတွင် တူညီသော စက်ပစ္စည်းများရှိရန်လိုပါကြောင်း၊ ဆရာကြီး ဆရာမကြီးများအနေဖြင့် ယနေ့အစည်းအဝေးတွင် အဆင့်မြင့်ပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်း ဆွေးနွေးကြစေလိုပါကြောင်း ပြောကြားသည်။

### ခေတ်မီသင်ရိုးညွှန်းတမ်းများသို့ဦးတည်

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က အဆင့်မြင့် ပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာအဆင့်မီ၊ ခေတ်မီသင်ရိုး ညွှန်းတမ်းများသို့ ဦးတည်ရေးဆွဲသင်ကြားနိုင်ရေး ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဝင်းထွန်းတို့က တက္ကသိုလ်များဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရမည့်အချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယနေ့ကျင်းပသည့် အဆင့်မြင့်ပညာကဏ္ဍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၉ ရက်အထိ ၃ ရက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီး သဖန်းစံပြမွေးမြူရေးခြံဝင်းအတွင်း ပြန်လည်ပြုပြင်နေသည့် စံပြကန် အမှတ်(၁) နှင့် အမှတ်(၂) တို့ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးသည် ဇန်နဝါရီ ၁၅ ရက်က မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် သဖန်းစံပြမွေးမြူရေးခြံအတွင်း ပြန်လည်ပြုပြင်နေသည့် စံပြကန် အမှတ်(၁)နှင့် အမှတ်(၂) တို့ကို ကြည့်ရှုစစ်ဆေးပြီး ရေအလေအလွင့်မရှိ အသုံးပြုနိုင်ရေး၊ ကန်နှင့် ရေပေးဝေရေး အဆောက်အအုံများ ရေရှည်အကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် စနစ်တကျ စီမံဆောင်ရွက် ရန်လိုအပ်ချက်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ယခု ပြုပြင်လျက်ရှိသည့် ရေလှောင်ကန်များမှာ နှစ်ပေါင်း (၇၀)ခန့်သက်တမ်းရှိ မြေသားကန်များဖြစ်ကြောင်း၊ သဲနုန်းပို့ချမှုကြောင့် တိမ်ကောလာသဖြင့် ဆည်မြောင်းနှင့်ရေ အသုံးချမှုစီမံခန့် ခွဲရေးဦးစီးဌာနက ပြုပြင်မွမ်းမံမှုလုပ်ငန်းများဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အဆိုပါကန်များ ပြုပြင်မွမ်းမံပြီးပါက အမှတ်(၁) ရေလှောင်ကန်မှ စိုက်မြေဧရိယာ ဧက ၇၀ နှင့် အမှတ်(၂) ကန်မှ စိုက်မြေဧရိယာ ၃၉ ဧက စုစုပေါင်း ၁၀၉ ဧက ကို စိုက်ပျိုးရေ ပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မွေးမြူရေး အသုံးချသုတေသနနှင့် မျိုးထိန်း၊ မျိုးပွားခြံ (သဖန်းခြံ) တွင် ဆောင်ရွက်လျက်ရှိသည့် ဒေသဆိတ်မျိုးရင်း ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ အသားတိုးနွားမျိုး ထိန်းခြင်း၊ မျိုးပွားခြင်းလုပ်ငန်းများ၊ မွေးမြူရေးဆိုင်ရာ အသုံးချသုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

အလားတူ ဝမ်းတွင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ ရွှေတောင်ဝါသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ၊ ကျောက်ဆည်မြို့နယ် လွန်ကျော် ဝါသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံများသို့ ရောက်ရှိပြီး ငွေချည်-၆၊ ရွှေတောင်-၈၊ ငွေချည်-၉၊ ရွှေတောင်-၁၀ နှင့် ရွှေတောင်-၁၁ ချည်မျှင်ရှည်ဝါနှင့် ဝါမျိုးများ မျိုးသန့် မျိုးပွားလုပ်ငန်းများကိုလည်းကောင်း၊ ဝါသုတေသန လုပ်ငန်း အဆင့်ဆင့်ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။ **သတင်းစဉ်**



ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး မွေးမြူရေး အသုံးချသုတေသနနှင့် မျိုးထိန်း၊ မျိုးပွားခြံ(သဖန်းခြံ) တွင် ဒေသဆိတ်မျိုးရင်း ထိန်းသိမ်းခြင်းလုပ်ငန်းအား ကြည့်ရှုစစ်ဆေးစဉ်။

# လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို သိရှိနားလည်သဘောပေါက်၍ လုံခြုံရေး သတိ/လုံခြုံရေးအသိစိတ်ဓာတ်ရှိရန် များစွာလို

နေပြည်တော် ဇန်နဝါရီ ၁၇

**ဝန်ထမ်းများအားလုံး အေးချမ်းပျော်ရွှင်ပြီး လုံခြုံစိတ်ချစွာ လုပ်ငန်းတာဝန်များကို အပြည့်အဝ တာဝန်ထမ်းဆောင်နိုင်ရန်နှင့် လုံခြုံရေးဆိုင်ရာ နည်းစနစ်များ/နည်းဗျူဟာများကို နားလည်သိရှိပြီး စနစ်တကျ စီမံဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန "လုံခြုံရေးသင်တန်းအမှတ်စဉ် (၁/၂၀၂၂)" သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)ရှိ (Multipurpose Hall) ၌ ကျင်းပသည်။**



ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ လုံခြုံရေးသင်တန်းအမှတ်စဉ် (၁/၂၀၂၂) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**လိုက်နာသင်ယူကြ**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ဝန်ထမ်းများအနေဖြင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို သိရှိနားလည်သဘောပေါက်၍ လုံခြုံရေး သတိ/လုံခြုံရေးအသိ စိတ်ဓာတ်ရှိရန် များစွာလိုအပ်ပြီး မိမိတို့၏ရုံးဌာနတစ်ခုလုံး လုံခြုံစိတ်ချစွာ လုပ်ငန်းတာဝန်များ ထမ်းဆောင်နိုင်ရေးအတွက် လုံခြုံရေးဝန်ထမ်းများအပြင် ဝန်ထမ်းများအားလုံး လုံခြုံရေး သတိအမြဲရှိစေရန် လိုအပ်ကြောင်း၊ လုံခြုံရေးသည် အထူးအရေးကြီးသည့် အတွက် လုပ်ငန်းတာဝန်များ ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအားလုံး ဘေးကင်းလုံခြုံပြီး တိုင်းပြည်တာဝန်များ စိတ်အေးချမ်းသာစွာဖြင့် ဆောင်ရွက်လုပ်ကိုင်သွား နိုင်ရန်အတွက် လုံခြုံရေးဝန်ထမ်းများနှင့် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအားလုံး ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကျန်းမာရေးသည် အဓိကအရေးကြီးဆုံးဖြစ်သည့်အတွက် သင်တန်းသားများအားလုံး ကျန်းမာရေး အထူးဂရုစိုက်ကြရန် လိုအပ်ကြောင်း၊ ကိုယ်ခန္ဓာကျန်းမာမှ လုပ်ငန်းတာဝန်များကို အပြည့်အဝ ထမ်းဆောင်နိုင်မည် ဖြစ်သည့်အတွက် သွားလာနေထိုင်စားသောက်ရာတွင် သတိနှင့်အသိရှိကြရန်လိုအပ်ကြောင်း၊ သင်တန်းနည်းပြဆရာများမှ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးမည့် လုံခြုံရေးဆိုင်ရာ ဘာသာရပ်များ၊ သင်ခန်းစာများကို ကြိုးစားပြီး လေးလေးစားစား လိုက်နာသင်ယူကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

**၁၀ရက်ကြာ သင်ကြားပို့ချ**

အဆိုပါ "လုံခြုံရေးသင်တန်းအမှတ်စဉ် (၁/၂၀၂၂)" သင်တန်းကို မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သင်တန်းနည်းပြဆရာ နှစ်ဦးက အားကစားနှင့် ကာယပညာ ဦးစီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ (၂)၊ အားကစားကွင်း/ အားကစားရုံဌာနခွဲမှ လုံခြုံရေးဝန်ထမ်း စုစုပေါင်း ၂၉ ဦးတို့ကို ဇန်နဝါရီ ၁၇ရက်မှ ၂၇ ရက်အထိ သင်တန်းကာလ ၁၀ ရက်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ကချင်ပြည်နယ်အတွင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကျင်းပ

**မြစ်ကြီးနား ဇန်နဝါရီ ၁၇**

ကချင်ပြည်နယ်အတွင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းက ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ပြည်နယ်အတွင်း ဘေးအန္တရာယ်များနှင့် ပတ်သက်၍ ကြိုတင်ကာကွယ်ရေး၊ ကြိုတင်ပြင်ဆင်ရေးနှင့် ကူညီထောက်ပံ့ရေး ဆောင်ရွက်နေမှုအခြေအနေများကိုရှင်းလင်းပြောကြားသည်။




**ရှင်းလင်းပြောကြား**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် လူမှုဝန်ထမ်းလုပ်ငန်းများ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ လူသားချင်းစာနာမှုအကူအညီပေးရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**လိုအပ်ချက်များကိုတင်ပြ**

ယင်းနောက် ပြည်နယ်အဆင့်တာဝန်ရှိသူများက ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများနှင့် လိုအပ်ချက်များကို တင်ပြကြသည်။

မွန်းလွဲပိုင်းတွင် ဝိုင်းမော်မြို့နယ်ရှိ မိုင်းနားဖွံ့ဖြိုးရေးခြံ(KBC)တိုက်ပွဲရှောင်စခန်းနှင့် မိုင်းနား စိန့်ဂျိုးဇက်(RC) တိုက်ပွဲရှောင်စခန်းများသို့ ရောက်ရှိရာ ပြည်ထောင်စုဝန်ကြီးက လတ်တလောကာလအတွင်း လူစုလူဝေးဖြင့် စုစည်းနေထိုင်ကြသည့် ယာယီတိုက်ပွဲရှောင်နေရာများတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှု ထိန်းချုပ်နိုင်ရေးအတွက် ကာကွယ်ဆေးထိုးရန် လိုအပ်ပါကြောင်း၊ ယာယီနေရာများတွင် နေထိုင်ရသည့်အချိန် ကြာမြင့်လာမှုသည် ကလေးသူငယ်များ၏ အခွင့်အရေးများကို ဖော်ဆောင်ပေးရာတွင် စိန်ခေါ်မှုများ များပြားလာနိုင်ပါကြောင်း၊ နိုင်ငံတော်က စားနပ်ရိက္ခာ ထောက်ပံ့မှုများပေးနေသော်လည်း ရေရှည်တွင် အမှီအခိုကင်းကင်းဖြင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်လည်နေရာချထားရေး လုပ်ငန်းစဉ်များတွင် နိုင်ငံတော်က မူဝါဒများ၊ စီမံချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသကဲ့သို့ မိမိတို့ကိုယ်တိုင်ဆန္ဒဖြင့်လည်း ကြိုးပမ်းအားထုတ်ပူးပေါင်းပါဝင်ရန်လိုအပ်မည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် လိုအပ်ချက်များကို အတတ်နိုင်ဆုံး ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

**အားပေးစကားပြောကြား**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ပဋိပက္ခများကြောင့် ယာယီခိုလှုံရာနေရာများ ပေါ်ပေါက်လာခဲ့မှု အခြေအနေများနှင့် နေရပ်ပြန်နိုင်ရေး ဆောင်ရွက်ခဲ့မှု ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး အားပေးစကားပြောကြားသည်။

ဆက်လက်၍ စခန်းတာဝန်ခံများက လိုအပ်ချက်များကို တင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဖြည့်ဆည်းပေးနိုင်မည့် အခြေအနေများကို ညှိနှိုင်းဆွေးနွေးသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ညနေပိုင်းတွင် မြစ်ကြီးနားမြို့ မြို့သစ်ကြီးရပ်ကွက် အေးမြသာယာအဆင့်မြင့်ဈေး၏ Night Market ဖွင့်ပွဲကို တက်ရောက်ပြီး မဇ္ဈူသာကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများနှင့်အတူ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ Night Market အတွင်း လှည့်လည်ကြည့်ရှုသည်။

ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် ၂၀၂၁-၂၀၂၂ ခြောက်လ ဘတ်ဂျက်အတွက် ကချင်ပြည်နယ်အတွင်းရှိ အသက် (၈၅)နှစ်အထက် ဘိုးဘွားများအား လူမှုရေးပင်စင် ထောက်ပံ့ခြင်း၊ စေတနာ့ဝန်ထမ်း ပရဟိတဂေဟာများ၊ ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းများအား ထောက်ပံ့ခြင်းနှင့် ယာယီခိုလှုံရာနေရာမှ ပြန်လည်ပြောင်းရွှေ့သည့် တိုက်ပွဲရှောင်ပြည်သူများအတွက် ထောက်ပံ့ခြင်း အခမ်းအနားကို မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်မျိုးဦး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအဖွဲ့အစည်းများမှကိုယ်စားလှယ်များနှင့် အကျိုးခံစားခွင့်ရှိသူပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ကချင်ပြည်နယ်အတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများဖြစ်သော လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ ၁၂ ခု၊ မသန်စွမ်းဂေဟာ တစ်ခုနှင့် ဘိုးဘွားရိပ်သာ တစ်ခုတို့အတွက် ထောက်ပံ့ငွေကျပ် ၄၃၄၀၃၀၀၀၊ အသက် (၈၅)နှစ်နှင့်အထက် ဘိုးဘွား ၄၈၄၀ အတွက် လူမှုရေးပင်စင်ထောက်ပံ့ငွေကျပ် ၁၄၅၂၀၀၀၀၀၊ ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းများသို့ ထောက်ပံ့ငွေကျပ် ၁၅၉၁၀၀၀၀၀၊ ပူတာအိုမြို့ ဒုတ်ထာရပ်ကွက်နှင့် လုံးစွတ်ရပ်ကွက်ရှိ (IDP) စခန်းမှ ဇီဒမ်းကျေးရွာနှင့် ဒုတ်ထာရပ်ကွက်သို့ ပြန်လည်ပြောင်းရွှေ့ခဲ့သည့် အိမ်ထောင်စု ၈၈ စုအတွက် ပြောင်းရွှေ့စရိတ်၊ စားနပ်ရိက္ခာ တစ်လစာ ထောက်ပံ့ငွေကျပ် ၁၇၃၇၈၀၀၀၊ စုစုပေါင်း ထောက်ပံ့ငွေကျပ် ၂၂၁၈၉၁၀၀၀ တို့ကို ထောက်ပံ့ပေးအပ်သည်။ **(ဓါတ်ပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများသည် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ကချင်ပြည်နယ်ဦးစီးမှူးရုံး သိုလှောင်ရုံကို ကြည့်ရှုစစ်ဆေး၍ မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက်ရှိ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(မြစ်ကြီးနား)၌ စခန်းအခြေပြုပြန်လည်ထူထောင်ရေး သင်တန်းဖွင့်လှစ်နေမှုနှင့် သင်တန်းသားများအား တွေ့ဆုံသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား) ကိုလည်းကောင်း၊ မြစ်ကြီးနားမြို့ အမှတ်(၁) မူလတန်းကြိုကျောင်းကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲတွင် မိမိတို့၏ အမြင်၊ အတွေးအခေါ်များကို အတွေ့အကြုံများနှင့် ပေါင်းစပ်ပြီး ဆွေးနွေးရမည့် ခေါင်းစဉ်အလိုက် အချိတ်အဆက်မိမိဖြင့် ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၇**

ဖွံ့ဖြိုးတိုးတက်မှုအလားအလာကောင်းတစ်ရပ်၏ ပြယုဂ်- ခေါင်းဆောင်မှုအရင်းအမြစ် တည်ဆောက်ခြင်းဆိုင်ရာ ဒုတိယအကြိမ်အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ပြည်ထောင်စုရာထူးဝန်အဖွဲ့ ရုံးအမှတ် (၁၇) စုပေါင်းခန်းမ၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ထုတ်ပြန်ထားရှိသော စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ကျင်းပသည်။ **(ယာပုံ)**





**အချိတ်အဆက်မိမိဖြင့်ဆွေးနွေး**

ဖွင့်ပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဆွေက ပထမအကြိမ် ပြုလုပ်ခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲတွင် နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ကို အခြေခံ၍ တွေးခေါ်မှုများ၊ လေ့လာနိုင်သည့် စွမ်းအားများအပေါ် မူတည်၍ တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့မှုကြောင့် တွေ့ရှိချက်၊ အကြံပြုချက်များအပေါ် မူတည်ပြီး ရှေ့လုပ်ငန်းစဉ်များကို ချမှတ်နိုင်ခဲ့ကြောင်း၊ ဝန်ထမ်းများအနေဖြင့် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့သည့်အတွက် ဆုချီးမြှင့်မှုများ ပြုလုပ်ခဲ့ပါကြောင်း၊ ထိုအစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်း၍ ပိုမိုကောင်းမွန်အောင် ဆွေးနွေးကြရန် တိုက်တွန်းလိုပါကြောင်း၊ လုပ်ငန်းခွင်အတွင်း ပူးပေါင်းဆောင်ရွက်မှု၊ ညှိနှိုင်းပေါင်းစပ်မှုများ ရှိမှသာ အောင်မြင်နိုင်မည်ဖြစ်သဖြင့် ယခုဒုတိယအကြိမ် အလုပ်ရုံ ဆွေးနွေးပွဲတွင် မိမိတို့၏ အမြင်၊ အတွေးအခေါ်များကို အတွေ့အကြုံများနှင့်ပေါင်းစပ်ပြီး ဆွေးနွေးရမည့် ခေါင်းစဉ်အလိုက် အချိတ်အဆက်မိမိဖြင့် ဆွေးနွေးရန် လိုအပ်ကြောင်း၊ တစ်ဦးတစ်ယောက်ချင်းမှသည် အသင်းအဖွဲ့အလိုက် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အများနှင့်ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေမည်ဖြစ်ရာ လုပ်ငန်းခွင်အောင်မြင်မှုကို ဖြစ်ပေါ်စေမည် ဖြစ်ကြောင်း။ ဝန်ထမ်းများ၏ တစ်ဦးချင်းကြိုးစားအားထုတ်မှုမှသည် ဌာန၊ အဖွဲ့အစည်း၏ လုပ်ငန်းများ အောင်မြင်မှုရရှိစေရေးနှင့် တိုးတက်ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ အကောင်းဆုံးလိုက်ပါဆောင်ရွက်နိုင်ရေး ကြိုးပမ်းကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ယခုကျင်းပသည့် ဒုတိယအကြိမ်အလုပ်ရုံ ဆွေးနွေးပွဲသည် အဖွဲ့လိုက် ဆောင်ရွက်နိုင်စွမ်းမြှင့်တင်ရေးနှင့် အသင်းအဖွဲ့စိတ်ဓာတ်ခိုင်မာအားကောင်းစေရေး ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး အလုပ်ရုံဆွေးနွေးပွဲ ပထမနေ့တွင် “အဖွဲ့လိုက်အရွေ့” ခေါင်းစဉ်နှင့် “အဖွဲ့အစည်းအတွင်းအဖွဲ့လိုက် ဆက်သွယ်ဆောင်ရွက်မှုများ” ခေါင်းစဉ်တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အလုပ်ရုံဆွေးနွေးပွဲဒုတိယနေ့တွင် “လုပ်ငန်းခွင်အတွင်းအငြင်းပွားမှုနှင့် စေ့စပ်ဆွေးနွေးခြင်း” ခေါင်းစဉ်နှင့် “အဖွဲ့အစည်းအတွင်း ခေါင်းဆောင်မှု” ခေါင်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်းများ ပြုလုပ်သွားမည်ဖြစ်ပြီး အလုပ်ရုံဆွေးနွေးပွဲတတိယနေ့တွင် ပထမနေ့နှင့် ဒုတိယနေ့များတွင် ဆွေးနွေးခဲ့သည့် ခေါင်းစဉ်အလိုက်စုဖွဲ့၍ ဆွေးနွေးခြင်း၊ ယင်းဆွေးနွေးမှု ရလဒ်များကို ပြန်လည်တင်ပြခြင်းတို့ကို ပြုလုပ်ခဲ့ပြီး ဆွေးနွေးတင်ပြခဲ့သည့်အပေါ် တစ်ဦးချင်းအလိုက်၊ အုပ်စုအလိုက် ဆုချီးမြှင့်ပေးအပ်ခြင်းများ ပြုလုပ်သွားမည်ဖြစ်သည်။

အလုပ်ရုံ ဆွေးနွေးပွဲကာလမှာ ဇန်နဝါရီ ၁၇ ရက်မှ ဇန်နဝါရီ ၁၉ ရက်အထိဖြစ်ပြီး အရာထမ်း၊ အမှုထမ်း ၆၆ ဦးတို့က သတ်မှတ်ခေါင်းစဉ်များအလိုက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ကလေးခရိုင် မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ တွေ့ဆုံဆွေးနွေး

**ကလေး ဇန်နဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများသည် ကလေးခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ ဆရာမများအား တွေ့ဆုံပွဲကို ယနေ့ မွန်းလွဲပိုင်းက ဒေသကွပ်ကဲရေး စစ်ဌာနချုပ် (ကလေး) အစည်းဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**




ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးများက တည်ငြိမ်အေးချမ်းရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းတံတားတည်ဆောက်ပြုပြင်နေမှု ဆောင်ရွက်ချက်များ၊ အခြေခံပညာကျောင်းများ၏ ပညာသင်ကြားနေမှုအခြေအနေများ၊ ပြည်သူ့ကျန်းမာရေးလုပ်ငန်း ဆောင်ရွက်နေမှုများ၊ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်း ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကလေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ကလေးခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်စွာထွန်းက ကလေးခရိုင်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်ထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဒေသဆိုင်ရာအခြေနေများကို ရှင်းလင်းတင်ပြပြီး ခရိုင်၊ မြို့နယ်များမှ တာဝန်ရှိသူများက ဆက်လက်တင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြန်လည်ဖြည့်စွက်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကလေးမြို့နယ် ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်ဖြင့်ဆောင်ရွက်ပေးခဲ့သည် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၀၀ကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ချမ်းမြေ့အောင်စည်ရပ်ကွက် အုပ်ချုပ်ရေးမှူးအားလည်းကောင်း၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုးက နိုင်ငံသားစိစစ်ရေးကတ်ပြား ၆၃ ခုကို မြို့သာရပ်ကွက် အုပ်ချုပ်ရေးမှူးအားလည်းကောင်း၊ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးအေးလှိုင်က နိုင်ငံသားစိစစ်ရေး ကတ်ပြား ၃၈၇ ခုကို ကျောင်းတိုက်ကျေးရွာ အုပ်ချုပ်ရေးမှူးအားလည်းကောင်း ပေးအပ်ခဲ့သည်။

ယင်းနောက် ဝန်ကြီးချုပ် ဦးမြတ်ကျော်က ကလေးခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လုံခြုံရေးတပ်ဖွဲ့များနှင့် ကျန်းမာရေးဝန်ထမ်းများကို ငွေကျပ်တန်ဖိုး ၁၅ သိန်းတန်ရှိသော စားသောက် ဖွယ်ရာများအား ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြန်မာထွက်ကုန် ပဲစင်းငုံအသစ်များ မန္တလေးဈေးကွက်အတွင်းသို့ အဖွင့်ဈေးကောင်းဖြင့် ဝင်ရောက်လာ

**မန္တလေး ဇန်နဝါရီ ၁၇**

မြန်မာထွက်ကုန် ပဲစင်းငုံအသစ်များ မန္တလေးဈေးကွက်အတွင်းသို့ ယခု ဇန်နဝါရီလအတွင်း၌ အဖွင့်ဈေးကောင်းဖြင့် လှိုင်လှိုင်ဝင်ရောက်လာကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

လက်ရှိအချိန်တွင် မန္တလေးဈေးကွက်အတွင်းသို့ ၎င်းပဲစင်းငုံအသစ်များကို ကျောက်ဆည်၊ စစ်ကိုင်း၊ မုံရွာ၊ မြင်းမူ၊ မြောင် စသည့်ဒေသများမှ ဝင်ရောက်လာကြောင်း၊ ယခုနှစ် ပဲစင်းငုံများသည် ရာသီဥတုကောင်းမွန်မှုကြောင့် အရောင်အသွေးနှင့် အလုံးအဖန်များ ကောင်းမွန်လျက်ရှိကြောင်း၊ ပြီးခဲ့သည့်နှစ်ကာလတူက ပဲစင်းငုံသုံးတင်းဝင် တစ်အိတ်လျှင်ငွေကျပ် ၇၀၀၀၀ ရှိခဲ့ပြီး၊ ယခုနှစ်တွင် လက်ရှိဈေးနှုန်း အနေဖြင့် ပဲစင်းငုံ သုံးတင်းဝင်တစ်အိတ်လျှင်ငွေကျပ် ၁၂၄၀၀၀ ပေါက်ဈေးဖြင့် အဖွင့်ဈေးကောင်းနေကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

“ပဲစင်းငုံကို မြန်မာလူမျိုးတွေက စားသုံးမှုနည်းပါတယ်။ အဓိကအိန္ဒိယလူမျိုးတွေက မြန်မာပဲစင်းငုံကို ဓာတုကင်းစင်ပြီး အရသာမှာလည်း တစ်မူထူးခြားတာကြောင့် ကြိုက်နှစ်သက်ပြီး ဝယ်ယူကြပါတယ်။ ဈေးကွက်ထဲမှာ အာဖရိကပဲစင်းငုံထက် မြန်မာပဲစင်းငုံက ဈေးပိုမိုရရှိပါတယ်။ ထွက်ရှိတဲ့ ပဲစင်းငုံ ၈၅ ရာခိုင်နှုန်းက အိန္ဒိယကို ပို့ရပါတယ်။ ဈေးကွက်ကလည်း အခိုင်အမာရရှိပြီးသားပါ။ ယခုချိန်မှာ အိန္ဒိယဝယ်လက်နဲ့ သိုလှောင်ထားသူတွေ ဝယ်နေတာကြောင့် ဈေးနှုန်းကျဆင်းဖို့ မရှိနိုင်သေးပါဘူး။ ပဲစင်းငုံက ပြည်ပပို့ကုန်အနေနဲ့ အိန္ဒိယတင်မဟုတ်ပါဘူး။ နီပေါ၊ ဘင်္ဂလားဒေ့ရှ်နဲ့ ပါကစ္စတန်နိုင်ငံတို့ကလည်း နှစ်စဉ်ပုံမှန်ဝယ်ယူနေကြပါတယ်။ လက်ရှိအချိန်မှာ မန္တလေးဈေးကွက်အတွင်း တစ်နေ့ကို ပဲစင်းငုံအိတ်ရေ ၁၀၀၀၀ အထိ ဝင်ရောက်နေပါတယ်။ မကြာခင်ကာလမှာလည်း ရွှေဘိုနဲ့ ခင်ဦးဒေသဘက်တွေကလည်း ထွက်ရှိလာတော့မှာပါ”ဟု ၎င်းကရှင်းပြသည်။

မြန်မာနိုင်ငံမှထွက်ရှိသည့် ပဲစင်းငုံမှာ ပဲစင်းငုံအနီ၊ ပဲစင်းငုံအဖြူနှင့် ပဲစင်းငုံအကြားဟူ၍ အမျိုးအစားသုံးမျိုးရှိကြောင်း၊ မြန်မာပြည်အလယ်ပိုင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ပဲစင်းငုံများကို စိုက်ပျိုးကြကြောင်း၊ ယခုနောက်ပိုင်းတိုးချဲ့ စိုက်ပျိုးလာကြရာ ချင်း၊ ကယား၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလာကြောင်း၊ ယင်းပဲစင်းငုံကို မြန်မာနိုင်ငံအစိုးရနှင့် အိန္ဒိယနိုင်ငံအစိုးရတို့ နှစ်နိုင်ငံသဘောတူညီချက်ဖြင့် ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ တစ်နှစ်လျှင် ပဲစင်းငုံတန်ချိန် တစ်သိန်း ဝယ်ယူမည်ဟု စာချုပ်ချုပ်ဆိုပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ပဈေးကွက်အခိုင်အမာရှိနေသည့်အတွက် ပဲစင်းငုံကို ပိုမိုတိုးချဲ့စိုက်ပျိုးသင့်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# လျှပ်စစ်ဓာတ်အားချွေတာဖို့ LED ကို သုံးကြစို့

ကိုချမ်း

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် နိုင်ငံတော်၏ နှစ်စဉ်တိုးတက်သုံးစွဲလာသော လျှပ်စစ်ဓာတ်အားကို ပြည့်ဝစွာဖြည့်ဆည်းပေးနိုင်ရေး ဓာတ်အားပေးစက်ရုံများအား အဆင့်မြှင့်တင်ပြုပြင်ခြင်း၊ ဓာတ်အားပေးစက်ရုံအသစ်များ တည်ဆောက်ခြင်း၊ မဟာဓာတ်အားလိုင်းများ၊ မဟာဓာတ်အားခွဲရုံအသစ်များ တိုးချဲ့တည်ဆောက်ခြင်းနှင့် ဓာတ်အားဖြန့်ဖြူးရေးလိုင်းများနှင့် ခွဲရုံများအား အသစ်တိုးချဲ့တည်ဆောက်ခြင်းတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။**

မြို့ပြနေပြည်သူများသာမက ကျေးရွာနေပြည်သူများကို ဓာတ်အားရရှိ သုံးစွဲနိုင်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းနှင့် လျှပ်စစ်ဓာတ်အားရရှိသုံးစွဲနေသော ပြည်သူများအား တည်ငြိမ်၍ အရည်အသွေးပြည့်ဝသော လျှပ်စစ်ဓာတ်အားရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းတို့ကြောင့် ပြည်သူများအနေဖြင့် အိမ်သုံးလျှပ်စစ်ပစ္စည်းများကို သိသိသာသာ ပိုမိုသုံးစွဲလာခဲ့ကြပါသည်။ ထို့ကြောင့် လက်ရှိအချိန်တွင် နိုင်ငံတော်ဓာတ်အားစနစ်အတွင်း ဝန်အားသုံးစွဲမှုများ မြင့်တက်လာခဲ့ပြီး ဓာတ်အားလိုအပ်ချက်များ ဖြစ်ပေါ်လာခဲ့သဖြင့် နိုင်ငံတော်ဓာတ်အားစနစ်ကို တည်ငြိမ်စွာထိန်းသိမ်းမောင်းနှင်နိုင်ရန်ဝန်အား ထိန်းညှိလျှော့ချခြင်းများကို ဆောင်ရွက်နေရပါသည်။

### နည်းမျိုးစုံဖြင့် ဆောင်ရွက်

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် ဝန်အားထိန်းညှိလျှော့ချခြင်းများ မပြုလုပ်ရဘဲ နိုင်ငံတော်၏ ဓာတ်အားလိုအပ်ချက်ကို ပြည့်ဝစွာ ဖြည့်ဆည်းပေးနိုင်ရေးအတွက် အရင်းအမြစ်မျိုးစုံကို အခြေခံ၍ ဓာတ်အားပေးစက်ရုံ စီမံကိန်းသစ်များကို နိုင်ငံပိုင်ရန်ပုံငွေ၊ နိုင်ငံခြားချေးငွေနှင့် အထောက်အပံ့ငွေများကိုရယူ၍ နည်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိသည့်အပြင် အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုပုံစံ Independent Power Producer (IPP), Build–Operate–Transfer (BOT), Build–Operate–Own စနစ်များဖြင့်လည်း အကောင်အထည်ဖော်နိုင်ရေး စီမံဆောင်ရွက်လျက် ရှိပါသည်။

ထို့အပြင် ပြည်သူအများစုအတွက် သင့်တင့်သော ဓာတ်အားခနှုန်းထားဖြစ်စေရန် ရည်ရွယ်၍ ဓာတ်အားထုတ်လုပ်မှု ကုန်ကျစရိတ် သက်သာသော စွမ်းအင်အရင်းအမြစ်မျိုးစုံဖြင့် ဓာတ်အားထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိခြင်းနှင့် ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် ဆောင်ရွက်ဆဲ ဓာတ်အားပေးစက်ရုံစီမံကိန်းများ နှောင့်နှေးခဲ့ခြင်းစသည့် ကန့်သတ်ချက်များ ကြုံတွေ့ရလျက်ရှိပါသည်။

### မိုင်းခွဲဖျက်ဆီးခံခဲ့ရ

ထို့ပြင် ၃–၁–၂၀၂၂ ရက်နေ့တွင် ၂၃၀ ကေဗွီ ဘီလူးချောင်း (၂)– ရွှေမြို့ ဓာတ်အားလိုင်းအား လေးကြိမ်မြောက် မိုင်းခွဲဖျက်ဆီးခြင်းခံခဲ့ရခြင်း၊ ၁၈–၁၂–၂၀၂၁ ရက်နေ့တွင် ၂၃၀ ကေဗွီ ဘီလူးချောင်း (၂)–တောင်ငူ ဓာတ်အားလိုင်းအား လေးကြိမ်မြောက် မိုင်းခွဲဖျက်ဆီးခြင်းခံခဲ့ရခြင်းနှင့် ၉–၁–၂၀၂၂ ရက်နေ့တွင် ၁၃၂ ကေဗွီ ဘီလူးချောင်း(၂)–တီကျစ် ဓာတ်အားလိုင်းအား နှစ်ကြိမ်မြောက် မိုင်းခွဲဖျက်ဆီးခံခဲ့ရခြင်းတို့ကြောင့် ဘီလူးချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ ထွက်ရှိသည့် လျှပ်စစ်ဓာတ်အား ၂၂၀ မဂ္ဂါဝပ်ခန့်ကို နိုင်ငံတော်ဓာတ်အားစနစ်သို့ ပို့လွှတ်နိုင်မှု မရှိခြင်းကြောင့်လည်းကောင်း၊ ကမ္ဘာ့ LNG ဓာတ်ငွေ့ဈေးနှုန်း စံချိန်တင်မြင့်တက်နေသဖြင့် LNG ဓာတ်အားပေးစက်ရုံများ၏ ထုတ်လုပ်မှု ၇၅၀ မဂ္ဂါဝပ်ခန့်မှာ ရပ်တန့်ထားရခြင်းကြောင့်လည်းကောင်း စုစုပေါင်း ဓာတ်အားထုတ်လုပ်နိုင်မှု ၉၇၀ မဂ္ဂါဝပ်ခန့်မှာ လျော့နည်းနေလျက်ရှိသောကြောင့် နိုင်ငံတော်ဓာတ်အားစနစ်အတွင်း ဝန်အားထိန်းညှိလျှော့ချခြင်းများ ဆောင်ရွက်နေရခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားခမှာ အိမ်နီးချင်း နိုင်ငံများ၊ ASEAN နိုင်ငံအများစုရှိ ဓာတ်အားခများနှင့် နှိုင်းယှဉ်ပါက များစွာလျော့နည်းနေသည်။ နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားရရှိသုံးစွဲနေသော နိုင်ငံလူဦးရေ၏ ၆၁ ရာခိုင်နှုန်းခန့်သော ပြည်သူများသည် ဈေးနှုန်းချိုသာသော လျှပ်စစ်ဓာတ်အားကို ရရှိသုံးစွဲနေရသဖြင့် လျှပ်စစ်ဓာတ်အားကို အကျိုးရှိစွာ ချွေတာသုံးစွဲရန် မေ့လျော့၍နေသည်ကို တွေ့ရှိရပါသည်။ နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားရရှိသုံးစွဲနေသော အိမ်ထောင်စု တစ်စုချင်းစီက လျှပ်စစ်ဓာတ်အားကို အကျိုးရှိစွာချွေတာသုံးစွဲပါက မိသားစုအတွက် ဓာတ်အားခကျသင့်ငွေ (မီတာခ) များ ပေးချေရမှုလျော့နည်းရုံသာမက နိုင်ငံတော်ဓာတ်အားစနစ်အတွင်း ဝန်အားထိန်းညှိလျှော့ချရမည့်ပမာဏ လျော့နည်းသွားခြင်းနှင့် လျှပ်စစ်မီးမရရှိသေးသောပြည်သူများကို လျှပ်စစ်ဓာတ်အားတိုးချဲ့ဖြန့်ဖြူးပေးနိုင်ခြင်း အစရှိသော လက်ငင်းအကျိုးကျေးဇူးများကို ပြည်သူတစ်ရပ်လုံး သာတူညီမျှ ရရှိခံစားရမည်ဖြစ်ပါသည်။

### အသိပေးတိုက်တွန်း

ထို့ကြောင့် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် ပြည်သူများသို့ လျှပ်စစ်ဓာတ်အားချွေတာသုံးစွဲရေး နည်းလမ်းများအား လိုက်နာဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်း နှိုးဆော်လျက်ရှိသလို ဓာတ်အားသုံးစွဲမှုများသော မီးသီး၊ မီးချောင်းများအစား LED မီးသီး၊ မီးချောင်းများဖြင့် အစားထိုးခြင်း၊ မလိုအပ်သောနေရာများ/အချိန်များတွင် မီးပိတ်ထားပြီး လိုအပ်သော နေရာများကိုသာ မီးခလုတ်ဖွင့်ခြင်း အစရှိသော လျှပ်စစ်ဓာတ်အားချွေတာရေးနည်းလမ်းများကို ပညာပေးဆောင်ရွက်လျက်ရှိပါသည်။

လျှပ်စစ်ဓာတ်အား ချွေတာရေးနည်းလမ်းများအနက် လက်ငင်းအကျိုးကျေးဇူးများပြီး ထိရောက်မှုအရှိဆုံးနည်းလမ်းမှာ ဓာတ်အားသုံးစွဲမှုများသော မီးသီး၊ မီးချောင်းများအား ဓာတ်အားသုံးစွဲမှုနည်းသော LED မီးသီး၊ မီးချောင်းများဖြင့် အစားထိုး အသုံးပြုခြင်းဖြစ်ပါသည်။ LED မီးသီး၊ မီးချောင်းများသည် စွမ်းအင်သုံးစွဲမှု သက်သာခြင်း၊ သက်တမ်းရှည်ကြာခြင်း၊ အဖွင့်အပိတ်အကြိမ်ရေ များခြင်းအပေါ် ခံနိုင်ရည်ရှိခြင်း၊ ဗို့အားနိမ့်တွင် သုံးစွဲနိုင်ခြင်း၊ အလင်းအားကို လိုသလိုလျှော့ချ အသုံးပြုနိုင်ခြင်း၊ အပူနှင့် ခရမ်းလွန်ရောင်ခြည် ထုတ်လွှတ်မှုမရှိခြင်းနှင့် အလင်းရောင်အေးမြခြင်း အစရှိသော အားသာချက်များ ရရှိသွားမည်ဖြစ်ပါသည်။

### LED မီးချောင်းဖြင့် အစားထိုး

လက်ရှိ အိမ်ထောင်စုအများစုတွင် တပ်ဆင်အသုံးပြုနေသော လေးပေ မီးချောင်း တစ်ချောင်း၏ ဓာတ်အားသုံးစွဲမှုမှာ ဝပ် ၄၀ ဖြစ်သော်လည်း လင်းအားတူ LED မီးချောင်း၏ ဓာတ်အားသုံးစွဲမှုမှာ ၁၆ ဝပ်သာ ရှိပါသည်။ ထို့ကြောင့် နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲနေသော အိမ်ထောင်စု ၆ ဒသမ ၆ သန်းအနက် အိမ်ထောင်စုတစ်စုလျှင် ဝပ် ၄၀ လေးပေ မီးချောင်းနှစ်ချောင်းအား LED မီးချောင်းဖြင့် အစားထိုးအသုံးပြုမည်ဆိုပါက အိမ်ထောင်စုတစ်စုလျှင် ဝပ် ၄၀ သက်သာပြီး တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဓာတ်အားသုံးစွဲမှု ၃၁၆ ဒသမ ၈ မဂ္ဂါဝပ် သက်သာသွားမည်ဖြစ်သောကြောင့် ဝန်အားထိန်းညှိလျှော့ချရမည့် ပမာဏ လျော့နည်းသွားမည့်အပြင် လျှပ်စစ်မီးမရရှိသေးသော ပြည်သူများအား လျှပ်စစ်ဓာတ်အား တိုးချဲ့ဖြန့်ဖြူးပေးနိုင်ရေး စီစဉ်ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါသည်။ LED မီးလုံး၊ မီးချောင်းများ၏ ကနဦးတပ်ဆင်စရိတ်မှာ ကြီးမားသော်လည်း စွမ်းအင်သုံးစွဲမှု ထက်ဝက်ကျော်ခန့် လျော့ကျသွားသောကြောင့် ဓာတ်အားခ (မီတာခ) ပေးဆောင်ရမှု ထက်ဝက်ကျော်ခန့် သက်သာသွားမည် ဖြစ်ပါသည်။

ထို့အပြင် လက်ရှိလမ်းမီးအဖြစ် အသုံးပြုနေသော ဝပ် ၁၅၀၊ ဝပ် ၂၅၀ နှင့် ဝပ် ၄၀၀ ဆိုဒီယမ်မီးသီးများနှင့် ရိုးရိုးအိမ်သုံး ဝပ် ၄၀၊ ဝပ် ၆၀ နှင့် ဝပ် ၁၀၀ ရှိ မီးသီး၊ လေးပေမီးချောင်းများအား LED မီးသီး၊ မီးချောင်းများဖြင့် အစားထိုးလဲလှယ်အသုံးပြုပါက သက်တမ်းပိုမိုကြာရှည်ခံခြင်း၊ အလင်းအားပိုမို ကောင်းမွန်ခြင်းနှင့် စွမ်းအင်သုံးစွဲမှု ထက်ဝက်ကျော် လျော့ကျသွားသောကြောင့် ဓာတ်အားခ (မီတာခ) ကုန်ကျစရိတ် ထက်ဝက် (၅၀ ရာခိုင်နှုန်း) ကျော်ခန့်သက်သာသွားခြင်း အစရှိသော လက်ငင်းအကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါသည်။

*စာမျက်နှာ ၁၁ သို့*

LED ၏ စွမ်းရည်ကိန်း = အလင်းအား/ဝပ်
Efficacy = (Lumens/Watt)

| မီးလုံး/မီးချောင်းအမျိုးအစား Lamps | စွမ်းအင် ယူနစ် (ဝပ်) Power(W) | အလင်းအား ယူနစ် (လူမန့်စ်) Light Output (Lumens) | စွမ်းရည်ကိန်း = တစ်ဝပ်လျှင် ထွက်ရှိသည့် အလင်းအား Efficacy = (Lumens per W) |
|---|---|---|---|
| အပူဖြာထွက်မီးလုံး Incandescent Lamp | ၇၅ | ၉၀၀ | ၁၂ |
| ဖလူရိုဆန့် မီးကွေး မီးလုံး Compact Fluorescent Lamp (CFL) | ၁၅ | ၉၀၀ | ၆၀ |
| ၄’ ပေ ဖလူရိုဆန့် မီးချောင်း (နေ့အလင်းရောင်) 4 –ft Fluorescent Tube Cool Day Light | ၃၆ | ၂၅၀၀ | ၆၉ |
| ၄’ ပေ ဖလူရိုဆန့် မီးချောင်း (ဖော့စဖော့ရပ်စ် (၃) မျိုးသုတ်) 4 –ft Fluorescent Tube Tri–Phosphor | ၃၆ | ၃၂၀၀ | ၈၉ |
| အလင်းထွက် ဒိုင်အုပ်မီးသီး Light Emitting Diode (at Performance Level) | ၁–၅ | ၄၀–၇၀၀ | ၄၀–၁၅၀ |
| ဖိအားမြင့် ဆိုဒီယမ်မီးလုံး High Pressure Sodium | ၄၀၀ | ၅၆၀၀၀ | ၁၄၀ |




**❑ လျှပ်စစ်ဓာတ်အား ချွေတာရေးနည်းလမ်းများအနက် လက်ငင်းအကျိုးကျေးဇူးများပြီး ထိရောက်မှုအရှိဆုံး နည်းလမ်းမှာ ဓာတ်အားသုံးစွဲမှုများသော မီးသီး၊ မီးချောင်းများအား ဓာတ်အားသုံးစွဲမှုနည်းသော LED မီးသီး၊ မီးချောင်းများဖြင့် အစားထိုး အသုံးပြုခြင်းဖြစ်**

# ပြန်ကြားရေးဝန်ကြီးဌာနက ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ပြည်သူများအတွက် DVB-T2 Set Top Box အလုံး ၃၀၀ ပေးအပ်လှူဒါန်း

ပင်းတယ ဇန်နဝါရီ ၁၇

**ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်နှင့် ရွာငံမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအတွက် ပြန်ကြားရေးဝန်ကြီးဌာနမှ လှူဒါန်းသော DVB T2 Set Top Box အလုံးရေ ၃၀၀ ပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို ဇန်နဝါရီ ၁၇ ရက် နံနက် ၁၀ နာရီက ပင်းတယမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်းက မိမိတို့ဓနုဒေသ တိုင်းရင်းသားများအတွက် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ အသိပညာ ဗဟုသုတစုံလင်သည့် ရုပ်သံလိုင်းများ ဖမ်းယူရရှိနိုင်မည့် DVB T2 Set Top Box များ လှူဒါန်းပေးသည့်အတွက် အထူးပင် ကျေးဇူးတင် ဂုဏ်ယူမိပါကြောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဆက်စပ်သည့် လိုင်းများနှင့် ဖမ်းယူရရှိနိုင်ပြီဖြစ်သည့်အတွက် ဒေသခံပြည်သူလူထုများစွာကို အကျိုးပြုလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာနမှ ပေးပို့လှူဒါန်းသည့် DVB-T2 Set Top Box များအား၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပြုပြင်ထိန်းသိမ်းရေးဇုန် တာဝန်ခံ အင်ဂျင်နီယာမှူး ဦးမြင့်ဦးက ပေးအပ်ရာ ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက လက်ခံရယူသည်။ ဆက်လက်၍ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက Set Top Box များအား ပင်းတယမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၁) ဗိုလ်မှူး ထွန်းထွန်းဦးနှင့် ရွာငံမြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ဦးတို့ထံ လွှဲပြောင်းပေးအပ်သည်။



(DVB-T2) Set Top Box များအား ပေးအပ်လှူဒါန်းရခြင်း ရည်ရွယ်ချက်နှင့် တပ်ဆင်အသုံးပြုပုံနည်းစနစ်များကို အင်ဂျင်နီယာမှူး ဦးမြင့်ဦးက ရှင်းလင်းပြောကြားသည်။

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်း ဒစ်ဂျစ်တယ်စနစ်ဖြင့် ထုတ်လွှင့်သည့် ထပ်ဆင့်လွှင့်ရုံငါးရုံရှိပြီး (DVB-T2) Set Top Box မှ ဒစ်ဂျစ်တယ်စနစ်ဖြင့် ရုပ်သံလိုင်း ၁၈ လိုင်းမှ ၂၂ လိုင်းအထိ ဖမ်းယူရရှိနိုင်သည့်အပြင် ရေဒီယိုလိုင်းများလည်း ဖမ်းယူရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ပင်းတယ (ပြန်/ဆက်)**

---

* *ကျောဖုံးမှ*

ယနေ့နံနက်ပိုင်းတွင် နယ်စပ်ဂိတ်ကို ပြန်လည်ဖွင့်လှစ်ပြီးနောက် ကုန်သွယ်ရေးစခန်းတာဝန်ခံ ဦးမြင့်ဇော်မိုး က ကုန်စည်ပို့ဆောင်မည့် မော်တော်ယာဉ်များအား အမွှေးနံ့သာများ ပက်ဖျန်းပေးသည်။ ယင်းသို့ နှစ်နိုင်ငံ ကုန်သွယ်မှုလုပ်ငန်းများကို စတင်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေး စခန်းတာဝန်ခံ ဦးမြင့်ဇော်မိုး၊ မြို့အုပ်ချုပ်ရေးမှူး ဦးယဉ်မင်းထွန်းနှင့် တာဝန်ရှိသူများက တရုတ်နိုင်ငံဘက်ရှိ တာဝန်ရှိသူများနှင့် အွန်လိုင်းစနစ်ဖြင့် သုံးကြိမ်ဆွေးနွေးခဲ့ပြီး ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး စည်းကမ်းများနှင့်အညီ ကုန်သွယ်မှုပြန်လည် စတင်ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။




**လွယ်ဂျယ်-လိုင်းရင်း နယ်စပ်ဂိတ်ပြန်လည်ဖွင့်လှစ်ပြီးနောက် ဌာနဆိုင်ရာ တာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။**

နှစ်နိုင်ငံကုန်သွယ်မှု ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံဘက်မှ ကြံနှင့် တစ်သျှူးငှက်ပျောတို့ကို စမ်းသပ်ကာလတွင် တင်ပို့ဆောင်ရွက်မည်ဖြစ်ပြီး တစ်ချိန်တည်းမှာပင် ဂိတ်ပိတ်စဉ်က နှစ်နိုင်ငံအတွင်း ပိတ်မိနေသော ယာဉ်များကို အရေးအတွက် တူညီစွာ ဦးစားပေး ဆောင်ရွက်မည်ဖြစ်သည်။ တရုတ်နိုင်ငံဘက်မှ ဓာတ်မြေသြဇာ၊ အထည်အလိပ်နှင့် အိမ်သုံးကုန်ပစ္စည်းမျိုးမျိုးတို့ကို တင်သွင်းမည်ဖြစ်ကြောင်း သိရသည်။ ကုန်စည်းစီးဆင်းရာတွင် နှစ်နိုင်ငံသဘောတူညီချက်အရ ကိုဗစ်-၁၉ ရောဂါ ကာကွယ်မှုအနေဖြင့် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များ ကုန်တင်ကုန်ချ အလုပ်သမားများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်ထိုးပြီးသူများကိုသာ ဆောင်ရွက်ခွင့်ပြုပေးလျက်ရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

---

## သီပေါမြို့၌ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးများအား ထောက်ပံ့ငွေပေးအပ်မည်

**သီပေါ ဇန်နဝါရီ ၁၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ကို ပူးပေါင်း၍ မြို့နယ်အဆင့် MCCT ထောက်ပံ့ငွေပေးအပ်ရန် အကျိုးခံစားသူများ စာရင်းကောက်ပြုစုရေး ဆင့်ပွားသင်တန်းကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်အစည်းအဝေးခန်းမ၌ ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးအောင်စိုးဝင်းက အမှာစကားပြောကြားပြီး မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စမ်းစမ်းသွယ်က ကိုယ်ဝန် ဆောင်မိခင်နှင့် နှစ်နှစ်အောက်ကလေးများ MCCT ၏ ငွေကြေးထောက်ပံ့ခြင်းနှင့်စပ်လျဉ်း၍ ဆင့်ပွားသင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

အဆိုပါထောက်ပံ့ငွေများကို သီပေါမြို့နယ်အတွင်းရှိ မြို့ပေါ် ၁၁ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ၆၆ အုပ်စုရှိ စာရေးဝန်ထမ်းများက တိကျစွာ စာရင်းကောက်ယူ၍ ဒုတိယသုံးလပတ်တွင် တစ်ဦးလျှင် ငွေကျပ် ၄၅၀၀၀ ကူညီထောက်ပံ့ပေးမည်ဖြစ်ကြောင်း မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန တာဝန်ရှိသူထံမှ သိရသည်။

**စိုင်း(သီပေါ)**

---

*စာမျက်နှာ ၁၀ မှ*

**အခြားအသုံးအဆောင်ပစ္စည်းများအပါအဝင် တစ်လ (၁၅၀) ယူနစ်ခန့် သုံးစွဲနေသော မိသားစု တစ်စုအတွက် မီးသီး၊ မီးချောင်း သုံးစွဲမှုအရ သက်သာလာမည့် ဓာတ်အားသုံးစွဲမှု**

| မီးသီး/ မီးချောင်း အမျိုးအစား | မီးချောင်း | | မီးသီး | | စုစုပေါင်း (ဝပ်) | တစ်ရက် မီးထွန်းသည့် ကြာချိန် (နာရီ) | တစ်လ စုစုပေါင်း သုံးစွဲ ယူနစ် |
|---|---|---|---|---|---|---|---|
| | ဝပ် | အရေအတွက် | ဝပ် | အရေအတွက် | | | |
| ရိုးရိုး | ၄၀ | ၆ | ၂၀ | ၆ | ၃၆၀ | ၈ | ၈၆ |
| LED | ၁၆ | ၆ | ၁၀ | ၆ | ၁၅၆ | ၈ | ၃၇ |
| သက်သာသွားမည့် ဓာတ်အားသုံးစွဲမှု | | | | | ၂၀၄ | | ၄၉ |

**မှတ်ချက်။** ယခုတွက်ချက်မှုသည် ဖော်ပြပါဇယားအရ ဝပ် (၃၆၀) ပမာဏရှိသော မီးသီး၊ မီးချောင်းများ၏ ဓာတ်အားသုံးစွဲမှုကိုသာ တွက်ချက်ထားခြင်းဖြစ်ပြီး၊ အခြားအိမ်သုံးလျှပ်စစ်ပစ္စည်းများ၏ ဓာတ်အားသုံးစွဲမှုကို တွက်ချက်မထားသောကြောင့် စွမ်းအင်သုံးစွဲမှု လျော့နည်းသော အိမ်သုံးပစ္စည်းများကို လျှော့ချသုံးစွဲပါက ပိုမိုသက်သာစေမည်ဖြစ်ပါသည်။

**တစ်လလျှင် (၈၆) ယူနစ်သုံးစွဲသော အိမ်ထောင်စုတွင် LED မီးသီး/မီးချောင်း လဲလှယ်တပ်ဆင်ခြင်းကြောင့် သက်သာသွားမည့် မီတာခ**

| ဓာတ်အားခနှုန်းထား (၈၆ ယူနစ်အထိ) | | ရိုးရိုး | LED |
|---|---|---|---|
| ယူနစ်အလွှာ | ကျပ် | (၁) လ ပေးဆောင်ရမည့် မီတာခ (ကျပ်) (၈၆ ယူနစ်အတွက်) | (၁) လ ပေးဆောင်ရမည့် မီတာခ (ကျပ်) (၃၇ ယူနစ်အတွက်) |
| ၁ မှ ၃၀ | ၃၅ | ၁,၀၅၀ | ၁,၀၅၀ |
| ၃၁ မှ ၅၀ | ၅၀ | ၁,၀၀၀ | ၃၅၀ |
| ၅၁ မှ ၇၅ | ၇၀ | ၁,၇၅၀ | - |
| ၇၆ မှ ၈၆ | ၉၀ | ၉၉၀ | - |
| စုစုပေါင်း | | ၄,၇၉၀ | ၁,၄၀၀ |
| သက်သာသွားမည့် မီတာခ (ကျပ်) | | ၃,၃၉၀ | |

သို့ဖြစ်ပါ၍ ဝန်အားထိန်းညှိ လျှော့ချရမည့် ပမာဏ လျော့နည်းသွားမည်ဖြစ်ခြင်း၊ လျှပ်စစ်မီး မရရှိသေးသောပြည်သူများအား လျှပ်စစ်ဓာတ်အား တိုးချဲ့ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ခြင်းနှင့် အိမ်ထောင်စုလိုက် ဓာတ်အားခဖိုး ပေးဆောင်ရမှု သက်သာသွားမည်ဖြစ်ခြင်းတို့ကြောင့် ပြည်သူလူထုအနေဖြင့် မိမိတို့နေအိမ်၊ ရုံး၊ အဆောက်အဦ၊ စက်ရုံ၊ အလုပ်ရုံများရှိ လက်ရှိအသုံးပြုနေသော မီးသီး၊ မီးချောင်းများနှင့် လမ်းမီးများကို LED မီးသီး၊ မီးချောင်းများဖြင့် အစားထိုးလဲလှယ်အသုံးပြုခြင်းဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပညာပေး တိုက်တွန်းအပ်ပါသည်။

# လေ့ကျင့်ရေးနှင့် သင်ကြားရေးတွင် အရည်အသွေးပြည့်မီစွာဖြင့် အရည်အချင်းရှိသည့် ကျောင်းသား ကျောင်းသူများ လေ့ကျင့်မွေးထုတ်ပေးလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၇**

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ် ဖြိုးသန့်သည် ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းမြို့ရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ် (စစ်ကိုင်း)၊ တက္ကသိုလ် အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ဌာနမှူးများနှင့် တွေ့ဆုံသည်။

ထို့နောက် တက္ကသိုလ်စာကြည့်တိုက်၊ ပြတိုက်တို့ကို ကြည့်ရှုစစ်ဆေးပြီး ကိုဗစ်-၁၉ နှင့် အညီ ဖွင့်လှစ်လျက်ရှိသော ၂၀၁၉-၂၀၂၀ ပညာသင်နှစ် ပညာရေးဘွဲ့ သင်တန်းအမှတ်စဉ် (၅) စတုတ္ထနှစ် (ဒုတိယနှစ်ဝက်) သင်တန်းအတွက် စာသင်ဆောင်၊ အိပ်ဆောင်၊ စားရိပ်သာများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တက္ကသိုလ်ရှိ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မှီခိုမိသားစုဝင်များ သက်သာချောင်ချိရေးနှင့် အသား၊ ငါး၊ ဟင်းသီးဟင်းရွက်များ ဖူလုံစွာစားသုံးနိုင်ရေး ဆောင်ရွက်ထားသော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးပြီး ဘွဲ့နှင်းသဘင်ခန်းမ၌ ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံကာ ထောက်ပံ့ငွေများ ပေးအပ်သည်။



ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ဖြိုးသန့် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (စစ်ကိုင်း)ကို ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ/ဌာနမှူးများနှင့် တွေ့ဆုံကာ စားရိပ်သာများတွင် ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ စားသောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အိပ်ဆောင်များ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် (အောက်တိုဘာလမှ မတ်လအထိ) ခြောက်လဘတ်ဂျက် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒီဂရီကောလိပ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဝန်ထမ်းများ၊ A.G.T.I ဒုတိယနှစ် (ဒုတိယနှစ်ဝက်) သင်တန်းတက်ရောက်လျက်ရှိသော ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံ၍ ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

တက္ကသိုလ်၊ ဒီဂရီကောလိပ်တို့ရှိ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက တက္ကသိုလ်၏ ရည်မှန်းချက်နှင့်အညီ စည်းလုံးညီညွတ်စွာဖြင့် ပညာကို ကြိုးစားသင်ယူရန်၊ ပြင်ပ ပယောဂများ နားမယောင်ဘဲ ပါတီနိုင်ငံရေး ကင်းရှင်းရန်နှင့် ကျောင်းသား၊ ကျောင်းသူများအား ခန္ဓာကိုယ်ဖွံ့ဖြိုးရေးအတွက် အာဟာရပြည့် ဖြည့်စွက်စာများ ကျွေးမွေးလျက်ရှိပြီး အားကစားပိုင်းတွင်လည်း ထိထိရောက်ရောက် လေ့ကျင့်၍ အားကစားမြှင့်တင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်(စစ်ကိုင်း) ပညာရေးဘွဲ့ ငါးနှစ်သင်တန်း စတုတ္ထနှစ် (ဒုတိယနှစ်ဝက်) သင်တန်းတွင် ကျောင်းသား၊ ကျောင်းသူ ၁၉၉ ဦးနှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း) A.G.T.I ဒုတိယနှစ် (ဒုတိယနှစ်ဝက်)သင်တန်းတွင် ကျောင်းသား၊ ကျောင်းသူ ၅၅ ဦးတို့အား သတ်မှတ်ပညာသင်ကာလအတွင်း လေ့ကျင့်ရေး၊ သင်ကြားရေးပိုင်းတွင် အရည်အသွေးပြည့်မီစွာ မွေးထုတ်သင်ကြားပေးလျက် ရှိကြောင်း သိရသည်။

**သတင်းစဉ်**


လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့် အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ် (၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)




# ပုဏ္ဏားကျွန်းမြို့နယ် အထက်မြတ်လှဲကျေးရွာ၌ စတုတ္ထအကြိမ်မြောက် မြို့နှစ်သစ်ကူးနေ့ကျင်းပ

**ပုဏ္ဏားကျွန်း ဇန်နဝါရီ ၁၇**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် အထက်မြတ်လှဲကျေးရွာ တိုက်ပွဲရှောင် ကယ်ဆယ်ရေးစခန်း၌ စတုတ္ထအကြိမ်မြောက် မြို့အမျိုးသား (နှစ်သစ်ကူး) နေ့ကို ယနေ့ နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့ယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌ ဦးဇနီဖြူက မြို့လူမျိုးတို့၏ ရိုးရာယဉ် ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာများကို ထိန်းသိမ်းကြရန်နှင့် မြို့လူမျိုးတို့၏ မိခင်စာပေ ဘာသာစကားများ မမေ့ပျောက်စေရန်ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး မြို့လူမျိုး သက်ကြီးရွယ်အိုများကို ပူဇော်ကန်တော့ခဲ့ကြသည်။

ယခင်နှစ်များက မြို့အမျိုးသား(နှစ်သစ်ကူး) နေ့ကို ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ဗန်းဗွိုးကျေးရွာတွင် ပထမအကြိမ်နှင့် ဒုတိယအကြိမ် ကျင်းပခဲ့ပြီး ကျောက်တော်မြို့နယ်၊ ဝါးတောင်ကျေးရွာရှိ တိုက်ပွဲရှောင်ကယ်ဆယ်ရေးစခန်းတွင် တတိယအကြိမ်ကို ကျင်းပခဲ့ကြောင်း မြို့နှစ်သစ်ကူးနေ့ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးဇနီဖြူက ပြောသည်။

ယခုအခါ စတုတ္ထအကြိမ်မြောက် မြို့အမျိုးသား (နှစ်သစ်ကူး) ပွဲတော်ကို ပုဏ္ဏားကျွန်းမြို့နယ် အထက်မြတ်လှဲကျေးရွာ၌ ကျင်းပပြီး မြို့နှစ်သစ်ကူးနေ့ ပွဲတော်သို့ မြို့လူမျိုးများအပါအဝင် ရခိုင်၊ ခမီ၊ သက်၊ သက္ကမ (ခေါ်) ဒိုင်းနက်လူမျိုးများ၊ လူမှုရေး အသင်းအဖွဲ့များ၊ တိုင်းရင်းသားရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ စုစုပေါင်း လူဦးရေ ၅၀၀ ကျော်ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**နီထွန်းအောင်(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၇**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေး စခန်းများမှ နှောင့်နှေးကြန့်ကြာမှု မရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီ တစ်ခု၊ ယာဉ်စီးရေ တစ်စီးဖြင့် အိမ်သုံး အောက်ဆီဂျင်စက် (Oxygen Concentrator) ၉၄ ခုကို တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ် -၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုလျက် ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေး ကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက် ပေးထားကြောင်း သိရသည်။ **သတင်းစဉ်**



# ဟိုင်းကြီးကျွန်းမြို့၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**ဟိုင်းကြီးကျွန်း ဇန်နဝါရီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ အမှတ် (၃) ရပ်ကွက်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ ရှေ့တန်းရုံးမှ ဦးသန့်ဇင်ထွန်း ဦးဆောင်၍ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သော ကတ်တစ်မျိုးမျိုး ထုတ်ပေးရေးလုပ်ငန်းများကို ဇန်နဝါရီ ၁၃ ရက်မှ ၁၅ ရက်အထိ သုံးရက်ကြာ အမှတ် (၃) ရပ်ကွက် မိခင်နှင့်ကလေး စောင့်ရှောက်ရေးရုံး၌ ဆောင်ရွက်ပေးကြောင်း သိရသည်။

အဆိုပါ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ခြင်းကို အသက် ၁၀ နှစ်နှင့်အထက် နိုင်ငံသားကတ် စုစုပေါင်း ၅၀၊ အသက် ၁၈ နှစ်နှင့်အထက် နိုင်ငံသားကတ်စုစုပေါင်း ၁၁၃ ဦး၊ အသက် ၁၀ နှစ်မှ ၁၈ နှစ်ပြည့် လဲလှယ်တွင် စုစုပေါင်း ၁၂၇ ဦး၊ ပျောက်ဆုံး၊ ပျက်စီးထုတ်ပေးခြင်းတွင် စုစုပေါင်း ၁၅၁ ဦးတို့ကို ဆောင်ရွက်ပေးလျက်ရှိရာ ကညင်ချောင်းကျေးရွာတွင် အမျိုးသား အမျိုးသမီး စုစုပေါင်း ၄၄၁ ဦး ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း သိရသည်။ **နွေးနွေးအောင်ကြွယ်**

# တွန်ဂါနိုင်ငံကို အကူအညီပေးရန် သြစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့ လုပ်ဆောင်

**ဝယ်လင်တန် ဇန်နဝါရီ ၁၇**

သြစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့သည် တွန်ဂါနိုင်ငံတွင် ဇန်နဝါရီ ၁၅ ရက်က ရေအောက်မီးတောင် ပေါက်ကွဲမှုကြောင့် ပျက်စီးဆုံးရှုံးမှုများကို အကဲဖြတ်ရန်အတွက် ထောက်လှမ်းရေးလေယာဉ်ကို တွန်ဂါနိုင်ငံသို့ စေလွှတ်ခဲ့ကြောင်း သိရသည်။

တွန်ဂါမြို့တော် နူကူလိုဖာ မြောက်ဘက် ၆၅ ကီလိုမီတာအကွာတွင် ရေအောက်မီးတောင် ပေါက်ကွဲမှု ဖြစ်ပွားခဲ့သည်။ ရေအောက်မီးတောင် ပေါက်ကွဲမှုကြောင့် ဆူနာမီလှိုင်းလုံးများမှာ ၈၀ စင်တီမီတာအမြင့်ရှိသည်ဟု သိရသည်။

ဆူနာမီလှိုင်းလုံးများသည် အမေရိကန်ပြည်ထောင်စု အနောက်ဘက်ကမ်းရိုးတန်းနှင့် ဂျပန် ပစိဖိတ်ကမ်းရိုးတန်းအထိ ရောက်ရှိကြောင်း သိရသည်။ ဆူနာမီသတိပေးချက်များကို ဇန်နဝါရီ ၁၆ ရက်တွင် ရုပ်သိမ်းခဲ့ကြသည်။

တောင်ပစိဖိတ်ကျွန်းနိုင်ငံဖြစ်သည့် တွန်ဂါနိုင်ငံ အချို့အစိတ်အပိုင်းများတွင် အင်တာနက်ဝန်ဆောင်မှုနှင့် အခြားသော ဆက်သွယ်ရေးလိုင်းများမှာ ပြတ်တောက်ဆဲဖြစ်သည့်အတွက် ပျက်စီးဆုံးရှုံးမှုများကို အကဲဖြတ်ရန် ခက်ခဲနေသေးသည်။

ဇန်နဝါရီ ၁၇ ရက်တွင် သြစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့သည် တွန်ဂါနိုင်ငံရှိလမ်းများ၊ ဆိပ်ကမ်းများနှင့် အခြားသော အခြေခံအဆောက်အအုံများ မည်မျှပျက်စီးသွားသည်ကို ခြေရာခံရန်အတွက် စစ်ဘက်သုံးထောက်လှမ်းရေးလေယာဉ်ကို စေလွှတ်ခဲ့သည်။

တွန်ဂါနိုင်ငံရှိ ရေအောက်ဆက်သွယ်ရေး ကေဘယ်ကြိုးများကို ပြင်ဆင်သည့် ကုမ္ပဏီမှအရာရှိတစ်ဦးကလည်း ဆက်သွယ်ရေးလိုင်းများ ဝန်ဆောင်မှုပေးနိုင်ရန် အချိန်နှစ်ပတ်ခန့် ကြာမြင့်ဦးမည်ဟု ပြောသည်။

**အင်န်အိတ်ချ်ကေ**



သြစတြေးလျလေယာဉ် တွန်ဂါနိုင်ငံသို့ ဦးတည်ထွက်ခွာသွားသည်ကို တွေ့ရစဉ်။

# ကိုဗစ် -၁၉လူနာများအတွက် ပြည်သူများ၏ ထောက်ပံ့ပေးမှုရရှိရန် လာအိုကျန်းမာရေးဝန်ထမ်းများ တောင်းဆို

**ဗီယင်ကျန်း ဇန်နဝါရီ ၁၇**

လာအိုနိုင်ငံ၌ ကိုဗစ် -၁၉ ကူးစက်ခံရသူကို နှိမ့်ချဆက်ဆံခြင်းမျိုး မပြုလုပ်ကြရန် အများပြည်သူအား လာအိုကျန်းမာရေးအာဏာပိုင်များက တောင်းဆိုခဲ့သည်။

ကိုဗစ် -၁၉ ကူးစက်ခံရသည့်လူနာကို အားပေးထောက်ပံ့မှုများ ပြုလုပ်ကြရန်လည်း တောင်းဆိုခဲ့သည်။ လူ့အသိုင်းအဝိုင်း ဆက်လက်ရှင်သန်ရေးအတွက် ကိုယ်ချင်းစာမှုနှင့်နားလည်မှုတို့မှာ လိုအပ်သည့် အစိတ်အပိုင်းများဖြစ်ကြောင်း၊ ယခုကြုံတွေ့နေရသည့် စိန်ခေါ်မှုများနှင့် လိုက်လျောညီထွေရှိစွာ နေထိုင်နိုင်ရန် လိုအပ်ကြောင်း ဗီယင်ကျန်းတိုင်းမ်စ်တွင် ဇန်နဝါရီ ၁၇ ရက်က ဖော်ပြထားသည်။

ဇန်နဝါရီ ၁၇ ရက်အထိ လာအိုနိုင်ငံ၌ ကိုဗစ် -၁၉ ကူးစက်ခံရသူ ၁၂၅၃၃၃ ဦးရှိပြီး သေဆုံးသူ ၄၉၇ ဦးရှိသည်။ လာအိုနိုင်ငံ၌ ကိုဗစ် - ၁၉ ပထမဆုံးကူးစက်မှုကို ၂၀၂၀ ပြည့်နှစ် မတ်လ ၂၄ ရက်နေ့တွင် ပထမဆုံး တွေ့ရှိခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ**

# ပါလက်စတိုင်းဒေသ၌ အိုမီခရွန်ကူးစက်ခံရသူ ၇၀၀ ရှိလာ

**ရမ်မလာ ဇန်နဝါရီ ၁၇**

ပါလက်စတိုင်းနယ်မြေများတွင် ပြီးခဲ့သည့် နှစ်လကျော် ကာလအတွင်း အိုမီခရွန်ကူးစက်ခံရသူစုစုပေါင်းမှာ ၇၀၀ အထိရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဇန်နဝါရီ ၁၆ ရက်တွင် ပြောသည်။

အိုမီခရွန်ကူးစက်မှုများတိုးလာခြင်းမှာ စိုးရိမ်ဖွယ်ရာကောင်းသည်ဟု ပါလက်စတိုင်းကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ကမဲလ်အယ်ရှိတ်ဟာရာက ပြောသည်။

အနောက်ဘက်ကမ်းတွင် ကိုဗစ် -၁၉ ဖြစ်ပွားမှုနှုန်းမှာ ၃၀ ရာခိုင်နှုန်းရှိပြီး ယခုအချိန်အထိ ကာကွယ်ဆေးမထိုးသူများအတွက် စိုးရိမ်စရာကောင်းကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

လာမည့်ရက်များအတွင်း ကူးစက်မှုများ များပြားလာနိုင်သည့်အတွက် ကာကွယ်ဆေးကို ဖြစ်နိုင်သမျှ မြန်မြန်ထိုးကြရန်၊ ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ရန်နှင့် လူမှုဝေးကွာအစီအစဉ်များအတိုင်း လိုက်နာကြရန်အတွက်လည်း ၎င်းက တိုက်တွန်းခဲ့သည်။

ဇန်နဝါရီ ၁၆ ရက်က အနောက်ဘက်ကမ်းနှင့် ဂါဇာဒေသတို့တွင် ကိုဗစ် -၁၉ ကြောင့် သေဆုံးသူ သုံးဦးရှိပြီး နောက်ထပ်ကူးစက်ခံရသူ ၆၄၂ ဦးရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

**ဆင်ဟွာ**

# ကပ်ရောဂါဖြစ်ပွားနေသည့်ကြားမှ ဂျပန်နိုင်ငံ၏ မော်တော်ဆိုင်ကယ်ရောင်းချမှု ရောင်းအားမြင့်

**တိုကျို ဇန်နဝါရီ ၁၇**

ဂျပန်နိုင်ငံ၏ ပြည်တွင်းမော်တော်ဆိုင်ကယ်များ တင်ပို့ရောင်းချမှုမှာ ၂၀၂၂ ခုနှစ်၌ လေးနှစ်တာကာလအတွင်း ရောင်းအား အမြင့်ဆုံးဟု သိရသည်။

ကိုဗစ် -၁၉ ကပ်ရောဂါကြောင့် လူစုလူဝေးကို ရှောင်ရှားရန်အတွက် လူအများက အခြားသော သယ်ယူပို့ဆောင်ရေးနည်းလမ်းကို အသုံးပြုလာသည့်အတွက် ယခုလို ရလဒ်ထွက်ပေါ်လာခြင်းဖြစ်သည်။

ပြီးခဲ့သည့် နှစ်အတွင်း မော်တော်ဆိုင်ကယ် ၃၇၈၇၂၀ ကို တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်နှင့် နှိုင်းယှဉ်လျှင် ၁၅ ရာခိုင်နှုန်းတိုးလာသည်ဟု ဂျပန်နိုင်ငံ မော်တော်ယာဉ်လုပ်ငန်းရှင်များအသင်းက ပြောသည်။

ကိုဗစ် -၁၉ကြောင့် ကိုယ်ပိုင်ယာဉ်များ လိုအပ်ချက် တိုးလာမည်ကို စိုးရိမ်မှုများ ပျံ့နှံ့လျက်ရှိသည်။ တိုကျိုမြို့ရှိ မော်တော်ဆိုင်ကယ် အရောင်းဆိုင်တစ်ဆိုင်တွင် ရောင်းချရမှုမှာ ၁၀ ရာခိုင်နှုန်း တိုးလာသည်ဟု သိရသည်။

လူအများအပြားမှ အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးယာဉ်များကို အသုံးပြုမည့်အစား မော်တော်ဆိုင်ကယ်များကို အသုံးပြုလာသည်ဟု ဝန်ထမ်းတစ်ဦးက ပြောသည်။

မော်တော် ဆိုင်ကယ်များကို လူများ ပြန်လည်စိတ်ဝင်စားလာသည့်အတွက် ဝမ်းသာမိကြောင်း မော်တော်ဆိုင်ကယ် အရောင်းဆိုင်မှ မန်နေဂျာက ပြောသည်။

သို့သော်လည်း ဝယ်သူ၏ လိုအပ်ချက်အတိုင်း ဖြည့်စွမ်းပေးနိုင်ခြင်းမရှိမည်ကို စိုးရိမ်မိကြောင်းကိုလည်း ၎င်းက ပြောသည်။



လူအများအပြားက မော်တော်ဆိုင်ကယ် ဝယ်စီးလိုကြသော်လည်း ဈေးကွက်တွင် ပစ္စည်းပြတ်လပ်မှု ဖြစ်ပေါ်မည်ကို စိုးရိမ်နေရသည်ဟု ၎င်းက ဆက်ပြောသည်။

စက်ပစ္စည်းအစိတ်အပိုင်းများ ပြတ်တောက်မှု ဖြစ်နေသည့်အတွက် ပြီးခဲ့သည့်နှစ်လယ်ပိုင်းမှစတင်ကာ ဝယ်သူများ၏ လိုအပ်ချက်အတိုင်း မော်တော်ဆိုင်ကယ်များ မထုတ်လုပ်နိုင်ချေ။

**အင်န်အိတ်ချ်ကေ**

# ချီလီနိုင်ငံ၌ ကိုဗစ် -၁၉ နေ့စဉ်ကူးစက်မှု စံချိန်တင်မြင့်မားလျက်ရှိ

**ဆန်တီယာဂို ဇန်နဝါရီ ၁၇**

ချီလီနိုင်ငံ၌ ကိုဗစ် -၁၉ နေ့စဉ်ကူးစက်မှုမှာ ဒုတိယမြောက်နေ့အဖြစ် စံချိန်တင်များပြားလျက်ရှိသည်။

ပြီးခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ် -၁၉ နောက်ထပ်ကူးစက်ခံရသူ ၉၄၅၄ ဦးရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ဇန်နဝါရီ ၁၆ ရက်က ပြောသည်။

ချီလီပြည်သူများအနေဖြင့် မိမိကိုယ်ကို ကာကွယ်ရေးနည်းလမ်းများဖြင့် ကာကွယ်ကြရန် ချီလီပြည်သူ့ကျန်းမာရေးလက်ထောက်အတွင်းဝန်ဖြစ်သူ မရီယာထရီဆာဗယ်လန်ဇူလာက တိုက်တွန်းခဲ့သည်။

လက်ရှိတွင်ကူးစက်မှုများ များပြားနေသော်လည်း ယခင်ကူးစက်မှုလှိုင်းများလောက် ဆေးရုံတက်ရသူနှင့် အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူရသူအရေအတွက်မှာ များပြားခြင်းမရှိဟု ၎င်းကပြောသည်။

လက်ရှိအခြေအနေများကို ကြည့်လျှင် ကာကွယ်ဆေးမှာ ရောဂါပြင်းထန်မှုကို ကာကွယ်ပေးပြီး သေဆုံးမှုနှုန်းကိုလည်း လျှော့ချပေးနိုင်သည် ၎င်းကဆက်ပြောသည်။

**ဆင်ဟွာ**



ချီလီနိုင်ငံ ဆန်တီယာဂိုမြို့တွင် ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ကာ သွားလာနေကြသူများကို တွေ့ရစဉ်။

# ဗီယက်နမ်နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူပေါင်း ၁၆၉ သန်းကျော်လွန်

ဟနွိုင်း ဇန်နဝါရီ ၁၇

**ဗီယက်နမ်နိုင်ငံတွင် ဇန်နဝါရီ ၁၇ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၆၃၇၈ ဦးရှိကြောင်းဖော်ပြခဲ့ပြီး ပြည်ပကူးစက်ဖြစ်ပွားသူ ၅၃ ဦးနှင့် ပြည်တွင်းကူးစက်ဖြစ်ပွားသူ ၁၆၃၂၅ ဦးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး ဌာနက ထုတ်ပြန်ကြေညာသည်။**



ဗီယက်နမ်နိုင်ငံတွင် ကိုဗစ်-၁၉ စစ်ဆေးရန် နှာခေါင်းတို့ဖတ်နမူနာ ရယူနေသည်ကို တွေ့ရစဉ်။

ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားမှုနှင့်အတူ နိုင်ငံတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၂၀၄၅၂၉၀ အထိ ရောက်ရှိလာပြီး ၃၅၇၈၈ ဦး သေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆက်လက်သတင်းထုတ်ပြန်ဖော်ပြခဲ့သည်။

ဗီယက်နမ်မြို့တော် ဟနွိုင်းသည် ကိုဗစ်-၁၉ အစုလိုက်ကူးစက်မှု အများဆုံးနေရာတစ်ခုအဖြစ် ဆက်လက်တည်ရှိနေပြီး ဇန်နဝါရီ ၁၇ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၉၅၅ ဦးရှိခဲ့သည်။ ဒါနန်ပြည်နယ်မှ ၉၂၄ ဦး၊ ဟန်ယန်ပြည်နယ်မှ ၆၇၅ ဦးတို့ ဖြစ်ကြသည်။

တစ်နေ့တည်းတွင် တောင်ပိုင်း ကာမူပြည်နယ်တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၅၃၆၆ ဦး စမ်းသပ်တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးအာဏာပိုင်များက ပြောသည်။

နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကျန်းမာလာသူ ၁၇၄၇၄၆၂ ဦးရှိလာပြီး နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူ ပေါင်းမှာလည်း ၁၆၉ သန်း ကျော်လွန်လာပြီ ဖြစ်သည်။ ယင်းအနက် ၇၂ ဒသမ ၄ သန်းမှာ ဒုတိယ အကြိမ်ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးပြီဖြစ်ကာ ၁၇ ဒသမ ၉ သန်းမှာ တတိယအကြိမ်ထိုးနှံပြီးပြီ ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆက်လက် ဖော်ပြထားသည်။

ဗီယက်နမ်တွင် ကိုရိုနာဗိုင်းရပ်စ် လှိုင်းဂယက် လေးကြိမ် တိုက်ခတ်ခြင်းကို ကြီးမားစွာ ခံစားခဲ့ရသည်။ ဇန်နဝါရီ ၁၇ ရက်အထိ ပြည်တွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း နှစ်သန်း ကျော်ရှိခဲ့သည်။

ဆင်ဟွာ

## ဂျပန်နိုင်ငံတွင် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကို ကူးစက်မှုကို နှိမ်နင်းသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ပြောကြား

**တိုကျို ဇန်နဝါရီ ၁၇**

အိုမီခရွန်ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှု ဖြစ်ပွားနေချိန်တွင် ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီးဒါးက ဂျပန်နိုင်ငံတွင် ဖြစ်ပွားနေသော ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကို ထိရောက်စွာကိုင်တွယ်သွားမည် ဖြစ်ကြောင်း ဇန်နဝါရီ ၁၇ ရက်က ပြောကြားလိုက်သည်။

ဗိုင်းရပ်စ်သည် ထင်ထားတာထက် ပိုပြီး အထင်ကြီးစရာကောင်းကြောင်းနှင့် ပြည်သူလူထုအနေဖြင့် ပူးပေါင်းပါဝင်ကြရန် ၎င်းက တိုက်တွန်းပြောကြားထားသည်။

ထို့အပြင် ကိုဗစ်-၁၉ အပိုဆောင်း ကာကွယ်ဆေးများ အများအပြားထိုးနှံခြင်းနှင့် ကလေးများကို ကိုဗစ်-၁၉ ကာကွယ်ဆေးများ ထိုးနှံခြင်းဖြင့် ဗိုင်းရပ်စ်ကို တိုက်ထုတ် နှိမ်နင်းသွားရန် ကတိပေးထားသည်။

ရောဂါပြင်းထန်သူများအတွက် ဆေးဘက်ဆိုင်ရာ ကူညီထောက်ပံ့မှုများကို လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း ၎င်းကဆက်လက် ပြောကြားထားသည်။

ဆင်ဟွာ

## အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၄၂၇၂၄၂၁ ဦးအထိ ရှိလာ

**ဂျကာတာ ဇန်နဝါရီ ၁၇**

အင်ဒိုနီးရှားနိုင်ငံတွင် ဇန်နဝါရီ ၁၇ ရက်က ကိုဗစ်-၁၉ ထပ်မံ ကူးစက်ဖြစ်ပွားသူ ၇၇၂ ဦး တိုးလာမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ပေါင်း ၄၂၇၂၄၂၁ ဦးအထိ ရှိလာခဲ့သည်။

အိုမီခရွန် ကူးစက်ဖြစ်ပွားသူပေါင်း ဇန်နဝါရီ ၁၅ ရက်က ၇၄၈ ဦး တိုးလာခဲ့ရာ ယင်းအနက် ၅၆၉ ဦးမှာ နိုင်ငံခြားကူးစက်ဖြစ်ပွားမှုဖြစ်ပြီး ၅၁ ဦးမှာ ပြည်တွင်း ကူးစက်ဖြစ်ပွားမှုဖြစ်ကြောင်း အဆင့်မြင့်အရာရှိတစ်ဦးဖြစ်သူ ဆီတီနာဒီယာ တာမီဇီက ပြောသည်။

နိုင်ငံခြား ကူးစက်ဖြစ်ပွားမှု အများစုမှာ ဆော်ဒီအာရေဗျမှ ဖြစ်ကြောင်း၊ ထို့နောက် တူရကီ၊ အမေရိကန်ပြည်ထောင်စု၊ မလေးရှားနှင့် အာရပ်စော်ဘွားများ ပြည်ထောင်စုတို့ ဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောကြား သည်။

ဇန်နဝါရီ ၁၇ ရက်အထိကိုဗစ်-၁၉ ဖြင့် သေဆုံးသူ ၁၄၄၁၇၄ ဦး အထိ ရှိလာကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက ဖော်ပြသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှဆင်းလာသူ ၅၉၈ ဦး ရှိလာသောကြောင့် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာသူ ၄၁၁၉၄၇၂ ဦးအထိ ရှိလာသည်။

ယနေ့အချိန်အထိ လူပေါင်း အနည်းဆုံး ၁၇၀ ဒသမ ၅၃ သန်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးပြီဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပြီးသူပေါင်း ၁၁၆ ဒသမ ၉ သန်း ရှိကြောင်း ကျန်းမာရေးဝန်ကြီး ဌာနက သတင်းထုတ်ပြန်ကြေညာ လိုက်သည်။

အစိုးရသည် နိုင်ငံ့လူဦးရေ၏ ၈၀ ရာခိုင်နှုန်းဖြစ်သည့် ပြည်သူ ၂၀၈ ဒသမ ၂၆ သန်းကို ကာကွယ်ဆေးထိုးပေးနိုင်ရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိသည်။

ဆင်ဟွာ

## အာဖရိကတွင် ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၁၀ ဒသမ ၃၂ သန်းကျော်လွန်

**အဒစ်အဘာဘာ ဇန်နဝါရီ ၁၇**

အာဖရိကတွင် ဇန်နဝါရီ ၁၆ ရက် ညနေပိုင်းအထိ ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၁၀၃၂၇၇၈၇ ဦးအထိ ရှိလာခဲ့ကြောင်း အာဖရိကရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာန (အာဖရိက စီဒီစီ)က ပြောသည်။

စီဒီစီက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် သေဆုံးသူပေါင်းမှာ ၂၃၄၂၆၇ ဦး ရှိလာပြီဖြစ်ကြောင်းနှင့် ၉၂၂၄၁၄၈ ဦးမှာ ကိုဗစ်-၁၉ ကင်းစင်သွားပြီဖြစ်ကြောင်း သိရသည်။

တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှား၊ အီသီယိုးပီးယားနိုင်ငံတို့သည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အများဆုံးနိုင်ငံများဖြစ်ကြောင်း အာဖရိကရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက ပြောသည်။ အာဖရိကတွင် တောင်အာဖရိကသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၃၅၅၆၆၃၃ ဦးဖြင့် ကူးစက်ဖြစ်ပွားမှု အများဆုံးဖြစ်ကာ မော်ရိုကိုနိုင်ငံသည် ၁၀၄၅၂၅ ဦးဖြင့် နောက်မှလိုက်လျက်ရှိကြောင်း သိရသည်။

တောင်အာဖရိကသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အများဆုံးဖြစ်ပြီး အာဖရိကမြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့သည် ဒုတိယကူးစက်ဖြစ်ပွားမှုအများဆုံးဖြစ်သည်။ အာဖရိကအလယ်ပိုင်းသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအနည်းဆုံးဖြစ်ကြောင်း စီဒီစီ၏ ထုတ်ပြန်ချက်အရ သိရသည်။

ဆင်ဟွာ

## ထိုင်းအစိုးရက လာမည့်သီတင်းပတ်အတွင်း ကိုဗစ်-၁၉ ကန့်သတ်ချက်အချို့ကို ဖြေလျှော့ပေးမည်

**ဗန်ကောက် ဇန်နဝါရီ ၁၇**

ထိုင်းနိုင်ငံတွင် ဇန်နဝါရီ ၁၇ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ သစ် ၆၉၂၉ ဦး ရှိခဲ့ကြောင်းနှင့် ၁၃ ဦး ထပ်မံသေဆုံးခဲ့ကြောင်း ကိုဗစ်-၁၉ အခြေအနေ စီမံခန့်ခွဲရေးစင်တာ (စီစီအက်စ်အေ) က သတင်းထုတ်ပြန် ဖော်ပြလိုက်သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ အများစုမှာ မြို့တော်ဗန်ကောက်မှ ဖြစ်သည်။ ထို့နောက် ဆမွတ်ပရာခန်၊ ချွန်ဘူရီ၊ ဖူးခက်နှင့် နွန်သာဘူရီတို့တွင်လည်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ ဖြစ်လျက်ရှိသည်။

သေဆုံးသူ အများစုမှာ အသက် ၆၀ ကျော် လူနာများဖြစ်ကြောင်းနှင့် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကျန်းမာလာသူပေါင်း ၅၂၅၅ ဦးရှိကြောင်း စီစီအက်စ်အေက သတင်း ထုတ်ပြန်ဖော်ပြခဲ့သည်။




ထိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို ကာကွယ်ရန် ပါးစပ်နှာခေါင်းစည်းတပ်ဆင်သွားလာနေသည့် ခရီးသွားပြည်သူများကို တွေ့ရစဉ်။

နိုင်ငံအတွင်းရှိ ကိုဗစ်-၁၉ အခြေအနေမှာ တည်ငြိမ်လျက်ရှိကာ အစိုးရသည် လာမည့် သီတင်းပတ် အနည်းငယ်အတွင်း ကိုဗစ်-၁၉ ကန့်သတ်ချက်အချို့ကို ဖြေလျှော့ပေးရန် စဉ်းစားလျက်ရှိသည်။

ထိုင်းနိုင်ငံတွင် အိုမီခရွန်ဗိုင်းရပ်စ်ကြောင့် သေဆုံးသူ နှစ်ဦးရှိလာပြီဖြစ်သည်။ သေဆုံးသူနှစ်ဦးလုံးမှာ အသက် ၈၀ ကျော်များဖြစ်ကြသည်။

ထိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီး သူပေါင်း ၁၀၉ သန်းကျော်ရှိလာပြီဖြစ်သည်။ နိုင်ငံလူဦးရေ၏ ၆၆ ဒသမ ၁ ရာခိုင်နှုန်းမှာ ကိုဗစ်-၁၉ ကာကွယ်ဆေး အပြည့်အဝ ထိုးပြီးပြီဖြစ်ကာ ၁၄ ဒသမ ၁ ရာခိုင်နှုန်းမှာ အပိုဆောင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှု ခံယူပြီးပြီ ဖြစ်သည်။

ဆင်ဟွာ

# ဇန်နဝါရီ ၁၇ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၀၁ ဦး တွေ့ရှိ

## ထပ်မံသေဆုံးသူ ၂ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၁၉၃၀၄ ဦး ရှိ

(၁၇-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား COVID-19 ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၆-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၇-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၈၈၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၀၁) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုး တွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၁၄) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၂၁၂,၈၇၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၃၃,၂၄၅) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၂၂) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၁၁,၃၃၃) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၂) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၃၀၄) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၁၇-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၈၁၉) ခု | (၁၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၇၈) ခု | (၄) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၂၃) ခု | (၂) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၆) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၀၀၇) ခု | (၁၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃၇၁) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆,၃၇၁) ခု | (၆၂) ဦး |
| **စုစုပေါင်း** | (၈,၈၈၅) ခု | (၁၀၁) ဦး |

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) နှင့် ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါ ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ အိုမီခရွန်ဗီဇပြောင်းကိုဗစ်-၁၉ရောဂါပိုး ကူးစက်မှုမှကာကွယ်ရေးအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အခြေခံ စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်းစသည်တို့ကို မမေ့မလျော့သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်း နှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၁၇-၁ -၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၆၆၉၉၅၃၃ | ၄၃၀၉၀၆၄၄ | ၈၇၃၅၆၄ |
| ၂။ | အိန္ဒိယ | ၃၇၃၈၀၂၅၃ | ၃၅၂၃၇၄၆၁ | ၄၈၆၄၈၂ |
| ၃။ | ဘရာဇီး | ၂၃၀၀၆၉၅၂ | ၂၁၇၁၀၈၃၁ | ၆၂၁၀၉၉ |
| ၄။ | ပြင်သစ် | ၁၅၂၁၇၂၈၀ | ၁၁၃၈၉၁၈၁ | ၁၅၁၉၈၇ |
| ၅။ | ဗြိတိန် | ၁၄၁၇၂၃၈၄ | ၉၀၁၉၄၈၄ | ၁၅၂၆၉၆၇ |
| ၆။ | ရုရှား | ၁၀၈၃၄၂၆၀ | ၉၈၇၈၃၇၁ | ၃၂၁၉၉၀ |
| ၇။ | တူရကီ | ၁၀၄၅၇၁၆၄ | ၉၆၆၅၅၀၄ | ၈၄၇၅၈ |
| ၈။ | အီတလီ | ၈၇၀၆၉၁၅ | ၆၀၁၆၉၅၄ | ၁၄၁၁၀၄ |
| ၉။ | စပိန် | ၈၀၉၃၀၃၆ | ၅၂၄၉၃၇၂ | ၉၀၇၅၉ |
| ၁၀။ | ဂျာမနီ | ၇၉၉၁၄၃၂ | ၇၀၀၀၀၀၀ | ၁၁၆၂၆၈ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၁၇- ၁ - ၂၀၂၂

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၇၂၄၂၁ | ၄၁၁၉၄၇၂ | ၁၄၄၁၇၄ |
| ဖိလစ်ပိုင် | ၃၂၄၂၃၇၄ | ၂၈၉၈၅၀၇ | ၅၂၈၂၉ |
| မလေးရှား | ၂၈၀၈၃၄၇ | ၂၇၃၅၃၅၅ | ၃၁၇၉၃ |
| ထိုင်း | ၂၃၃၁၄၁၄ | ၂၂၂၇၂၆၆ | ၂၁၉၄၁ |
| ဗီယက်နမ် | ၂၀၂၃၅၄၆ | ၁၇၂၇၂၉၀ | ၃၅၆၀၉ |
| မြန်မာ | ၅၃၃၂၄၅ | ၅၁၁၃၃၃ | ၁၉၃၀၄ |
| စင်ကာပူ | ၂၉၁၈၄၉ | ၂၈၃၈၈၁ | ၈၄၃ |
| လာအို | ၁၂၅၃၃၃ | ၁၁၆၆၈၂ | ၄၉၇ |
| ကမ္ဘောဒီးယား | ၁၂၀၈၂၅ | ၁၁၇၁၁၈ | ၃၀၁၅ |
| ဘရူနိုင်း | ၁၅၇၅၀ | ၁၅၃၈၁ | ၉၈ |



အပြင်ထွက်တိုင်း
ပါးစပ်နှင့်နှာခေါင်းစည်း(mask) ကို
စနစ်တကျ
မပျက်မကွက် တပ်ဆင်ပါ



တတ်နိုင်သမျှ
မိမိအိမ်တွင်သာ
နေပါ

# ၁၄-၁-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် (၁၁)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၁)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ဇန်နဝါရီ ၁၄ ရက် မွန်းလွဲပိုင်းက ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။ အဆိုပါသတင်းစာရှင်းလင်းပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများက သတင်းမီဒီယာများ၏ သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။**

*(ယမန်နေ့မှအဆက်)*

**အထူးဟစ်တိုင်သတင်းမီဒီယာမှ တာဝန်ခံအယ်ဒီတာ ဦးအောင်ကျော်ဦးက** မြို့နယ်များတွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ စာရင်းပြုစုခြင်း၊ ကော်မတီဖွဲ့စည်းခြင်းတို့ လုပ်ဆောင်နေသည်ဟု ကြားသိရကြောင်း၊ အဆိုပါကိစ္စနှင့်ပတ်သက်၍ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လတွင် ရွေးကောက်ပွဲပြုလုပ်မည်ဟုလည်း ကြားသိရကြောင်း၊ ယင်းကိစ္စကို အတည်ပြုနိုင်ခြင်း ရှိ/မရှိ သိလိုကြောင်း မေးမြန်းသည်။



နိုင်ငံရေးပါတီများအား ရွေးကောက်ပွဲကော်မရှင်ဥပဒေနှင့်အညီ စစ်ဆေးမှု။

### ရွေးကောက်ပွဲကျင်းပပေးမည်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက** မဲစာရင်းများပြုစုနေခြင်းနှင့်ပတ်သက်၍ မိမိအနေဖြင့် တင်ပြပြီးဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လုပ်ငန်းစဉ်(၅) အရ ရွေးကောက်ပွဲပြုလုပ်ပေးရမည်ဖြစ်ကြောင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးပါက ရွေးကောက်ပွဲပြုလုပ်ပေးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲပြုလုပ်ရာတွင် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် အားနည်းချက်များ၊ ပြဿနာများ၊ အခက်အခဲများကို သုံးသပ်ပြီး မဲစာရင်းနှင့်ပတ်သက်၍ မှန်ကန်ပြည့်စုံစေရန် ဆောင်ရွက်သည့်အနေဖြင့် မဲစာရင်းများကို ပြန်လည်သုံးသပ်ပြီး ယခင်မဲစာရင်းများမှ မှားယွင်းသည်များကို ပယ်ဖျက်၍ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့ ပူးပေါင်းလုပ်ဆောင်နေသည်မှာ ၇၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း၊ ယခုဇန်နဝါရီလကုန်ခန့်တွင် First Round ပြီးမည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့်မဲစာရင်းများထက် ပိုမိုပြည့်စုံမှန်ကန်စွာဖြစ်စေရေး စိစစ်ခြင်းများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ အလားတူ လုပ်ငန်းစဉ်(၁)အရ ဆောင်ရွက်စရာရှိသည်များကို ဆောင်ရွက်ဆဲဖြစ်ကြောင်း၊ ယင်းကိစ္စများပြီးဆုံးပါက နောက်ရွေးကောက်ပွဲကျင်းပရာတွင် ကော်မရှင်အဖွဲ့ခွဲကို အများယုံကြည်သူ ပုဂ္ဂိုလ်များပါဝင်သည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအသစ်များ ဖွဲ့စည်းရမည်ဖြစ်ခြင်းကြောင့် ဖွဲ့စည်းနိုင်ရေးအတွက် ကြိုတင်ဆောင်ရွက်မှုများပြုလုပ်နေကြောင်း၊ ယခုတင်ပြမှုများသည် ကြိုတင်ဆောင်ရွက်နေသည့် လုပ်ငန်းများဖြစ်ကြောင်း၊ လိုအပ်သည့် အချက်အလက်များ၊ ဝန်ထမ်းပိုင်းဆိုင်ရာနှင့် အခြေခံအဆောက်အဦ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲကို မည်သည့်အချိန်တွင် ပြုလုပ်မည်ဆိုသည်နှင့် ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁၁)အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များရှိကြောင်း၊ အဆိုပါအထဲမှ ဥပဒေပုဒ်မ(၄၂၅၊ ၄၂၆၊ ၄၂၉)တို့တွင် ဖတ်မည်ဆိုပါက တွေ့ရှိမည်ဖြစ်ကြောင်း၊ အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လုပ်ငန်းစဉ်(၅)အရ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးပါက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ လွှတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျင်းပပေးမည်ဖြစ်ကြောင်း၊ ထို့အတွက်လည်း လိုအပ်သည်များ ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ဖြေကြားသည်။

**Myanmar National Post သတင်းဌာနမှ အယ်ဒီတာချုပ် နောင်တော်လေး** က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ပါတီများကို စစ်ဆေးထားသည့် စာရင်းများ ထုတ်ပြန်ထားရာတွင် NLD ပါတီထုတ်ပြန်ထားသည်ကို မတွေ့ရှိရသေးကြောင်း၊ NLD ပါတီမှ အစစ်ဆေးမခံခြင်းလား၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သွားရောက်မစစ်ဆေးခြင်းလားဆိုသည်ကို ကနဦးမေးလိုကြောင်း၊ အကြမ်းဖက် NUG၊ CRPH၊၊ PDF များနှင့် NLD တို့၏ ဆက်စပ်မှုကို UEC အနေဖြင့် မည်သို့တွေ့ရှိရသည်ကို သိလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက** မိမိတို့အနေဖြင့် ဒီဇင်ဘာလအထိ နိုင်ငံရေးပါတီ ၅၁ ပါတီအား စစ်ဆေးပြီးဖြစ်ကြောင်းကိုလည်း မိမိအနေဖြင့် ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်ကြောင်း၊ စစ်ဆေးရန် ၄၂ ပါတီ ကျန်ရှိကြောင်း၊ မိမိတို့စတင်စစ်ဆေးစဉ်က နိုင်ငံရေးပါတီ ၉၃ ပါတီရှိသည့်အနက် ၅၁ ပါတီ စစ်ဆေးပြီးဖြစ်၍ ၄၂ ပါတီ ကျန်ရှိနေခြင်းဖြစ်ကြောင်း၊ အဆိုပါ ပါတီများအနက် ပါတီတစ်ပါတီမှာ ပယ်ဖျက်ခွင့်(ရုပ်သိမ်းခွင့်) တောင်းဆိုခဲ့သည့်အတွက် ဖျက်သိမ်းခဲ့ကြောင်း၊ ၎င်းတို့၏ တင်ပြချက်အရ ပါတီမှတ်ပုံတင်ခြင်းမှ ပယ်ဖျက်ခြင်းကိုလည်း မိမိတို့အနေဖြင့် ကြေညာပြီးဖြစ်ကြောင်း၊ စစ်ဆေးရန်အတွက် နိုင်ငံရေးပါတီ ၄၂ ပါတီ ကျန်ရှိသေးပါကြောင်း၊ အဆိုပါအထဲတွင် NLD ပါတီလည်း ကျန်သေးပါကြောင်း၊ မိမိတို့ကော်မရှင်၏ အစီအစဉ်အရ နိုင်ငံရေးပါတီများကို ပါတီအကြီး/ အသေးမျှ၍ စစ်ဆေးလျက်ရှိပါကြောင်း၊ NLD ပါတီကိုမူ မစစ်ဆေးရသေးကြောင်း၊ သတ်မှတ်ချက်များနှင့်အညီ ပါတီအားလုံးကို စစ်ဆေးသွားမည်ဖြစ်ကြောင်း၊ ပါတီအားလုံးကို မစစ်ဆေးရသေးသဖြင့် ပါတီများနှင့်ပတ်သက်သည့် စာရင်းဇယား၊ အချက်အလက် အသေးစိတ်ကို အတည်ပြုပြီး တွေ့ရှိရသည့်အနေအထားမျိုး မိမိတို့ မဆောင်ရွက်ရသေးကြောင်း၊ မိမိတို့ထုတ်ပြန်သည့် သတင်းအချက်အလက်များ၊ နိုင်ငံတော်မှ ထုတ်ပြန်ထားသည့်အချက်များကို အားလုံးအသိပင်ဖြစ်ကြောင်း၊ မိမိတို့ ကော်မရှင်က စစ်ဆေးစိစစ်ပြီးမှသာ တိတိကျကျ သိရှိရမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**NHP သတင်းဌာနမှ အယ်ဒီတာချုပ် ဦးဝင်းဦးက** ငြိမ်းချမ်းရေးကိစ္စနှင့် ပတ်သက်သည်ဆိုသော်လည်း နိုင်ငံရေးပါတီ အစုအဖွဲ့အတွင်းမှ ဖြစ်နေသည့်အတွက် UEC အနေဖြင့် နိုင်ငံရေးပါတီအပိုင်းတွင် လုပ်ငန်းကြန့်ကြာနေသည့်ကိစ္စများကို မည်ကဲ့သို့ ပူးပေါင်းဆောင်ရွက်ပေးနိုင်မည်ကို မေးမြန်းလိုပါကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC)၊ နိုင်ငံရေးပါတီများ အစုအဖွဲ့ အမြဲတမ်းကော်မတီတွင် ၁၆ ပါတီရှိသည့်အနက် လုပ်ငန်းလုပ်ဆောင်နိုင်သည့် အခြေအနေမရှိသေးဟု သိရကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကြီးက ပြောထားသကဲ့သို့ အစောပိုင်းက ဗိုလ်ချုပ်ဇော်မင်းထွန်းကလည်း ငြိမ်းချမ်းရေးနှင့်ပတ်သက်လျှင် ယခုနှစ်က ငြိမ်းချမ်းရေးဖော်ဆောင်မည့်နှစ်ဟု ပြောခဲ့ပါကြောင်း၊ ထို့ကြောင့် ၎င်း၏သက်တမ်းမှာ ၄ လသာရှိပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် ၁၁ လပိုင်းတွင် အဆိုပါကော်မတီကို စတင်ဖွဲ့စည်းခဲ့ပါကြောင်း၊ ထိုကော်မတီ၏ သက်တမ်း ၄ လအနက် ၂ လခန့်မှာ အလုပ်မလုပ်ဖြစ်ဘဲ သက်တမ်းကုန်သည့် သဘောဖြစ်နေကြောင်း၊ ထို့ကြောင့် UEC အနေဖြင့် နိုင်ငံရေးပါတီများ၏ကိစ္စကို အဓိကလုပ်ဆောင်နေသဖြင့် ငြိမ်းချမ်းရေးကော်မရှင်နှင့်ချိတ်ဆက်၍ ငြိမ်းချမ်းရေး လုပ်ငန်းများ ဖော်ဆောင်ရာတွင် အကူအညီတောင်းခံလာခဲ့မည်ဆိုပါက ကြားဝင်ပေါင်းစပ်ညှိနှိုင်းပေးသည့်သဘောဖြစ်စေ ဆောင်ရွက်၍ ရနိုင်မည့် အခြေအနေ ရှိ/မရှိ သိလိုကြောင်း မေးမြန်းသည်။

### ပူးပေါင်းဆောင်ရွက်သွားမည်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက** နိုင်ငံတော်မှ လုပ်ဆောင်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ နိုင်ငံရေးပါတီများလည်း ပါဝင်ဆောင်ရွက်နေကြောင်း၊ ယခင်ကလည်း ပါဝင်ဆောင်ရွက်နေသကဲ့သို့ လက်ရှိတွင်လည်း ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများ တိုက်ရိုက်ဆောင်ရွက်သည့် အနေအထားမျိုးရှိကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ယင်းကိစ္စနှင့်ပတ်သက်ပြီး အကြောင်းကြားခြင်းမရှိသေးကြောင်း၊ သို့သော် လိုအပ်ပါက လိုအပ်သလို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**တဲ့ပြောအွန်လိုင်းမီဒီယာမှ အယ်ဒီတာချုပ် ဦးဇော်မင်းဦးက** ၂၀၂၀ ရွေးကောက်ပွဲကာလ၌ မိမိမှာ ဘားအံအကျဉ်းထောင်ထဲတွင် အကျဉ်းကျရောက်နေသဖြင့် ရွေးကောက်ပွဲအား သတင်းစာမှစောင့်ကြည့်နေခဲ့ကြောင်း၊ ယင်းသို့စောင့်ကြည့်နေစဉ် ကြိုတင်မဲနှင့်ပတ်သက်၍ ပြောလိုကြောင်း၊ ယနေ့ UEC မှ စာအုပ်ကို ဖတ်ကြည့်ရာတွင် မိမိ ထင်မှတ်ထားသည်နှင့် တစ်ထပ်တည်းဖြစ်နေသည်ကို တွေ့ခဲ့ရကြောင်း၊ မိမိက တိုက်ထဲတွင်နေရသည့်အတွက် ကိုဗစ်ကာလတွင် မိမိတို့တိုက်၏ အခန်း ၅ ခန်းကို

*စာမျက်နှာ ၁၇ သို့*

> ❍ **ရွေးကောက်ပွဲကို မည်သည့်အချိန်တွင် ပြုလုပ်မည်ဆိုသည်နှင့် ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁၁) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များရှိကြောင်း၊ အဆိုပါအထဲမှ ဥပဒေပုဒ်မ(၄၂၅၊ ၄၂၆၊ ၄၂၉)တို့တွင် ဖတ်မည်ဆိုပါက တွေ့ရှိမည်ဖြစ်ကြောင်း၊ အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လုပ်ငန်းစဉ်(၅) အရ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးပါက ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်မှ လွှတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပပေးမည် ဖြစ်ကြောင်း၊ ထို့အတွက်လည်း လိုအပ်သည်များ ပြင်ဆင်ဆောင်ရွက်လျက်ရှိ**

*စာမျက်နှာ ၁၆ မှ*

ကိုဗစ်အတွက် အချုပ်သားများ လာထားပါကြောင်း၊ ထားသည့်အခါ ကြိုတင်မဲပေးရပါကြောင်း၊ ကြိုတင်မဲပေးရာတွင် ကရင်ပြည်နယ်တွင် ဗမာ၊ မွန်၊ ပအိုဝ်းဆိုပါက မဲလေးမဲပေးရပြီး အခြားတိုင်းရင်းသားများသည် မဲသုံးမဲသာပေးရကြောင်း၊ သို့သော် အကျဉ်းထောင်အထဲမှ အချုပ်သားများသည် မဲတစ်မဲစီသာပေးကြရသည်ဆိုပြီး မိမိအား လာရောက်ပြောသူများရှိကြောင်း၊ ယင်းကိစ္စနှင့် ပတ်သက်၍ ရွေးကောက်ပွဲသည် တစ်ခုခုဖြစ်နိုင်ခြေရှိလိမ့်မည်ဟု မိမိပြောခဲ့ကြောင်း၊ အမှန်တကယ်လည်း ဖြစ်ပွားခဲ့ကြောင်း၊ ထိုဖြစ်စဉ်များကြောင့်တရားစွဲဆိုမှုများလည်းရှိခဲ့ကြောင်း၊ ယခင်သတင်းစာရှင်းလင်းပွဲတွင် ဦးခင်မောင်ဦးက သဘောရိုးနှင့်ဆိုပါက တရားမစွဲပါဟု ပြောဆိုခဲ့ခြင်းများလည်း ရှိခဲ့ပါကြောင်း၊ လာမည့်ရွေးကောက်ပွဲတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးဟု ဆိုခဲ့သော်လည်း မိမိတို့နိုင်ငံတွင် ပဋိပက္ခများ များပြားနေခြင်းကြောင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို မီဒီယာအခန်းကဏ္ဍအနေဖြင့် ပြောရမည်ဆိုပါက မိမိသည် နယ်စည်းမခြားသတင်းထောက်များအသင်းတွင် လုပ်ခဲ့ဖူးခြင်းကြောင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဖြစ်စေလိုကြောင်း။

**အမျိုးသားပြန်လည်သင့်မြတ်ရေး**

တချို့ မဲနှစ်မဲထည့်ခြင်း၊ သုံးမဲထည့်ခြင်းရှိကြောင်း၊ မရိုးသားသည့် နည်းဖြင့် တရားစွဲခြင်းဟု မဆိုလိုကြောင်း၊ သို့သော် မရိုးဖြောင့်ခြင်းတော့ ပေါ်လွင်ကြောင်း၊ ပျောက်ဆုံးနေသည့် မဲများကိုလည်း သက်ဆိုင်ရာကော်မရှင်က အဘယ့်ကြောင့် ခွင့်ပြုထားသည်ကို သိလိုကြောင်း၊ ထိုသို့လုပ်ဆောင်ရာတွင် သဘောရိုးဖြင့် လုပ်ရင်းကိုင်ရင်းနှင့် ရပ်/ကျေးကော်မရှင်များအနေဖြင့် လစာလည်းမရရှိကြောင်း၊ အချို့ တိုင်ကြားသူများအနေဖြင့် တစ်နှစ်ကျော်ကြာမှ တိုင်ကြားလာမှုများရှိကြောင်း၊ အမှန်တကယ်အားဖြင့် ရပ်/ကျေးကော်မရှင်မှ လုပ်နည်းကိုင်နည်းမှားခဲ့လျှင် မြို့နယ်ကော်မရှင်၊ ခရိုင်ကော်မရှင်၊ ပြည်နယ်ကော်မရှင် အဆင့်ဆင့်တက်ရမည်ဖြစ်ကြောင်း၊ ပါတီကသော်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်ကသော်လည်းကောင်း၊ လူတစ်ဦးချင်းကသော်လည်းကောင်း တက်ရမည်ဖြစ်ကြောင်း၊ ထိုသို့တက်ထားခြင်းမရှိဘဲ ယခုအချိန်မှ ဘားအံမြို့၊ အမှတ်(၇) ရပ်ကွက်၊ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌကို ခရိုင်ကော်မရှင်ဦးစီးအရာရှိမှ တရားစွဲခဲ့ကြောင်း၊ ထိုသို့တရားစွဲခြင်းသည် ၎င်းခရိုင်ဦးစီးအရာရှိထံ တိုင်ကြားခြင်းကြောင့် တရားစွဲဆိုခြင်းလားဆိုသည်ကို မေးခွန်းထုတ်စရာဖြစ်နေကြောင်း၊ ထို့ကြောင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် မီဒီယာအခန်းကဏ္ဍမှ သွားစေလိုကြောင်း၊ အချို့အရာများကို ဖြေလျှော့ပေးရန် အစီအစဉ် ရှိ/မရှိ သိလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက** ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများ၊ တရားမဲ့ပြုကျင့်မှုများစသည့် ပြဿနာများ ဖြစ်ပွားခဲ့မှုအပေါ် အရေးယူဆောင်ရွက်ခဲ့မှုနှင့်ပတ်သက်၍ မိမိအနေဖြင့် ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ မိမိတို့ကော်မရှင်ထံသို့ အလားတူ တရားမဲ့ပြုကျင့်သည့် ဖြစ်စဉ်များ၊ မဲမသမာမှုဖြစ်စဉ်များတင်ပြခဲ့ပါက အထောက်အထားစသည့် မှတ်တမ်းများရှိမည်ဖြစ်ကြောင်း၊ အလားတူ ကန့်ကွက်လွှာများ တင်ပြခဲ့ပါကလည်း အထောက်အထားနှင့် မှတ်တမ်းမှတ်ရာများ ရှိကြောင်း၊ အဆိုပါကိစ္စများနှင့်ပတ်သက်၍ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ခဲ့သည့်ပြဿနာများကို နောင်လာမည့် ရွေးကောက်ပွဲများတွင် ထိုသို့သော ပြဿနာများမဖြစ်စေရန်၊ ပြည်သူလူထုများလည်း သိရှိစေရန်၊ ထိုအနေအထားဖြင့် ၂၀၂၀ အထွေထွေရွေးကောက်ပွဲသည် ကျင်းပပြီးခဲ့သည့် ၂၀၁၀၊ ၂၀၁၅ ရွေးကောက်ပွဲကြီးဖြတ်ရွေးကောက်ပွဲများနှင့် မတူညီကြောင်း၊ ပြဿနာများလည်း များစွာဖြစ်ခဲ့ပြီး လက်ရှိအခြေအနေအထိ ရောက်ခဲ့ရသည့်အနေအထားကြောင့် မိမိတို့ကော်မရှင်အနေဖြင့် ယင်းသို့ဖြစ်စဉ်များ ထပ်မံမဖြစ်ပွားရန်အတွက် ပြဿနာများကျူးလွန်မှုနှင့်ပတ်သက်ပြီး စိစစ်ဖော်ထုတ်အရေးယူမှုများရှိကြောင်း၊ သို့သော် မိမိရှင်းလင်းတင်ပြခဲ့သလို စွပ်စွဲခံရသူများသည် ဥပဒေနှင့်အညီ ခုခံချေပနိုင်ခွင့်ရှိကြောင်း၊ ထိုသို့ခုခံချေပရာတွင် မိမိသည် သဘောရိုးအရဆောင်ရွက်ပြီး မှန်မှန်ကန်ကန်ဆောင်ရွက်ရာမှ မှားယွင်းမှုများ ဖြစ်ပွားသည်ဆိုပါက သက်ဆိုင်ရာ တရားရေးအဖွဲ့အစည်းများမှ ဥပဒေနှင့်အညီသာ စီရင်ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**နိုင်ငံ့အကျိုးပြုသတင်းမီဒီယာမှ သတင်းအယ်ဒီတာ ကိုခန့်က** လွှတ်တော်သုံးရပ်တွင် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် တိုင်းပြုပြည်ပြု ပြုလုပ်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကိုယ်စားလှယ်လောင်းများ အရည်အချင်း သတ်မှတ်ချက်အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် သို့မဟုတ် ပါတီ၊ မည်သည့်အဖွဲ့အစည်းက သတ်မှတ်ပေးသည်ကို သိလိုကြောင်း မေးမြန်းသည်။

**သတ်မှတ်ချက်နှင့် ညီ/ မညီ စိစစ်ရမည်**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက** ကိုယ်စားလှယ်လောင်း၏ အရည်အချင်းနှင့်ပတ်သက်၍ နှစ်ပိုင်းရှိကြောင်း၊ တစ်ပိုင်းမှာ ရွေးကောက်ပွဲအတွက် ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းရာတွင် ရွေးကောက်ပွဲကော်မရှင်သို့ အရင်တင်သွင်းရမည်ဖြစ်ကြောင်း၊ ထိုသို့တင်သွင်းရာ၌ ကော်မရှင်မှ ကိုယ်စားလှယ်လောင်းတွင် ရွေးကောက်ခံပိုင်ခွင့်အရ ပြည့်စုံရမည့် အချက်အလက်များနှင့်ကိုက်ညီမှု ရှိ/မရှိ မိမိတို့ကော်မရှင်မှ စိစစ်ရမည်ဖြစ်ကြောင်း၊ ကိုက်ညီမှုရှိရန်လိုကြောင်း၊ မကိုက်ညီပါက ဥပဒေကြောင်းအရ သွားရမည်ဖြစ်ကြောင်း၊ ထိုသို့တင်သွင်းရန် ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်များအတွက် ပါတီအနေဖြင့် မိမိပါတီ၏အစီအစဉ်ဖြင့် ရွေးချယ်ရမည်ဖြစ်ကြောင်း၊ ပါတီအပိုင်းက ရွေးချယ်ပြီး ကော်မရှင်ကို တင်ပြရမည်ဖြစ်ကြောင်း၊ ကော်မရှင်မှ ကိုယ်စားလှယ်လောင်းများအား သတ်မှတ်ချက်နှင့် ညီ/ မညီ စိစစ်ရမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

◆ **ဒီမိုကရေစီအသွင်ကူးပြောင်းစကာလ ၂၀၁၅ ခုနှစ်တွင် နိုင်ငံတကာအဖွဲ့အစည်းများအပါအဝင် NCA လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းသည် သမိုင်းမော်ကွန်းတစ်ရပ်ဖြစ်ကြောင်း၊ ယခုဒရိုင်ဘာထိုင်ခုံတွင် ထိုင်နေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့်လည်း ငြိမ်းချမ်းရေးသည်သာ အဓိကဟုမြင်ကြောင်း၊ ငြိမ်းချမ်းရေးမရှိသည့်အတွက် မိမိတို့ ခွန်အား၊ စွမ်းအားများ၊ အချိန်များသည် ထိုအပေါ်မှာသာ ကုန်ခဲ့ရကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအပေါ် အားစိုက်သင့်သလောက် အားမစိုက်ရကြောင်း၊ ထို့ကြောင့် ၂၀၂၂ ခုနှစ်တွင် ငြိမ်းချမ်းရေးကို လုပ်ဆောင်မည်ဟု ပြောခဲ့ခြင်းဖြစ်ကြောင်း၊ တစ်နှစ်တည်းဆိုသော်လည်း ရောက်နိုင်သည့် အဆင့်ထိရောက်အောင် ဆောင်ရွက်သွားမည်**

**လူထုရင်ဖွင့်သံ သတင်းမီဒီယာမှ အယ်ဒီတာ ဦးမင်းဂေါင်က** ဗိုလ်ချုပ်ဖော်မင်းထွန်း ရှင်းပြသွားသည့်အထဲတွင် (NDAA) အင်ဒို–ပစိဖိတ်ကိစ္စအတွက် အမေရိကန် ဒေါ်လာ ၇ ဒသမ ၁ ဘီလီယံအထိ သုံးမည်ဟုကြားသိခဲ့ရကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ပြီးခဲ့သည့်သာဓကများလည်း ရှိခဲ့ခြင်းကြောင့် နိုင်ငံရေးတွင် မိမိတို့မြန်မာနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ဝင်ရောက်စွက်ဖက်လာမည့်အန္တရာယ်များလည်း ရှိလာနိုင်မည်ဟု နိုင်ငံရေးသမားများလည်း လေ့လာသိရှိပြီးဖြစ်ကြောင်း၊ ထိုအခြေအနေတွင် မိမိတို့နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားအတွက် အမှန်တကယ် ခိုင်ခိုင်မာမာရှိသည့် ပါတီကောင်းများ မြောက်မြားစွာ ပေါ်ထွက်လာရန် လိုအပ်ကြောင်း၊ ပါတီများအနေဖြင့် မိမိတို့၏ အမျိုးသားအကျိုးစီးပွားကောင်းရန်ဟူ၍ မူဝါဒများနှင့်တည်ထောင်ပြီး တင်ပြနေသည်များရှိကြောင်း၊ သို့သော်လည်း လက်တွေ့မြေပြင်တွင် ပြီးခဲ့သည့်အနေအထားများအရ မိမိတို့နိုင်ငံ၏ အကျိုးစီးပွားအတွက် စိုးရိမ်ဖွယ်ရာများ တွေ့လာရကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် အဆိုပါ ပါတီများ၊ နိုင်ငံရေးကိုယ်စားလှယ်များ ကဲ့သို့ မိမိတို့နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားအပေါ် ခိုင်ခိုင်မာမာရှိမည့် ပါတီကောင်းများ၊ လွှတ်တော်ကိုယ်စားလှယ်ကောင်းများ ဖြစ်စေရန် လေ့ကျင့်ပျိုးထောင်ရန် အစီအစဉ်များ၊ သို့မဟုတ် NDAA ကဲ့သို့ နောက်ကွယ်မှ စွက်ဖက်လာမည့်အန္တရာယ်များ၊ ၂၀၂၂ ဘတ်ဂျက်အတွက် အန္တရာယ်ကြီးမားစွာရှိလာနိုင်ကြောင်း၊ ထိုအနေအထားတွင် ရရှိသည့်ကာလအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ယင်းကိစ္စများနှင့်ပတ်သက်၍ ကြိုတင်ကာကွယ် ဆောင်ရွက်သွားမည့်အခြေအနေကို သိလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက** သတင်းထောက်ကြီးမေးသည့်မေးခွန်းသည် မေးခွန်းကောင်းတစ်ခုဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲများ ပြုလုပ်ရမည်ဖြစ်ကြောင်း၊ ရွေးကောက်ခံရသူများသည် နိုင်ငံတော်ကို အုပ်ချုပ်မည့်အစိုးရများဖြစ်လာမည်ဖြစ်သောကြောင့် အရေးကြီးကြောင်း၊ ထို့ကြောင့် နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်လောင်းများနှင့် အဆိုပါပုဂ္ဂိုလ်များသည် အရေးကြီးသည့် အခန်းကဏ္ဍတွင်ရှိကြောင်း၊ ထို့ကြောင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများ ရှိကြောင်း၊ ကိုယ်စားလှယ်များကို ရွေးချယ်မည့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် ရွေးကောက်ပွဲဥပဒေများရှိကြောင်း၊ အဆိုပါဥပဒေများကို သုံးသပ်ပြီး ပြီးခဲ့သည့် အခက်အခဲများ၊ ပြဿနာများကို သုံးသပ်၍ မိမိတို့နိုင်ငံနှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် ကောင်းမွန်သည့် ဥပဒေများဖြစ်စေရန် သုံးသပ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုဥပဒေမူဘောင်များ ကောင်းမွန်မှန်ကန်ပြည့်စုံမည်ဆိုပါက အကျိုးရလဒ်သည်လည်း ကောင်းမွန်မည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေး အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းအား သတင်းထောက်များက မေးမြန်းကြသည်။

**NP News သတင်းဌာနမှ သတင်းထောက် ဦးကျော်မျိုးမင်းက** ၂၀၂၁ ခုနှစ် နိုင်ငံရေးအခင်းအကျင်းတွင် ဖေဖော်ဝါရီလနောက်ပိုင်းမှစပြီး လမ်းများပေါ်တွင် တာယာကွင်းများကို မီးရှို့ဖျက်ဆီးခြင်း၊ လမ်းများပိတ်ဆို့ခြင်း၊ အကြမ်းဖက်ပြဿနာများ များစွာဖြစ်ခဲ့ကြောင်း၊ ထိုပြဿနာများဖြစ်ပြီး နောက်ဆက်တွဲအနေဖြင့် လက်နက်ကိုင်တော်လှန်သည့်အဆင့်ထိ ရောက်ခဲ့ကြောင်း၊ ပြည်သူလူထုက ယခုအခြေအနေတွင် နှစ်ဖက်စလုံးကို ကြောက်နေကြရကြောင်း၊ အကြမ်းဖက်သူများကလည်း ၎င်းတို့က နိုင်ပြီဟု ပြောကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကလည်း မြေပြင်တွင် ထိန်းချုပ်နိုင်ပြီဟု ပြောကြောင်း၊ သို့သော်လည်း ပြည်သူလူထုက ယခုအချိန်အထိ အကြောက်တရားဖြင့် နေရကြောင်း၊ မိမိတို့နိုင်ငံ၏ သမိုင်းပြန်ကြည့်လျှင်လည်း နှစ် ၇၀ ကျော် တစ်လျှောက်လုံး ပြည်သူများ ကောင်းကောင်းမွန်မွန် ငြိမ်းငြိမ်းချမ်းချမ်း မနေရကြောင်း၊ လက်နက်ကိုင်ပဋိပက္ခများ၊ အကြမ်းဖက်မှုပြဿနာများနှင့် ရင်ဆိုင်နေရကြောင်း၊ လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြည်သူလူထု အေးအေးချမ်းချမ်းနေထိုင်ရအောင် ထိုကိစ္စများကို မည်ကဲ့သို့ တာဝန်ယူဆောင်ရွက်ပေးမည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က တိုက်ကြေကားတစ်စီး၏ ဒိုင်ယာရီကို ဖတ်ရသကဲ့သို့ပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ လွတ်လပ်ရေးရပြီးကတည်းက ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများရှိခဲ့ကြောင်း၊ သတင်းထောက်ကြီးမေးသကဲ့သို့ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်ဆိုလျှင် မြန်မာနိုင်ငံ လွတ်လပ်ရေးရခဲ့သည်မှာ (၇၅)နှစ်ပြည့်ပြီ ဖြစ်ကြောင်း၊ ထိုနှစ်ပေါင်း ၇၅ နှစ်အတွင်း ပြန်သုံးသပ်ကြည့်လျှင် ၁၉၄၈ ခုနှစ်၊ ၁၉၅၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ၊ ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ၊ ၁၉၈၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ၊ အစိုးရအပိုင်းအခြားအလိုက် ၂၀၁၁ ခုနှစ်မှ ယနေ့အချိန်ထိ မြန်မာနိုင်ငံထဲ၌ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းသွားသည့်နှစ်မရှိကြောင်း၊ ထို့ကြောင့် တိုက်ကြေကားတစ်စီး၏ဒိုင်ယာရီဟု ပြောလိုကြောင်း၊ တိုက်ပြီးသား ကားတစ်စီးက မည်သူ့ကြောင့်တိုက်ခဲ့သည်ဖြစ်စေ၊ မည်သည့်အကွေ့၊ မည်သည့်နေရာ၌ တိုက်ခဲ့သည်ဖြစ်စေ၊ တိုက်ပြီးသားကားတစ်စီးက တိုက်ပြီးသား ကားတစ်စီးသာဖြစ်ကြောင်း၊ ထိုတိုက်ပြီးသားကားက သာမန်မတိုက်ရသေးသည့် ကားများအတိုင်း မိမိမြှင့်ချင်သည့်အရှိန်အတိုင်း မြှင့်၍မရကြောင်း၊ မိမိသွားလိုသည့်အကွေ့အတိုင်းလည်း ကွေ့၍မရကြောင်း၊ ထိန်းထိန်းသိမ်းသိမ်းဖြင့်သာ ထိန်း၍မောင်းရမည်ဖြစ်ကြောင်း၊ ဒရိုင်ဘာထိုင်ခုံတွင် မည်သူထိုင်ထိုင် ထိုင်နေသည့်လူတွင်သာ တာဝန်ရှိကြောင်း။

မြန်မာနိုင်ငံတွင်သာ မဟုတ်ဘဲ မိမိတို့အိမ်နီးနားချင်းနိုင်ငံများတွင်လည်း ထိုသို့သာ မြင်ပါကြောင်း၊ တရုတ်နိုင်ငံတွင် အင်္ဂလိပ်–တရုတ် ပထမဘိန်းစစ်ပွဲမှ စတင်ဖြစ်လာပြီး ၁၉၅၀ ခုနှစ်တွင် တရုတ်ကွန်မြူနစ်ပါတီ ပြန်တက်လာပြီးမှသာ ပြုပြင်ပြောင်းလဲမှုများ လုပ်ခဲ့ကြောင်း၊ အိန္ဒိယနိုင်ငံသည်လည်း ထိုနည်းလည်းကောင်းဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံ လွတ်လပ်ရေးရပြီးကာစတွင်လည်း အိန္ဒိယ–ပါကစ္စတန်ကွဲထွက်မှုများ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည်လည်း ၁၉၇၁ ခုနှစ် ဘင်္ဂလားဒေ့ရှ် လွတ်မြောက်ရေးစစ်ပွဲ၊

*စာမျက်နှာ ၁၈ သို့*

*စာမျက်နှာ ၁၇ မှ*

အရှေ့ဘက်ကြည့်သော် လာအိုနိုင်ငံသည် လည်း ထိုနည်းအတိုင်းသာ ဖြစ်နေကြောင်း၊ အိမ်နီးနားချင်းနိုင်ငံထဲတွင် မတိုက်ဖူးသည့်ကားဟူ၍ ထိုင်းနိုင်ငံသာရှိကြောင်း၊ သို့သော် ထိုင်းနိုင်ငံလည်း ပွတ်ဆွဲခံရကြောင်း၊ ဂျပန်က မြန်မာကို စစ်ဆင်ရန်အတွက် ထိုင်းနိုင်ငံကိုဖြတ်ခဲ့ကြောင်း၊ ဒီဘက်ကလည်း ဟိုဘက်ကို စစ်ဆင်ရန်အတွက် ထိုင်းကိုဖြတ်ခဲ့ကြောင်း၊ သို့သော် ထိုကိစ္စများသည် အတိတ်သမိုင်းဖြစ်ရပ်များဖြစ်ကြောင်း။

**ငြိမ်းချမ်းရေးမရှိ၍ တိုင်းပြည်တိုးတက်မှုမရှိ**

ဖြစ်ခဲ့သည့်ဖြစ်စဉ်တိုင်းတွင် မြန်မာနိုင်ငံ၌ လက်နက်ကိုင်ပဋိပက္ခများဖြစ်သည့်အခါ အမျိုးမျိုးသုံးသပ်ကြကြောင်း၊ တပ်မတော်ကြောင့် တိုင်းရင်းသားလက်နက်ကိုင်များကြောင့် စသည်ဖြင့် အမျိုးမျိုးပြောကြကြောင်း၊ တစ်ဖက်ကလည်း အယူဝါဒရေးရာကြောင့်ဟူ၍ ပြောကြကြောင်း၊ မြန်မာလူမျိုးများ၏ နိုင်ငံရေးဓလေ့စရိုက်ကြောင့်ဟူ၍လည်း ပြောကြကြောင်း၊ မည်သို့ပင်ဖြစ်စေ ဂျက်ဖရီဆာ့(စ) ရေးသားသည့် ဆင်းရဲမှုလွတ်ကင်းအောင်ဆိုသည့် စာအုပ်ထဲတွင် ပါသည့်စကားလုံးကို ကိုးကားလိုကြောင်း၊ ဆင်းရဲမွဲတေမှု(Poverty)က အကြောင်းအရင်းတစ်ရပ်တည်း မဟုတ်ကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဆင်းရဲမွဲတေမှုကို လေ့လာသည့်အခါ မကျန်းမာသောလူတစ်ယောက်၊ နာလန်မထသည့်လူတစ်ယောက်ကို ကျန်းမာရေးစစ်ဆေးသည့်အခါ ရောဂါပေါင်းစုံတွေ့ရသကဲ့သို့လည်းရှိကြောင်း၊ ထို့အတူ မည်သူ့ကိုမှ အပြစ်မတင်ဘဲ လုပ်ဆောင်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ငြိမ်းချမ်းရေးနှင့်ပတ်သက်လျှင် အဓိကလိုအပ်ချက်ဖြစ်သည်ကို အစိုးရအဆက်ဆက်ဖော်ထုတ်ခဲ့ကြောင်း၊ ငြိမ်းချမ်းရေးမရှိ၍ မိမိတို့တိုင်းပြည်တိုးတက်မှုမရှိခြင်းဖြစ်ကြောင်း၊ သို့သော် လက်တွေ့လုပ်ဆောင်ပြီး ပြေလည်သွားပါသည်ဟူ၍ လက်တွေ့တွင် အားလုံးပြေလည်အောင် ဖြေရှင်းပေးနိုင်ခဲ့ခြင်း မရှိခဲ့ကြောင်း။

ဒီမိုကရေစီအသွင် ကူးပြောင်းစကာလ ၂၀၁၅ ခုနှစ်တွင် နိုင်ငံတကာအဖွဲ့အစည်းများအပါအဝင် NCA လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းသည် သမိုင်းမော်ကွန်းတစ်ရပ်ဖြစ်ကြောင်း၊ ယခုဒရိုင်ဘာ ထိုင်ခုံတွင် ထိုင်နေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့်လည်း ငြိမ်းချမ်းရေးသည်သာ အဓိကဟုမြင်ကြောင်း၊ ငြိမ်းချမ်းရေးမရှိသည့်အတွက် မိမိတို့ ခွန်အား၊ စွမ်းအားများ၊ အချိန်များသည် ထိုအပေါ်မှာသာ ကုန်ခဲ့ရကြောင်း၊ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအပေါ် အားစိုက်သင့်သလောက် အားမစိုက်ရကြောင်း၊ ထို့ကြောင့် ၂၀၂၂ ခုနှစ်တွင် ငြိမ်းချမ်းရေးကို လုပ်ဆောင်မည်ဟု ပြောခဲ့ခြင်းဖြစ်ကြောင်း၊ တစ်နှစ်တည်းဆိုသော်လည်း ရောက်နိုင်သည့်အဆင့်ထိရောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး ပြောသည့်အခါ မီဒီယာများကို မိမိမကြာခဏပြောခဲ့သကဲ့သို့ ၂၀၁၅ ခုနှစ်တွင် NCA လက်မှတ်ရေးထိုးသည်ဆိုသည်မှာ လက်မှတ်ရေးထိုးသည့် အချိန်ကိုသာမြင်ကြောင်း၊ ယခင်တပ်မတော်အစိုးရလက်ထက်က NCA လက်မှတ်ရေးထိုးသည့် လူအများစုသည် အနည်းဆုံး Bilateral စာချုပ် ရှိကြကြောင်း၊ Gentlemen’s Agreement များ ရှိကြကြောင်း၊ ၎င်းတို့သည် နယ်မြေသတ်မှတ်ချက်များရှိကြောင်း၊ ထိုအထဲမှအခြေခံပြီးဖြစ်လာကြောင်း၊ ယခုအချိန်တွင် NCA လက်မှတ်မရေးထိုးသေးသူများ၊ NCA လက်မှတ်ရေးထိုးပြီးသူများသည် ငြိမ်းချမ်းရေးကို တက်လှမ်းနိုင်ရန် အဆင့်များလိုကြောင်း၊ ထိုအဆင့်များထဲမှ အဆင့်များကိုတက်နိုင်ရန် မိမိတို့ ကြိုးစားဆောင်ရွက်မည်ဟု ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

**NP News သတင်းဌာနမှ**ပင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဘက်က ၂၀၂၃ ခုနှစ်၊ ဩဂုတ်လမတိုင်မီ ရွေးကောက်ပွဲလုပ်ပေးမည်ဟူ၍ ကတိကဝတ်များရှိခဲ့သည်ကို တွေ့ရကြောင်း၊ ထပ်ပြီးစိတ်ဝင်စားဖွယ်ကောင်းသည့် ကတိကဝတ်မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို မည်သည့်အာမခံချက်များ ကြိုပေးထားနိုင်မည်ကို သိလိုကြောင်း၊ ဗိုလ်ချုပ်မှူးကြီး ကိုယ်တိုင်ကလည်း ပုဒ်မ ၂၆၁ ကို လွန်ခဲ့သည့်နှစ်နှစ်ကျော်က ပြောခဲ့ဖူးကြောင်း၊ ယခုကတည်းကကြိုပြီး မည်သို့သော နိုင်ငံရေးကတိကဝတ်များ ပေးနိုင်မည်ကိုသိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး ပြောခဲ့ပြီးဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် နိုင်ငံရေးပါတီ ၉၂ ပါတီရှိကြောင်း၊ ၉၂ ပါတီတွင် တိုင်းရင်းသားပါတီပေါင်း ၄၈ ပါတီရှိကြောင်း၊ တိုင်းရင်းသားပါတီပေါင်း ၄၈ ပါတီထဲတွင် တိုင်းရင်းသားပါတီ ၁၈ ပါတီမှာ ပူးပေါင်းပြီးဖြစ်ကြောင်း၊ ကချင် ၃ ပါတီ၊ ကယား ၂ ပါတီ၊ ကရင် ၃ ပါတီ၊ ချင်း ၃ ပါတီ၊ မွန် ၂ ပါတီ၊ ရခိုင် ၂ ပါတီ၊ ရှမ်း ၂ ပါတီတို့ ပူးပေါင်းပြီးဖြစ်ကြောင်း၊ ပြည်နယ်တစ်ဝန်းလုံးကို စည်းရုံးမည့်ပါတီပေါင်း ၇၄ ခုရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တွင် စည်းရုံးမည့်ပါတီ ၁၈ ပါတီရှိကြောင်း၊ ပါတီများ ခွဲမှတ်



ဇန်နဝါရီ ၁၄ ရက်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၁) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။

မည်ဆိုလျှင် တည်ဆဲ ၉၂ ပါတီ၊ တိုင်းရင်းသားပါတီ ၄၈ ပါတီထဲတွင် ပူးပေါင်းပြီးပါတီများပါကြောင်း၊ EAO အဖွဲ့များအနက် NCA လက်မှတ်ရေးထိုးပြီးသား EAO အဖွဲ့များ ၁၀ ခုရှိကြောင်း၊ ၂၀၁၅ ခုနှစ်တွင် ၈ ဖွဲ့၊ NLD အစိုးရလက်ထက်တွင် လက်မှတ်ရေးထိုးသည့် ၂ ဖွဲ့ စုစုပေါင်း ၁၀ ဖွဲ့၊ NCA လက်မှတ် ရေးထိုးပြီး EAO အဖွဲ့ ၈ ဖွဲ့ရှိကြောင်း၊ အားလုံးအဖွဲ့ကြီးပေါင်း ၁၈ ဖွဲ့ရှိကြောင်း။

**အချိုးကျကိုယ်စားပြုစနစ် PR ကို သွားမည်**

နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားပါတီများ၊ EAO အဖွဲ့များကို မိမိတို့ပြောနိုင်သည်မှာ နံပါတ်(၁) အချက်အနေဖြင့် မိမိတို့ ကတိပေးထားသည့်အတိုင်း လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲကို ပြန်ပြီးလုပ်ပေးမည်ဖြစ်ကြောင်း၊ နံပါတ်(၂) ပေးနိုင်သည့်ကတိမှာ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်ကို မိမိတို့အာမခံကြောင်း၊ ဒီမိုကရေစီကို မိမိမရှင်းပြတော့ဘဲ ဖက်ဒရယ်စနစ်ကိုသာ ပြောမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်က စတုတ္ထအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစု ပင်လုံ)တွင် ပြောခဲ့ပြီးဖြစ်ကြောင်း၊ ယင်းအထဲတွင် ဖက်ဒရယ်ဆိုသည်မှာ မတူကွဲပြားနေသည့် တိုင်းဒေသများ၊ ပြည်နယ်များ၊ လူမျိုးများ၊ လူမျိုးစုများကို စုစည်းလုပ်ကိုင်ရာမှ လုပ်ကိုင်နိုင်ခွင့်များကို ခွဲဝေကျင့်သုံးသည့် အယူအဆသဘောတရားဟု ပြောကြောင်း၊ မိမိတို့ယူဆထားသည့် ဖက်ဒရယ်သည် ပေါင်းစည်းနေထိုင်ခြင်း၊ မျှဝေခံစားခြင်းဖြစ်ကြောင်း၊ နံပါတ်(၃)အချက်က နိုင်ငံရေးပါတီ၊ တိုင်းရင်းသားပါတီဝင်များအပါအဝင် နိုင်ငံရေးပါတီများသည် ၎င်းတို့ကို ထောက်ခံသည့် ပြည်သူလူထုကို ကိုယ်စားပြုသည့်လူများဖြစ်ကြောင်း၊ ထို့ကြောင့် မတူကွဲပြားသည့် ကိုယ်စားပြုမှုများရှိကြောင်း၊ ပါတီများက ဝါဒရေးရာအရဖြစ်လာသည့် ပါတီများဖြစ်ကြောင်း၊ ဥပမာပြောရလျှင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို မေးလျှင် ၎င်းကဒီမိုကရေစီဟု ပြောမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီတပ်ထားသည့် ပါတီကို ၎င်းတို့၏ရည်မှန်းချက်ကိုမေးလျှင် ဒီမိုကရေစီဟုပြောကြောင်း၊ ပြည်ခိုင်ဖြိုးပါတီကိုမေးလျှင် ပြည်ထောင်စုကြံ့ခိုင်ဖွံ့ဖြိုးရေးနှင့် ဒီမိုကရေစီဟုပြောမည်ဖြစ်ကြောင်း၊ ထိုအရာများသည် ဝါဒရေးရာပါတီများဖြစ်ကြောင်း၊ ၎င်းတို့သွားမည့် ဒီမိုကရေစီလမ်းကြောင်းချင်း အနည်းငယ်ကွဲပြားချင် ကွဲပြားလိမ့်မည်ဖြစ်ကြောင်း။ လူမျိုးရေးနှင့် ပတ်သက်သည့် ပါတီများသည် လူမျိုးစုအလိုက် ကိုယ်စားပြုသည့် ပါတီများဖြစ်ကြောင်း၊ ဒေသအလိုက် ကိုယ်စားပြုသည့်ပါတီများ အနည်းငယ်ရှိကြောင်း၊ ထိုပါတီများက ကိုယ်စားပြုမှုအပေါ်မူတည်ပြီး ၎င်းတို့၏ ပရိသတ်များရှိကြောင်း၊ ထို့ကြောင့် ပါတီများ၊ တိုင်းရင်းသားလူမျိုးစုများကို ကျယ်ကျယ်ပြန့်ပြန့် ကိုယ်စားပြုနိုင်ရေးအတွက် မိမိတို့သည် အချိုးကျကိုယ်စားပြုစနစ် PR ကို သွားမည်ဟု အာမခံကြောင်း။

နံပါတ်(၄)အချက်ကို နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ NCA (၅) နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပြောပြီးဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မိမိတို့ဒေသအကျိုးကို မိမိတို့ကိုယ်တိုင် ပိုမိုဖော်ဆောင်နိုင်ရန် သက်ဆိုင်ရာ ဒေသခံပြည်သူများအနေဖြင့် ဒီမိုကရေစီ၏ အနှစ်သာရကို ပိုမိုခံစားရရှိနိုင်ရန် တိုင်းဒေသကြီး/ပြည်နယ် အစိုးရဝန်ကြီးချုပ်များကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များက ရွေးချယ်ခန့်ထားနိုင်ရန် တပ်မတော်က လိုလားကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်များ၊ တိုင်းဒေသကြီးလွှတ်တော်များက ရွေးချယ်ခန့်ထားနိုင်ရန် မိမိတို့ကတိပေးခဲ့ပြီးဖြစ်ကြောင်း၊ အခြေခံဥပဒေပြင်ဆင်ရေးနှင့်ပတ်သက်ပြီး ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဇယား ၂ တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များက ဥပဒေပြုစာရင်း အချက် ၃၄ ချက် မိမိတို့ဆောင်ရွက်ပေးခဲ့ကြောင်း၊ ဇယား ၅ တွင် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်များက အကောက်ခံရမည့် အကောက်ခွန်များအချက် ၂၀ ကို ပြင်ဆင်ပေးခဲ့ကြောင်း၊ တိုးချဲ့ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ပြင် လိုအပ်လျှင် ထပ်မံတိုးချဲ့နိုင်ရန် ဆွေးနွေးမည်ဟု ပြောခဲ့ကြောင်း၊ အခြေခံဥပဒေတွင် ပြည်နယ်များ၊ တိုင်းဒေသကြီးများ၏လုပ်ပိုင်ခွင့်များ အခွန်အကောက်များကို ထိုဇယား ၂ နှင့် ဇယား ၅ တွင် ဖော်ပြထားကြောင်း၊ ထိုသို့ပြုပြင်ကတည်းက တပ်မတော်အနေဖြင့် ထောက်ခံခဲ့ကြောင်း၊ ထိုသို့ နောက်ထပ်လုပ်ဆောင်နိုင်ရန် ကတိပေးနိုင်ကြောင်း၊ နံပါတ်(၆)အနေဖြင့် ငြိမ်းချမ်းရေးအတွက် ခြေလှမ်းအသစ် ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးအတွက် နိုင်ငံရေးပါတီများအနေဖြင့် UEC နှင့် တွေ့ဆုံခဲ့မှု များရှိကြောင်း၊ ငြိမ်းချမ်းရေးဦးဆောင်မှုညှိနှိုင်းရေးအဖွဲ့နှင့် တွေ့ဆုံခဲ့ခြင်းများလည်း ရှိကြောင်း၊ ထိုနေရာတွင်လည်း လမ်းဖွင့်ပေးထားခဲ့ကြောင်း၊ ညှိနှိုင်းဆွေးနွေးပြီးမှ နောက်ထပ်ခရီးဆက်နိုင်ရန် မိမိတို့ ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း၊ မိမိတို့ကတိပေးနိုင်သည့် အချက် ငါးချက်ကို ပြောပြီးဖြစ်ကြောင်း၊ ဆက်လုပ်သွားမည့် အချက် တစ်ချက်ရှိပြီး၊ ထိုအချက် ခြောက်ချက်သည် တိုင်းရင်းသားပါတီများနှင့် EAO အဖွဲ့များကို မိမိတို့ လက်တွေ့ဆောင်ရွက်နေသည့်၊ ကတိပေးနိုင်သည့် အချက်များဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**သူရိယနေဝန်းသတင်းဌာန ကိုယ်စားပြု မသဇင်ဦး**က လာမည့် ဖေဖော်ဝါရီလတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနှင့် နိုင်ငံတော်တာဝန် လွှဲပြောင်းတာဝန်ယူခဲ့သည်မှာ တစ်နှစ်ပြည့်ပြီဖြစ်ကြောင်း၊ တစ်နှစ်ပြည့်ပြီဖြစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက် ပုဒ်မ ၄၂၅ အရ ဆက်လက်၍ သက်တမ်းတိုးသွားရန် အစီအစဉ်ရှိ/မရှိ သိလိုကြောင်းနှင့် လာမည့် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လတွင် နောက်ဆုံးထား၍ ရွေးကောက်ပွဲကို ပြန်လည်ကျင်းပပေးသွားမည်ဟု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝန်ကြီးချုပ်က ပြောကြားသွားမှုရှိကြောင်း၊ မိမိတို့နိုင်ငံ၏ နိုင်ငံရေးအခြေအနေသည် ယနေ့ကာလတွင် တည်ငြိမ်မှုမရှိသေးသဖြင့် လာမည့် ၂၀၂၃ ခုနှစ်တွင် မိမိတို့မျှော်လင့်ထားသကဲ့သို့ ရွေးကောက်ပွဲကြီးကျင်းပရန် ဖြစ်မှဖြစ်ပါ့မလားဆိုသည့် စိုးရိမ်စိတ်များ ဖြစ်နေကြောင်း၊ ယင်းနှင့်ပတ်သက်ပြီး သိရှိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ဖေဖော်ဝါရီလ ၁ ရက်တွင် တစ်နှစ်ပြည့်မြောက်ပြီဖြစ်ကြောင်း၊ တစ်နှစ်ပြည့်မြောက်ပြီးလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များအရ မိမိတို့လုပ်ဆောင်ရမည့် ပြဋ္ဌာန်းချက်များ၊ နည်းလမ်းများရှိပြီးဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ရှိနေသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကို အခြေအနေတင်ပြပြီး သက်တမ်းတိုးနိုင်ရန် ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုဖြစ်ပျက်နေသည့် အခြေအနေမှာ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးမြောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးမြောက်ပိုင်း၊ တချို့နေရာများတွင် မငြိမ်မသက်ဖြစ်နေသည်များ၊ အကြမ်းဖက်မှုများ ရှိနေသေးကြောင်း၊ ၂၀၂၃ ခုနှစ် ဩဂုတ်လသည် ဥပဒေအရ နောက်ဆုံးရွေးကောက်ပွဲကျင်းပရမည်ဖြစ်ကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်ပြီး မိမိတို့ကတိအတိုင်းဖြစ်နိုင်အောင် ကြိုးစားဆောင်ရွက်လျက် ရှိကြောင်း၊ သို့သော် မငြိမ်မသက်ဖြစ်အောင် မိမိတို့ လုပ်ဆောင်နေခြင်းမဟုတ်ကြောင်း၊

*စာမျက်နှာ ၂၀ သို့*

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၈-၁-၂၀၂၂ အင်္ဂါနေ့

MRTV HD

- ၀၆:၀၀ မေတ္တာသုတ်၊ ရတနသုတ်၊ မောရ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၇:၄၅ ယဉ်ကျေးလိမ္မာ မွေတေးကဗျာ(၈)
- ၀၈:၄၅ သဘာဝအလှတွေစုံလင်စွာ ရောမြေမှဘိုကလေးမြေမဟာ
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ တစ်ခါတစ်ခေါက်ရောက်အောင်လာပါ မြို့လှပွတ္တာ
- ၁၃:၃၀ MRTV National News
- ၁၅:၀၀ သက်ကြီးအခြေခံစာတတ်မြောက်ရေး နည်းပြသင်တန်း
- ၁၆:၄၅ ကလောင်စွမ်းဖြင့်ဉာဏ်အလင်း တံခါးဖွင့်ပေးကြသူများ '**အမျိုးသားစာပေ တစ်သက်တာဆုရှင်ပါရဂူ**'
- ၁၇:၁၀ ဒေသတစ်ခုထုတ်ကုန်တစ်မျိုး
- ၁၇:၄၅ မြန်မာနိုင်ငံ၏မြို့တော်နေပြည်တော် (အပိုင်း-၈)
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၄၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ '**အတိတ်ဝါးဝါး အချစ်ချိုချို**' (အပိုင်း-၂၆)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ '**အဝေးဆုံးသောနေရာ**' (အပိုင်း-၂၁)

**သောကြာနေ့ ညတိုင်းတွင် တေးဂီတချော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်**

MRTV online www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal SCAN ME

mitv

- 07:01 Shwin Lan Chan Myae Par Zay (Thae Nu Wah)
- 07:07 Egg Shell
- 07:16 Rakhine The Land Of Sublime Pagodas
- 07:48 Gemstone Sculptor
- 08:01 Myanmar Traditional Festival
- 08:32 Shwe Maw Daw: The Glory Of Bago City
- 09:01 News
- 09:27 Global Partnership for Brighter Future: Mexico Pavilion at Expo 2020 Dubai
- 09:36 Myanmar Puppeteers (Duet Dance)
- 09:46 All About Orchids
- 10:01 The Snake Catcher
- 10:09 A Visit To Ye's Coastal Area

MRTV NRC

**ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)** ပျောက်ကွယ်လုနီးပါးဂေးဘား တိုင်းရင်းသားတို့ရဲ့တင်းဝါးပလွေများ

**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)** ဒေသတစ်လွှား စိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၉)

**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)** ကရင်တိုင်းရင်းသားတို့ရဲ့ကန်ပေါင်ဟင်းလျာ

**ချင်း (လိုင်ဇို) (၀၉:၀၀ မှ ၁၀:၀၀)** သင်မယ်၊ရေးမယ်တို့ချင်းစာ(အပိုင်း-၃)

**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)** ချင်းရိုးရာဆေးအိုး/ဆေးတံအကြောင်း

**မွန် (၁၁:၀၀ မှ ၁၃:၀၀)** မုပွန်အိုးလုပ်ငန်း

**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)** ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည်(အပိုင်း-၉)

**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)** ထင်းရှူးတန်းကရိုက်ခံပန်း(အပိုင်း-၁) (ဇာတ်လမ်း)

**ဝ (၁၇:၀၀ မှ ၁၉:၀၀)** ခေါင်လန်ဖူးသို့အလည်တစ်ခေါက်(အပိုင်း-၂)

**ကချင် (၁၉:၀၀ မှ ၂၁:၀၀)** တိုင်းရင်းဆေးရှာဖွေလေ့လာသိကောင်းစရာ

**ကယား (၂၁:၀၀ မှ ၂၃:၀၀)** ပန်ပက်ကျေးရွာမှကယန်းတိုင်းရင်းသားများ

MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို '**တစ်လင်နှင့်တစ်မယား**'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၈)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများ အကြောင်း(သီရိလင်္ကာနိုင်ငံ) (အပိုင်း-၂)
- ၁၁:၃၀ အတွေးအမြင် (အပိုင်း-၈)

MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

MRTV Farmers' Channel MRTV FARMERS' ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည (၁၀:၀၀)နာရီထိ၊ Education Channel ကို ၈နေ့တာ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။


# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၁၇**

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင်FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ "ရေဦး မြို့နယ် ပလူဇာ၀တိုက်နယ်ဆေးရုံမှ ရေဦးမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်မည့်ဆေးဝါးများ သယ်ဆောင်လာသည့် လူနာတင်ယာဉ် နှစ်စီးကို PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းဆွဲတိုက်ခိုက်မှု" ခေါင်းစဉ်ဖြင့် ဇန်နဝါရီ ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့် တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် "ကိုဗစ်-၁၉ ရောဂါဝေဒနာရှင်များ၏ အဓိက အသက်ကယ်ဆေးဖြစ်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဖြန့်ဖြူးပေးမည့် Liguid Oxygen သယ်ဆောင်လာသည့် မော်တော်ယာဉ်ကို မြဝတီမြို့နယ်တွင် အကြမ်းဖက်သောင်းကျန်းသူများက အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက် သည့်ဖြစ်စဉ်" ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်အင်္ဂါနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ် ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေး အချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နယ်စပ်ဒေသ မုံးကိုးမြို့တွင် အသက် ၁၂ နှစ်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေး

**မုံးကိုး ဇန်နဝါရီ ၁၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မုံးကိုးမြို့ အခြေခံပညာကျောင်းများ၌ ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ်ထိုးနှံပေးခြင်းကို ဇန်နဝါရီ ၁၇ ရက်က ထိုးနှံပေးသည်။ ကာကွယ်ဆေးထိုးနှံပေးခြင်းကို မုံးကိုးမြို့ ကျန်းမာရေးဝန်ထမ်းများက ထိုးနှံပေးကာ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၁၁၄ ဦးအား Sinovac ကိုဗစ်-၁၉ ကာကွယ် ဆေး အခမဲ့ထိုးနှံပေးကြောင်း သိရှိရသည်။ **အယ်လ်စိုး(မုံးကိုး)**



## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၇ - ၁ - ၂၀၂၂

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၈၆၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၅၅၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၈၆၃၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၅၃၄၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၄၉၀/၁၅၀၀ ကျပ် | ၁၅၁၅/၁၅၃၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၅၀၀/၁၅၁၀ ကျပ် | ၁၅၃၀/၁၅၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၄၈၅/၁၄၉၅ ကျပ် | ၁၅၄၀/၁၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၅၃၅/၁၅၆၀ ကျပ် | ၁၆၄၅/၁၆၆၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၈ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၃၂ . ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၁၈ . ၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၇၈ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၅၄ . ၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၅ . ၀၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၈၀ . ၁၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၉၂၇ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၁၀၀ | ၈၂၀၀ | ၆၀၆ | ၄၉၁၂၈၀၀ |
| MTSH | ၃၀၅၀ | ၃၀၅၀ | ၁၅၈၄ | ၄၇၇၃၇၀၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၂ | ၁၅၆၀၀ |
| FPB | ၁၉၅၀၀ | ၁၉၅၀၀ | ၁ | ၁၉၅၀၀ |
| TMH | ၂၅၅၀ | ၂၅၅၀ | ၂၀ | ၅၁၀၀၀ |
| EFR | ၂၈၅၀ | ၂၈၅၀ | ၄၀ | ၁၁၄၀၀၀ |
| AHP | ၅၁၀၀ | ၅၁၀၀ | ၁၁၇ | ၅၉၆၇၀၀ |

ညီညီ - စုစည်းသည်


**မြန်မာ့အလင်း**

- **စာတည်းမှူးချုပ်** - အောင်နိုင်ဦး
- **ခေတ္တစာတည်းမှူး** - မြင့်စိုး
- **သတင်းထောက်မှူး** - ခင်ရတနာ
- **စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
- **ဘာသာပြန်စာတည်း** - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
- **အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
- **အငယ်တန်းသတင်းထောက်များ** - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
- **ဓာတ်ပုံသတင်းထောက်** - တင်စိုး
- **သုတေသန** - အိအိခင်နှင့် အဖွဲ့
- **စာပြင်** - အေးအေးမိုးလှိုင်နှင့် အဖွဲ့
- **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
- **အီးမေးနှင့် အွန်လိုင်း** - သက်လွင်ဦးနှင့် အဖွဲ့
- **ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)
- **ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News Presented by NPE www.mdn.gov.mm



ဦးအောင်ကျော်ဦး
တာဝန်ခံအယ်ဒီတာ
အထူးဟာစ်တိုင်သတင်းမီဒီယာ



နောင်တော်လေး
အယ်ဒီတာချုပ် Myanmar National Post သတင်းဌာန



ဦးဝင်းဦး
အယ်ဒီတာချုပ်
NHP သတင်းဌာန



ဦးဇော်မင်းဦး
အယ်ဒီတာချုပ်
တဲ့ပြောအွန်လိုင်းမီဒီယာ



ဦးမင်းဂေါင်
အယ်ဒီတာ
လူထုရင်ဖွင့်သံ သတင်းမီဒီယာ



မသဇင်ဦး
သူရိယနေဝန်းသတင်းဌာန
ကိုယ်စားပြု

*စာမျက်နှာ ၁၈ မှ*

NUG ၊ PDF အမည်ခံအကြမ်းဖက်အဖွဲ့များနှင့် တချို့သော EAO အဖွဲ့ထဲက အစိတ်အပိုင်းအချို့ကသာ လုပ်ဆောင်နေခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် EAO အဖွဲ့များနှင့်ပတ်သက်ပြီး မိမိတို့၏စခန်းများ၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးနေရာများ၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို လာရောက် မတိုက်ခိုက်မချင်း မိမိတို့အနေဖြင့် တိုက်ခိုက်မှုမရှိကြောင်း၊ သို့သော် လာရောက်ထိပါးလာပါက မိမိတို့အနေနှင့်လုံခြုံရေးအရ လိုအပ်သလို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် ထပ်ပြောရလျှင် ကတိအတိုင်းဖြစ်နိုင်အောင် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ဖြေကြားသည်။

**သူရိယနေဝန်းသတင်းဌာန ကိုယ်စားပြု မသဇင်ဦး** က ယခုလက်ရှိဖြစ်ပျက်နေသည့် ပြဿနာတော်တော်များများတွင် ဝန်ထမ်းများဆိုလျှင် လစာအခြေအနေနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် တိုးမြှင့်မပေးနိုင်သေးသည်ကို မိမိတို့နားလည်နိုင်ပါကြောင်း၊ တစ်ဖက်တွင်လည်း ကုန်ဈေးနှုန်းကြီးမြင့်မှုဒဏ်ကို ပြည်သူများ အလူးအလဲခံနေရကြောင်း၊ ကုန်ဈေးနှုန်းဆိုသည်ထက် ဆီဈေးတိုးမြှင့်မှုပြဿနာက အလွန်ဆိုးဆိုးရွားရွား ဖြစ်နေကြောင်း၊ အထူးသဖြင့် ဆီဈေးနှင့်ပတ်သက်၍ လေ့လာကြည့်ရာတွင် ပြည်ပက တင်သွင်းသည့် ဆီများကိုဈေးမသက်မသာနှင့် ဝယ်ရသည်ကို နားလည်ပေးနိုင်သော်လည်း မိမိတို့ပြည်တွင်းက ထုတ်လုပ်နိုင်သည့် ဆီများကို အစိုးရဈေးနှုန်းနှင့်ရောင်းချခြင်းမရှိဘဲ နိုင်ငံခြားက တင်သွင်းသည့် ဈေးနှုန်းအတိုင်း ရောင်းချနေသည့် ဆီဆိုင်များရှိကြောင်း၊ မြန်မာနိုင်ငံရှိဆီဆိုင် ၁၀၀ တွင် ဆိုင်ပေါင်း ၉၀ ကျော်ခန့်က ဆီခြင်တွယ်မှု မမှန်မကန်လုပ်ဆောင်နေသည်ကို မိမိတို့ကိုယ်တွေ့ တွေ့ရှိခဲ့ကြောင်း၊ ယင်းနှင့်ပတ်သက်၍ မည်သို့ကြီးကြပ်လုပ်ဆောင်ပေးနိုင်မည်ကို သိလိုကြောင်း မေးမြန်းသည်။

### မျှတသည့် ဈေးကွက်ဖြစ်စေရေး

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က မြန်မာနိုင်ငံ၌ စက်သုံးဆီထုတ်လုပ်နေသည့် ရေနံချက်စက်ရုံများရှိကြောင်း၊ သို့သော် လက်ရှိတွင် လုပ်ငန်းပြည့်လည်ပတ်နေသည့် စက်ရုံမှာ ယခင်ကတည်းက စက်ရုံတစ်ရုံသာရှိကြောင်း၊ ရေနံထွက်နှုန်းနှင့် ၎င်း၏ ထုတ်လုပ်နိုင်စွမ်းက ပြည်တွင်းသုံးစွဲနေသည့်ပမာဏ၏ ၁၀ ခိုင်နှုန်းခန့်သာရှိကြောင်း၊ စက်အခြေအနေကလည်း အဆင့်မြင့်သည့် စက်သုံးဆီမထုတ်လုပ်နိုင်ကြောင်း၊ 92 ၊ 95 တို့ကို မထုတ်လုပ်နိုင်ကြောင်း၊ 70 Ron သာထုတ်လုပ်နိုင်ကြောင်း၊ ၉၀ ရာခိုင်နှုန်းကျော်က ပြည်ပမှပြည်တွင်းကို တင်သွင်းနေရကြောင်း၊ ရေနံစိမ်းဈေးများလည်း တက်နေကြောင်း၊ စက်သုံးဆီနှင့်ပတ်သက်ပြီး မိမိတို့ ဖြေလျှော့ဆောင်ရွက်ပေးနေသည်မှာ ဗဟိုဘဏ်က အမေရိကန်ဒေါ်လာများ ရောင်းချပေးပြီး တိုင်းနှင့် ပြည်နယ်အလိုက် အရောင်းဆိုင် ၂၂၀ ကျော်တွင် သက်သာသည့် ဈေးနှုန်းအတိုင်း ရောင်းချပေးလျက်ရှိကြောင်း၊ ယင်းသို့ရောင်းချရာတွင်လည်း သက်ဆိုင်ရာကော်မတီများ၏ ကြီးကြပ်မှုနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့် အခြားသက်ဆိုင်သည့်ဌာနများ ပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ယခင်ခေတ်ကကဲ့သို့ အစိုးရစက်သုံးဆီဆိုင်များက ဖြန့်ဖြူးပေးခြင်းမျိုး မဖြစ်နိုင်တော့ကြောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် ယခင်က မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးအရောင်းဆိုင်များကို ပုဂ္ဂလိကသို့ လွှဲပြောင်းပေးခဲ့ပြီးနောက် လွတ်လပ်စွာလုပ်ပိုင်ခွင့်ကို ၂၀၁၇ ခုနှစ်တွင် ဥပဒေပြဌာန်းပြီး ဆောင်ရွက်ခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့အနေနှင့်ဘေးကင်းလုံခြုံမှုရှိစေရန်နှင့် လွတ်လပ်မျှတသည့် ဈေးကွက်ဖြစ်စေရေးအတွက် အဓိကထား၍ ကြပ်မတ်လျက်ရှိကြောင်း၊ နိုင်ငံပိုင် ရေနံချက်စက်ရုံ၏ ထုတ်လုပ်နိုင်သည့်ပမာဏ၊ ထုတ်လုပ်နိုင်သည့် ဓာတ်ဆီအရည်အသွေးများက နိုင်ငံတော်၏ မြို့အင်အားအလိုက် အရောင်းဆိုင်များဖွင့်လှစ်ရောင်းချရန် လက်ရှိအခြေအနေအရ လုပ်၍မရနိုင်ကြောင်း၊ ထိုကိစ္စများနှင့်ပတ်သက်၍ စက်သုံးဆီဈေးနှုန်း ကြီးကြပ်ရေးကော်မတီကို မိမိတို့အနေဖြင့် ပြော၍ရကြောင်း၊ အရည်အသွေးစစ်ဆေးရေးကော်မတီအနေနှင့်လည်း လိုက်ပါဆောင်ရွက်ပေးနိုင်သည်ဟု ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

**“အစိုးရစက်သုံးဆီဆိုင်များက ဖြန့်ဖြူးပေးခြင်းမျိုး မဖြစ်နိုင်တော့ကြောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် ယခင်က မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးအရောင်းဆိုင်များကို ပုဂ္ဂလိကသို့လွှဲပြောင်းပေးခဲ့ပြီးနောက် လွတ်လပ်စွာလုပ်ပိုင်ခွင့်ကို ၂၀၁၇ ခုနှစ်တွင် ဥပဒေပြဌာန်းပြီးဆောင်ရွက်ခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့အနေနှင့် ဘေးကင်းလုံခြုံမှုရှိစေရန်နှင့် လွတ်လပ်မျှတသည့် ဈေးကွက်ဖြစ်စေရေးအတွက် အဓိကထား၍ ကြပ်မတ်လျက်ရှိ”**

**သူရိယနေဝန်းသတင်းဌာနကိုယ်စားပြု မသဇင်ဦး** က ၂၀၂၂ ခုနှစ် WTI ၏ အစီရင်ခံစာလည်း ထွက်ပေါ်လာပြီဖြစ်ကြောင်း၊ ထိုအစီရင်ခံစာတွင် ကိုဗစ်စတုတ္ထလှိုင်းအလွန်၌ ဆီဈေးများ ထပ်မံမြင့်တက်ရန်ရှိသည်ဟု ဖော်ပြထားကြောင်း၊ ယခုလက်ရှိ မိမိတို့နိုင်ငံတွင် ဖြစ်ပျက်နေသည်မှာ ဆီဈေးနှုန်းမြင့်မားမှုအပြင် ဆီဆိုင်များ၏ ခြင်တွယ်မှုမမှန်ကန်သည့် ပြဿနာကို ရင်ဆိုင်နေရသည့်အတွက် ယင်းဆိုင်များကို အရေးယူရန် မည်သို့ဆောင်ရွက်မည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က စက်သုံးဆီကြီးကြပ်ရေး အရည်အသွေးစစ်ဆေးရေးကော်မတီရှိကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်ပြီး ယခင်ကလည်း ထုတ်ပြန်ခဲ့ဖူးကြောင်း၊ တိုင်ကြားနိုင်သည့် ဖုန်းနံပါတ်များလည်း သတင်းစာများတွင် ထုတ်ပြန်ခဲ့ကြောင်း၊ ပြည်သူလူထုကလည်း တစ်ဖက်တစ်လမ်းက ကူညီသောအားဖြင့် မသမာမှုများတွေ့လျှင် ၎င်းနေရာများကို တိုင်ကြားရန်၊ အကြောင်းကြားပေးရန် မိမိအနေဖြင့် မေတ္တာရပ်ခံလိုကြောင်း ပြန်လည်ဖြေကြားသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# အင်းတော်ကြီးအိုင်သည် ရောဝတီမြစ်တွင်နေထိုင်ကျက်စားကြသည့် ငါးမျိုးစိတ်များ ဥဥသားပေါက်သည့်နေရာတစ်ခုဖြစ်

မိုးညှင်း ဇန်နဝါရီ ၁၇

**ကချင်ပြည်နယ် မိုးညှင်းမြို့နယ်ရှိ အင်းတော်ကြီးအိုင်သည် ဧရာဝတီမြစ်နှင့် ဆက်စပ်လျက်ရှိရာ ဧရာဝတီမြစ်အတွင်း၌ နေထိုင်ကျက်စားကြသည့် ငါးမျိုးစိတ်များ ဥဥသားပေါက်သည့် နေရာတစ်ခုဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာန အင်းတော်ကြီးဒေသရုံးခွဲမှ သိရသည်။**



မြန်မာနိုင်ငံ မြောက်ပိုင်းရှိ ချောင်းငယ်၊ မြစ်ငယ်များသည် ဧရာဝတီမြစ်အတွင်းသို့ စီးဝင်ကြပြီး ဧရာဝတီမြစ်အတွင်း၌ ငါးမျိုးစိတ်မျိုးစုံ နေထိုင်ကျက်စားကြရာ ငါးမျိုးစိတ်အများစုသည် ရေသေတွင် ဥဥသားပေါက်လေ့ရှိကြ၍ ရေကြီးရေလျှံချိန် မိုးရာသီကာလ၌ အင်းတော်ကြီးအိုင်အတွင်းသို့ ဝင်ရောက်ပြီး ငါးမျိုးစိတ်ပေါင်းစုံတို့က သန်းနှင့်ချီကာ ဥဥသားပေါက်လေ့ရှိသည်။

အင်းတော်ကြီးအိုင်သည် ဧရာဝတီမြစ်နှင့် ဆက်စပ်လျက်ရှိပြီး ၎င်းမြစ်အတွင်းရှိ ငါးမျိုးစိတ်များက ရွှေတောင်(ချောင်းဝ)ချောင်းမှ တစ်ဆင့် အင်းတော်ကြီးအိုင်အတွင်းသို့ ဝင်ရောက်၍ ဥဥ၊ သားပေါက်၊ မျိုးပွားကြပြီးမှ ဧရာဝတီမြစ်နှင့် အခြားမြစ်ချောင်းများသို့ ပြန်လည်ပျံ့နှံ့ ကျက်စားလျက်ရှိကြောင်း သိရသည်။

အင်းတော်ကြီး အိုင်သည် မြန်မာနိုင်ငံ၏ အကြီးဆုံး ရေချိုအိုင်ဖြစ်၍ အရှေ့တောင်အာရှတွင် တတိယအကြီးဆုံး အိုင်ဖြစ်ပြီး နို့တိုက်သတ္တဝါမျိုးစိတ် ၃၀ ကျော်၊ ကုန်းနေရေနေနှင့် တွားသွားသတ္တဝါမျိုးစိတ် ၈၀ ကျော်၊ ငှက်မျိုးစိတ် ၃၀၀ ကျော်နှင့် ငါးမျိုးစိတ် ၉၀ ကျော် နေထိုင်ကျက်စားလျက်ရှိကြောင်း သိရသည်။

ဇွဲသူရအောင်(ပြန်/ဆက်)

# PDF အမည်ခံအကြမ်းဖက်အဖွဲ့များက ရဟန်းသံဃာများကို အကြောင်းအမျိုးမျိုးပြ စွပ်စွဲ၍ ရက်စက်စွာသတ်ဖြတ်

နေပြည်တော် ဇန်နဝါရီ ၁၇

**NUG ၊ CRPH ၊ PDF အမည်ခံအကြမ်းဖက်သမားများသည် ဒေသအချို့၌ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အေးချမ်းစွာနေထိုင်ကြသည့် ပြည်သူအချို့အား အကြောင်းပြချက်အမျိုးမျိုးဖြင့် ခြိမ်းခြောက်၊ သတ်ဖြတ်၊ လုယက်မှုများ ကျူးလွန်လျက်ရှိသည့်အပြင် ကိုးကွယ်ဆည်းကပ်ရာဖြစ်သော သံဃာတော်များကိုပါ လုပ်ကြံသတ်ဖြတ်သည့် အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်လျက်ရှိကြသည်။**

**မီးရှို့ခံရသည့်ဒဏ်ရာများဖြင့်ပျံလွန်တော်မူ**

ထိုသို့ အကြမ်းဖက်မှုများ လုပ်ဆောင်ခဲ့ရာ ဇန်နဝါရီ ၁၆ ရက် နံနက် ၁၀ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ဥသျှစ်ကုန်းကျေးရွာ၊ ပန်းကုန်းသာတောတိုက်ရှိ ပန်းကုန်းသာဘုန်းကြီးကျောင်း၌ သီတင်းသုံးနေသည့် ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ သက်တော်(၅၅) နှစ်၊ ဝါတော်(၂၂)ဝါ ထံသို့ ဆွမ်းလာပို့သည့် ဒါယကာ/ဒါယိကာမများက ဆရာတော်အား မတွေ့ရှိရသဖြင့် လိုက်လံရှာဖွေရာ ည ၈ နာရီ မိနစ် ၅၀ တွင် အဆိုပါ ဘုန်းကြီးကျောင်း၏ အနောက်ဘက် ၂ ဖာလုံခန့်အကွာ လယ်ကွက်အတွင်း၌ PDF အမည်ခံ အကြမ်းဖက်သမားများက ဓားဖြင့်ခုတ်၊ မီးဖြင့်ရှို့၍ သတ်ဖြတ်ခဲ့ခြင်းကြောင့် ခန္ဓာကိုယ် အပေါ်ပိုင်း ဓားဒဏ်ရာများနှင့် အောက်ပိုင်းတွင် မီးရှို့ခံထားရသည့် ဒဏ်ရာများဖြင့် ပျံလွန်တော်မူနေသည့် ဆရာတော်ကို တွေ့ရှိရကြောင်း သိရသည်။

**တုတ်ဖြင့်ရိုက်နှက်ဒဏ်ရာရ ပျံလွန်တော်မူ**

အလားတူ ည ၉ နာရီ မိနစ် ၅၀ တွင် မုံရွာမြို့ စက်မှုဇုန်ရပ်ကွက် စိန်ပန်းလမ်းပေါ်၌ သံဃာတစ်ပါး လဲကျနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ မုံရွာမြို့ လက်ဇင်အုပ်စု ရွာထောင်ဘုန်းကြီးကျောင်း၌ သီတင်းသုံးနေသည့် ကိုရင်ကြီး ဇဝန(ခ) ငြိမ်းချမ်း (၃၈)နှစ် (ဘ) ဦးတင်ရွှေဖြစ်ပြီး ယာဘက်နားအောက် ညိုမည်းဒဏ်ရာ၊ ဝဲမျက်ခုံးအထက် စုတ်ပြဲဒဏ်ရာ၊ နားနှင့် နှာခေါင်း သွေးထွက်ဒဏ်ရာများဖြင့် လဲကျသေဆုံးနေသည်ကို တွေ့ရှိရသဖြင့် ဖြစ်စဉ်အား စိစစ်ခဲ့ရာ အဆိုပါ ကိုရင်ကြီးသည် ည ၉ နာရီ မိနစ် ၅၀ တွင် စိန်ပန်းနီလမ်းမပေါ်၌ တစ်ပါးတည်း လမ်းလျှောက်နေစဉ် ဆိုင်ကယ်မောင်းနှင်လာသည့် အကြမ်းဖက်သူ အမျိုးသားတစ်ဦးက တုတ်ဖြင့် ရိုက်နှက်ကာ ထွက်ပြေးသွားခဲ့သဖြင့် ထိခိုက်ဒဏ်ရာရရှိ ပျံလွန်တော်မူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သံဃာတော် အပါး ၂၀ ပျံလွန်တော်မူ**

အကြမ်းဖက်အဖွဲ့များသည် မြန်မာနိုင်ငံသားအများစု ကိုးကွယ်ရာဘာသာဖြစ်သော ဗုဒ္ဓဘာသာ၏ ရဟန်းသံဃာများကို ယခုကဲ့သို့ အကြမ်းဖက်သတ်ဖြတ်နေမှုများကို ကျူးလွန်လုပ်ဆောင်လျက်ရှိရာ ယနေ့အထိ သံဃာတော် အပါး ၂၀ သည် ၎င်းတို့၏ လုပ်ကြံသတ်ဖြတ်မှုကြောင့် ပျံလွန်တော်မူခဲ့ကြရကြောင်းနှင့် ၇ ပါး ထိခိုက်ဒဏ်ရာရရှိခဲ့ရကြောင်း သိရသည်။

**ဆက်သွယ်သတင်းပို့ ပူးပေါင်းဆောင်ရွက်**

အကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့အပေါ် လိုလားထောက်ခံခြင်းမရှိသော အပြစ်မဲ့ပြည်သူများကိုသာမက ကိုးကွယ်ယုံကြည်ရာဖြစ်သော ရဟန်းသံဃာများကိုပင် အကြောင်းအမျိုးမျိုးပြစွပ်စွဲ၍ သတ်ဖြတ်ခြင်းများကို ကျူးလွန်လျက်ရှိသဖြင့် ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် ဝိုင်းဝန်းပူးပေါင်းကာကွယ်သွားကြပါရန်နှင့် အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုသတင်းများကို ရရှိပါက နီးစပ်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် လျှို့ဝှက်စွာ ဆက်သွယ်သတင်းပေးပို့၍ အကြမ်းဖက်သမားများ ရပ်တည်မှုမရှိနိုင်သည်အထိ ပူးပေါင်းဆောင်ရွက်သွားကြပါရန် သက်ဆိုင်ရာက မေတ္တာရပ်ခံသတင်းထုတ်ပြန်ထားသည်။

သတင်းစဉ်

# စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့ရှိ ရွှေဆိုင်တစ်ဆိုင်အား အကြမ်းဖက်သမား ငါးဦးက သေနတ်နှင့် လက်လုပ်မိုင်းများ အသုံးပြုခြိမ်းခြောက်ကာ ရွှေထည်ပစ္စည်းမျိုးစုံ ၁၄၈၇ ခု၊ တန်ဖိုးငွေကျပ် ၃၀၆၉ သိန်းခန့်ကို ဓားပြတိုက်ယူဆောင်

နေပြည်တော် ဇန်နဝါရီ ၁၇

**စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့ရှိ ရွှေဆိုင်တစ်ဆိုင်အား ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် အကြမ်းဖက်သမား ငါးဦးက သေနတ်နှင့်လက်လုပ်မိုင်းများ အသုံးပြုခြိမ်းခြောက်ကာ ရွှေထည်ပစ္စည်းမျိုးစုံ ၁၄၈၇ ခု၊ တန်ဖိုး ငွေကျပ် ၃၀၆၉ သိန်းခန့်ကို ဓားပြတိုက် ခြိမ်းခြောက်ယူဆောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။**

ဖြစ်စဉ်မှာ အင်းတော်မြို့ အောင်ချမ်းသာရပ်ကွက် သီတာအေးလမ်းနေ ဦးတင်အောင် (၆၆) နှစ် (ဘ)ဦးချွန်စိန်နှင့် ဒေါ်ခင်ခင်ကြီး (၆၁)နှစ် (ဘ)ဦးကိုလေးတို့သည် ၎င်းတို့၏နေအိမ်၌ "ဦးတင်အောင်+ဒေါ်ခင်ခင်ကြီး" အမည်ဖြင့် ရွှေဆိုင်နှင့်အပေါင်ဆိုင်လုပ်ငန်း ဖွင့်လှစ်ထားရှိကြောင်း၊ ဇန်နဝါရီ ၁၆ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် အဆိုပါဆိုင်သို့ Mask အနက်ရောင် တပ်ဆင်ထားပြီး လျှာထိုးဦးထုပ်များ ကိုယ်စီ ဆောင်းထားသည့် အကြမ်းဖက်သမား ငါးဦးက ဆိုင်ကယ်နှစ်စီးဖြင့် ရောက်ရှိလာပြီး ရွှေပေါင်ချင်ကြောင်း ပြော၍ ဝင်ရောက်လာကာ ဆိုင်အတွင်းသို့အရောက်၌ ၎င်းတို့အနက် နှစ်ဦးက ဦးတင်အောင်နှင့် ဒေါ်ခင်ခင်ကြီးတို့အား သေနတ် (အတို) နှစ်လက်ဖြင့် ချိန်ရွယ်အကျပ်ကိုင်ကာ နေအိမ်အိပ်ခန်းအတွင်း ချုပ်နှောင်ခေါ်ဆောင်သွားခဲ့ကြောင်း၊ ရွှေဆိုင် အရောင်းခန်းမ၌ ကျန်ရှိခဲ့သည့် အကြမ်းဖက်သမား သုံးဦးက ဆိုင်ခန်းအတွင်း မှန်ကောင်တာများဖြင့် ရောင်းချရန် ခင်းကျင်းပြသထားသည့် TA တံဆိပ်ပါ ရွှေထည်ပစ္စည်းမျိုးစုံ ၁၄၈၇ ခု၊ အလေးချိန် ၁ ပိဿာ ၆၅ ကျပ်သားခန့်၊ ကာလတန်ဖိုးငွေကျပ် ၃၀၆၉၀၀၀၀၀ ကို မှန်ကောင်တာများအား ရိုက်ခွဲလုယက်ယူဆောင်ပြီး နေအိမ်အိပ်ခန်းအတွင်းနှင့် မှန်ကောင်တာအပေါ်တို့၌ ရေသန့်ဘူးဖြင့် ပြုလုပ်ထားသည့် လက်လုပ်မိုင်းနှစ်လုံးထောင်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအား တိုင်ကြားပါက လက်လုပ်မိုင်းများ ဖောက်ခွဲ၍ သတ်ပစ်မည်ဖြစ်ကြောင်း ခြိမ်းခြောက်ပြောဆိုကာ ဆိုင်ကယ်များဖြင့် ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

ထိုသို့ ရွှေဆိုင်အား ဓားပြတိုက်မှုကျူးလွန်ကာ ဆိုင်အတွင်း လက်လုပ်မိုင်းများ တပ်ဆင်ခြိမ်းခြောက်အကျပ်ကိုင်သူ အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော ပိတ်ဆို့စစ်ဆေး ရှာဖွေစစ်ဆေးခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



အင်းတော်မြို့ရှိ ရွှေဆိုင်တစ်ဆိုင်မှ ရွှေထည်ပစ္စည်းများကို အကြမ်းဖက်သမား ငါးဦးက ဓားပြတိုက်မှု မှတ်တမ်းဓာတ်ပုံများ။

# ငဖဲမြို့နယ် တောင်ပေါ်ဒေသတွင် ၂၀၂၂ ခုနှစ်၌ ဘိန်းစိုက်ခင်း ၂၉ ဧကကို ပထမအကြိမ် ဝိုင်းဝန်းဖျက်ဆီးပြီးစီး

ငဖဲ ဇန်နဝါရီ ၁၇

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်တွင် ၂၀၂၂-၂၀၂၃ ခုနှစ် ဘိန်းစိုက်ရာသီကာလ၌ ဘိန်းစိုက်ပျိုးမှုမရှိစေရေးအတွက် ကွင်းဆင်းစစ်ဆေးဖျက်ဆီးမှု ဆောင်ရွက်နိုင်ရန်အတွက် တောင်ပေါ်ဒေသကျေးရွာအုပ်စုများ အတွင်းရှိ ဘိန်းစိုက်ခင်း ၂၉ ဧကကို



ဇန်နဝါရီ ၇ ရက်မှ ၁၃ ရက်အထိ ပူးပေါင်းစစ်ကြောင်းအဖွဲ့များက ပထမအကြိမ်သွားရောက်ဖျက်ဆီးခဲ့ကြပြီး မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ဘိန်းစိုက်ပျိုးမှုပပျောက်ရေး အသိပညာပေးဟောပြောခြင်းနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ဘိန်းစိုက်ခင်းများ ဖျက်ဆီးဆောင်ရွက်ရာတွင် ငဖဲမြို့နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲမှူးစိန်သောင်း ဦးစီးသော ဌာနဆိုင်ရာများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းစစ်ကြောင်းအဖွဲ့(၁)သည် နောင်ကျေးရွာတွင် အမြင့် တစ်ပေမှ နှစ်ပေခွဲ သုံးပေထိရှိသော သီးပွင့်ဆဲ ဘိန်းခင်း ၇ ဒသမ ၅ ဧက၊ တင်ပြင်းကျေးရွာတွင် ခြောက်ဧက၊ ဝံကျေးရွာတွင် နှစ်ဧက၊ ပဘဲကျေးရွာတွင် လေးဧကနှင့် အထက်ဆင်လမ်းတွင် နှစ်ဧက စုစုပေါင်း ၂၁ ဒသမ ၅ ဧကကို တောတောင်များအတွင်း ဖော်ထုတ်တွေ့ရှိရ၍ ဝိုင်းဝန်းဖျက်ဆီးခဲ့ကြသည်။ **(ဝဲပုံ)**

အလားတူ ငဖဲမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးသက်နိုင်စိုးနှင့် စခန်းမှူး ဒုရဲမှူး ဇော်ဝင်း ဦးစီးသော ဌာနဆိုင်ရာများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းစစ်ကြောင်း အဖွဲ့(၂)သည် ရေဖြူကျေးရွာတွင် အမြင့် တစ်ပေမှ နှစ်ပေခွဲ သုံးပေထိရှိသော သီးပွင့်ဆဲ ဘိန်းခင်း ၁ ဒသမ ၅ ဧက၊ ဘို့ကျေးရွာတွင် ၂ ဒသမ ၅ ဧကနှင့် ရှောက် ရင်းကျေးရွာတွင် ၃ ဒသမ ၅ ဧက စုစုပေါင်း ၇ဒသမ ၅ ဧကကို တောတောင်များအတွင်း ဖော်ထုတ်တွေ့ရှိရ၍ ဝိုင်းဝန်းဖျက်ဆီးခဲ့ကြကာ ၂၀၂၂ ခုနှစ်၌ ပထမအကြိမ်အဖြစ် ဘိန်းစိုက်ခင်း ၂၉ဧကကို ပူးပေါင်းဖျက်ဆီးပြီးစီးခဲ့ကြောင်း ငဖဲမြို့နယ် ရဲတပ်ဖွဲ့မှ သိရသည်။

**မယု(ငဖဲ)**

# လူမှုရေးအကူအညီလိုသော်... ဖုန်းဆက်ပါနော်

မြင့်မောင်စိုး

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ၂၄ နာရီ Help Line ဝန်ဆောင်မှုပေးမည့်အကြောင်း မကြာသေးမီက ထုတ်ပြန်ကြေညာခဲ့ပါသည်။ ဤထုတ်ပြန်ချက်အရ လူမှုရေးအကူအညီ အမှန်တကယ် လိုအပ်နေသူများအတွက် အလွန်ပင်ဝမ်းမြောက်ဖွယ်ရာပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ရပ်ကွက်၊ မြို့ရွာတို့၌ လူမှုရေးနှင့်ဆိုင်သော အမှုကိစ္စများစွာတို့သည် နေ့စဉ် နိစ္စဓူဝကြုံတွေ့နေကြရပါသည်။ အမှုကိစ္စများ ဖြေရှင်းအကြောင်းကြားရန် လိုအပ်လာသောအခါ အများစုကလမ်းလူကြီး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ ရဲစခန်းစသည် စသည်ဖြင့် ဆက်သွယ်အကြောင်းကြား လုပ်ကိုင်ဆောင်ရွက်ကြရပါသည်။**

ယခုလို အွန်လိုင်းဝန်ဆောင်မှု ပေါ်ပေါက်လာခြင်းသည် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းတို့အပြင် လူမှုရေးအကူအညီ ပေးနိုင်မည့် နေရာသစ်တိုးလာခြင်းမှာ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုရမည်သာ ဖြစ်ပါသည်။ လူမှုရေးအခက် ကြုံတွေ့နေရသူများကို တစ်ဖက်တစ်လမ်းမှ ကူညီလုပ်ပေးလိမ့်မည်ဟု ယုံကြည်ရပေသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့်လည်း ပြည်သူလူထုကို ခေတ်စနစ်နှင့်အညီ အွန်လိုင်းဝန်ဆောင်မှုပေးနိုင်မှုမှာလည်း ဂုဏ်ယူဖွယ်ရာပင် ဖြစ်ပါသည်။



ကယားပြည်နယ် ဖယ်ခုံမှ နေရပ်စွန့်ခွာအဘွားတစ်ဦးအား ပင်လောင်းမြို့နယ်၌ နေထိုင်စားသောက်ရေး အကူအညီပေးနေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ - မြို့နယ်(ပြန်/ဆက်)

### ဝန်ဆောင်မှုများပေးသွားမည်

အဆိုပါ ၂၄ နာရီဝန်ဆောင်မှုသည်ကား အိမ်တွင်းအကြမ်းဖက်မှုအပါအဝင် ကျား/မရေးရာ အခြေပြုအကြမ်းဖက်မှုများ၊ သက်ငယ်မုဒိမ်းဖြစ်ရပ်များ၊ ကလေးသူငယ်များ၊ ဆယ်ကျော်သက်များ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုတို့နှင့် ပတ်သက်၍ လူမှုရေးနည်းလမ်းအရ ဖြေရှင်းဆောင်ရွက်ပေးရန် လိုအပ်လာပါက ကာယကံရှင် ကိုယ်တိုင်သော်လည်းကောင်း၊ သိရှိသူပြည်သူများမှလည်းကောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန၏ Helpline တယ်လီဖုန်းနံပါတ် ၀၆၇-၄၀၄၂၂၂နှင့်၀၆၇-၄၀၄၉၉၉ တို့သို့ ယုံကြည်စိတ်ချစွာ တိုင်ကြားနိုင်ကြောင်း ဖော်ပြထားသည်။ ထို့အပြင် Viber နံပါတ် ၀၉ -၈၈၉၉၁၁၁၄၄ သို့လည်း Viber Message ပေးပို့၍လည်း တိုင်ကြားနိုင်ကြောင်း သိရသည်။ ၎င်းအပြင် Helpline –DSW Page Messager သို့ Message ပေးပို့၍ တိုင်ကြားနိုင်ပါသည်။ အကယ်၍ လူမှုရေးအကူအညီ လိုအပ်နေသူများအတွက် ဆက်သွယ်တိုင်ကြားလိုပါက တိုင်ကြားသူ၏အမည်၊ လိပ်စာ၊ ဖုန်းနံပါတ် ထည့်သွင်းဖော်ပြရမည်ဟု ဆိုပါသည်။ ဆက်သွယ်တိုင်ကြားသူများ၏ သတင်းအချက်အလက် မပေါက်ကြားရေးကို အထူးအလေးထား ကာကွယ်ပေးသွားမည်ဖြစ်ကြောင်း၊ တိုင်ကြားမှုများအား လူမှုရေးနည်းလမ်းများဖြင့် ကူညီဖြေရှင်းဆောင်ရွက်ပေးခြင်း၊ လိုအပ်သည်များကို ညွှန်းပို့ချိတ်ဆက်ပေးခြင်းတို့ဖြင့် ဝန်ဆောင်မှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရပါသည်။

### လူမှုရေးနည်းလမ်းအရ အကူအညီပေးနိုင်

အိမ်တွင်းအကြမ်းဖက်မှုဟုဆိုရာတွင် လင်မယားချင်းစကားများရာမှအစ သွေးထွက်သံယိုမှုများအထိ ဖြစ်ပေလိမ့်မည်။ စီးပွားရေးအဆင်မပြေမှု၊ အိမ်ထောင်ရေးဖောက်ပြန်မှု၊ ငွေကြေးအရှုပ်အရှင်းစသော အကြောင်းအရာများအပေါ်မူတည်၍ စကားများကြရာမှ ခြိမ်းခြောက်ပြောဆိုခြင်း၊ ဆဲရေးတိုင်းထွာခြင်း၊ ကိုယ်ထိလက်ရောက်ကျူးလွန်ရိုက်ပုတ်ခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်း၊ သားသမီးများအား ဆိုဆုံးမသင့်သည်ထက် အလွန်အကျူးရိုက်နှက်ခြင်းတို့သည် အိမ်တွင်းအကြမ်းဖက်မှုကို ဦးတည်စေပါသည်။ အိမ်တွင်းအကြမ်းဖက်မှုများကို နေစဉ်နှင့်အမျှ ကြုံတွေ့ခံစားနေရသူများအဖို့ တိုင်ကြားနိုင်သော အခြေအနေတစ်ရပ်ပင်ဖြစ်ပါသည်။ ဤသို့ဖြစ်ရပ်များသည် မိသားစုများအကြား၊ ဇနီးလင်မယားများကြား ဖြစ်လေ့ဖြစ်ထရှိသော ပြဿနာတစ်ရပ်ပင်ဖြစ်သည်။ မခံမရပ်နိုင်လောက်အောင် အိမ်တွင်းအကြမ်းဖက်မှုဖြစ်ပွားလာပါက ဖုန်းဆက်အကူအညီတောင်းခံလာပါက လူမှုရေးနည်းလမ်းအရ အကူအညီပေးနိုင်မည့် အစီအစဉ်တစ်ခုပင်ဖြစ်ပါသည်။

အိမ်တွင်းအကြမ်းဖက်မှုသာမက တစ်ခါတစ်ရံမိဘနှင့် သားသမီးများကြားတွင်လည်း ပြဿနာလေးများရှိတတ်ပါသည်။ အချို့သော သားသမီးများသည် ငယ်စဉ်အခါ အလွန်အလိုလိုက်ထားမိရာမှ အလွန်ဆိုးသွမ်းသော ကလေးများ ရှိတတ်ပါသည်။ နောက်ဆုံးထိန်းမနိုင်သိမ်းမရတော့ဘဲ ဖြစ်တတ်ပါသည်။ထိုအခါ လူမှုဝန်ထမ်းဦးစီးဌာနသို့ အကူအညီတောင်းခံလာပါက အသက် ၁၈ နှစ်အောက် ကလေးများဆိုလျှင် လူငယ်သင်တန်းကျောင်းများတွင် ယာယီထိန်းသိမ်းထားပြီးပြုပြင်ပေးကြောင်းလည်း သိရပါသည်။

အမျိုးသမီး ငယ်ရွယ်သူများအတွက်ဆိုလျှင်လည်း အမျိုးသမီးများ စွမ်းဆောင်ရည်မြင့်မားလာစေရန် အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း ၁၁ ကျောင်းအထိ ဖွင့်လှစ်ပြီး အိမ်တွင်းမှုပညာရပ်များသင်ကြားပေးလျက်ရှိကြောင်း သိရပါသည်။ ထို့ပြင် လူမှုရေးအရအကြောင်းအမျိုးမျိုးကြောင့် စောင့်ရှောက်မှုလိုအပ်သော အမျိုးသမီးများအတွက် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာနနှစ်ခု၊ အမျိုးသမီး သက်မွေးအတတ်ပညာသင်ကျောင်းလေးခုနှင့် အမျိုးသမီးများ ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာန တစ်ခုတို့ကို ဖွင့်လှစ်ပြီး ကာကွယ်စောင့်ရှောက်ပေးလျက်ရှိကြောင်း သိရပါသည်။ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် အမျိုးသမီး ကာကွယ်စောင့်ရှောက်ရေးကို အထူးအလေးထားဆောင်ရွက်နေကြောင်း အထင်အရှားပင်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်ရေးကိုလည်း အလေးထား ဆောင်ရွက်လျက်ရှိကြောင်း သိရပါသည်။ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် (၂၀၁၄)နှင့် သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေ (၂၀၁၆)နှင့်အညီ သက်ကြီးရွယ်အိုများ ဝင်ငွေလုံခြုံမှုရရှိစေရေးအတွက် ၂၀၁၄ -၂၀၁၅ ဘဏ္ဍာနှစ်တွင် အသက် ၁၀၀ နှစ်မှစခဲ့ပြီး တစ်လလျှင် ငွေကျပ်တစ်သောင်းနှုန်းဖြင့် လူမှုရေးပင်စင်ပေးခဲ့ကြောင်း သိရပါသည်။ ထို့နောက် ၂၀၁၇ -၂၀၁၈ ဘဏ္ဍာနှစ်မှစ၍ အသက် ၉၀ နှင့်အထက်၊ ၂၀၁၈ -၂၀၁၉ ဘဏ္ဍာနှစ်တွင် အသက် ၈၅ နှစ်နှင့်အထက် တစ်လလျှင် ငွေကျပ်တစ်သောင်းနှုန်းဖြင့် သုံးလတစ်ကြိမ် လူမှုရေးပင်စင် ထောက်ပံ့မှုအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လက်ရှိအကျိုးခံစားခွင့်ရှိသူ ဘိုးဘွား ၂၅၀၀၀၀ ရှိကြောင်း ၊ ခိုကိုးရာမဲ့ ဘိုးဘွားများကိုလည်း ဘိုးဘွားရိပ်သာများတွင် ပြုစုစောင့်ရှောက်ပေးလျက်ရှိကြောင်း သိရပါသည်။ ဤထောက်ပံ့မှုသည် ခိုကိုးရာမဲ့သော ဘိုးဘွားများအတွက် ကောင်းမွန်သော အကူအညီ လိုအပ်ချက်ပင် ဖြစ်သည်။

### အထူးသတိထားသင့်

သက်ငယ်မုဒိမ်းမှုနှင့် အမျိုးသမီးငယ်ရွယ်သူများအား လိင်အကြမ်းဖက်မှုသည် အထူးသတိထားရမည့် အချက်တစ်ချက်ဖြစ်ပါသည်။ အရွယ်မရောက်သေးသူများ၊ အမျိုးသမီးငယ်ရွယ်သူများအား ဆင်းရဲနွမ်းပါးမှုကို အခွင့်ကောင်းယူ၍ တရုတ်အမျိုးသားများထံ ပို့ဆောင်ရောင်းစားပြီး ငွေကြေးအကျိုးအမြတ် ရယူလုပ်ဆောင်မှုများရှိနေပါသည်။ ဤသို့ လူကုန်ကူးမှုသတင်းများကို မကြာခဏကြားသိနေရပါသည်။ အထူးသတိထားသင့်ပါသည်။

သို့ပါ၍ မိမိအနေဖြင့်လည်းကောင်း၊ မိမိပတ်ဝန်းကျင်တွင်လည်းကောင်း အမျိုးသမီးများ အိမ်တွင်းအကြမ်းဖက်မှုကို ဆိုးရွားစွာကြုံတွေ့နေရလျှင်ဖြစ်စေ၊ သက်ငယ်မုဒိမ်းမှုနှင့် လူငယ်ပြဿနာများဖြစ်စေ ရင်ဆိုင်ကြုံတွေ့နေရပါက ဆက်သွယ်၍ လူမှုရေးအကူအညီတောင်းခံနိုင်ပါသည်။ ထို့အပြင် မိမိပတ်ဝန်းကျင်တွင် ခိုကိုးရာမဲ့ အဘိုးအဘွားများ၊ သားထောက်သမီးခံမရှိသူ ဘိုးဘွားများ တွေ့ရှိပါကလည်း ကူညီစောင့်ရှောက်ပေးနိုင်သော ဘိုးဘွားရိပ်သာများရှိပါသည်။ ဆက်သွယ်အကူအညီ တောင်းခံလာပါက လူမှုဝန်ထမ်းဦးစီးဌာနက ဆက်သွယ်ညွှန်းပို့ပေးသွားမည်ဖြစ်ကြောင်းလည်း သိရပါသည်။ လူမှုရေးအကူအညီ လိုအပ်လာသောအခါ ဆက်သွယ်အကူအညီတောင်းခံနိုင်ရန်အတွက် ယခုဖော်ပြပါ ဖုန်းနံပါတ်များကိုလည်း မိမိတို့၏ လက်ကိုင်ဖုန်းများတွင် အရန်သင့်သိမ်းဆည်းထားဖို့ လိုအပ်မည်ဖြစ်ပါသည်။ သို့မှသာ ဆက်သွယ်အကူအညီ တောင်းခံနိုင်မည်ဖြစ်ပါသည်။ ဘာပဲဖြစ်ဖြစ် လိုလျှင်ရစေကြိုးနှင့်ခွေ ဆိုသည့်စကားအတိုင်း ဆက်သွယ်အကူအညီတောင်းခံနိုင်သော ဖုန်းနံပါတ်များရှိထားခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။ အကယ်၍ လူမှုရေးအကူအညီတစ်ခုခု လိုအပ်မည်ဆိုပါက ဖော်ပြပါ ဖုန်းနံပါတ်များမှ တစ်ဆင့်ဆက်သွယ်အကူအညီ တောင်းခံနိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

> **"အမျိုးသမီးများ အိမ်တွင်းအကြမ်းဖက်မှုကို ဆိုးရွားစွာ ကြုံတွေ့နေရလျှင်ဖြစ်စေ၊ သက်ငယ်မုဒိမ်းမှုနှင့် လူငယ်ပြဿနာများဖြစ်စေ ရင်ဆိုင်ကြုံတွေ့နေရပါက ဆက်သွယ်၍ လူမှုရေးအကူအညီတောင်းခံနိုင်ပါသည်။ ထို့အပြင် မိမိပတ်ဝန်းကျင်တွင် ခိုကိုးရာမဲ့ အဘိုးအဘွားများ၊ သားထောက်သမီးခံမရှိသူ ဘိုးဘွားများ တွေ့ရှိပါကလည်း ကူညီစောင့်ရှောက်ပေးနိုင်သော ဘိုးဘွားရိပ်သာများရှိပါသည်။ ဆက်သွယ်အကူအညီ တောင်းခံလာပါက လူမှုဝန်ထမ်းဦးစီးဌာနက ဆက်သွယ်ညွှန်းပို့ပေးသွားမည်"**

## မိတ္ထီလာခရိုင်တွင် ဆောင်းသီးနှံဖြစ်သည့် ဆောင်းကုလားပဲစိုက်ဧက ၄၃၀၀၀ ကျော် စိုက်ပျိုးပြီးစီး

**မိတ္ထီလာ ဇန်နဝါရီ ၁၇**

မိတ္ထီလာခရိုင် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ဆောင်းသီးနှံဖြစ်သည့် ဆောင်းကုလားပဲ စိုက်ဧက ၄၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိတ္ထီလာခရိုင် စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုအောက်ရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်များမှ ကျေးလက်နေတောင်သူများ ဆောင်းသီးနှံကုလားပဲကို မိုးသီးနှံများ သိမ်းဆည်းပြီးချိန် စီးပွားဖြစ် စိုက်ပျိုးလာလျက်ရှိသည်။ ထိုသို့ စိုက်ပျိုးလျက်ရှိရာမှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ဆောင်းသီးနှံဖြစ်သည့် ဆောင်းကုလားပဲကို အောက်တိုဘာလ ပထမပတ်မှစတင်၍ စိုက်ပျိုးလျက်ရှိရာ မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာမြို့နယ်တွင် ဆောင်းကုလားပဲစိုက်ဧက ၂၅၈၂ ဧက၊ မလှိုင်မြို့နယ်တွင် ၁၄၂၈ ဧက ၊ သာစည်မြို့နယ်တွင် ၁၈၉၅၄ ဧကနှင့် ဝမ်းတွင်းမြို့နယ်တွင် ၂၀၇၅၄ ဧက စိုက်ပျိုးနိုင်ခဲ့ပြီးဖြစ်ရာ ယနေ့အထိ မိတ္ထီလာခရိုင်တွင် ဆောင်းကုလားပဲစိုက်ဧက ၄၃၇၁၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

မိတ္ထီလာခရိုင်တွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဆောင်းသီးနှံ ဖြစ်သည့် ဆောင်းကုလားပဲကို မိတ္ထီလာမြို့နယ်တွင်ဧက ၂၂၃၀၊ မလှိုင်မြို့နယ်တွင် ၁၀၆၁ ဧက၊ သာစည်မြို့နယ်တွင် ၁၉၆၅၇ ဧကနှင့် ဝမ်းတွင်းမြို့နယ်တွင် ၂၃၀၂၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ကျောက်ဖြူမြို့၌ ပြည်လုံးချမ်းသာအလိုတော်ပြည့်စေတီတော်မြတ်ကြီး၏ (၂၅)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်တွင် ရခိုင်ရိုးရာလောင်း(လှေ)ပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပ

**ကျောက်ဖြူ ဇန်နဝါရီ ၁၇**
ရခိုင်ပြည်နယ် ကျောက်ဖြူမြို့တွင် ပြည်လုံးချမ်းသာအလိုတော်ပြည့်စေတီတော်မြတ်ကြီး၏ (၂၅) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်တွင် ရခိုင်ရိုးရာလောင်း(လှေ)ပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများကို ဇန်နဝါရီ ၁၅ ရက်က ငလပွေ့ရပ်ကွက်ရှိ အဆိုပါဘုရားအနီး ငလပွေ့ချောင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ **(ယာပုံ)**



လောင်း(လှေ)ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ကျောက်ဖြူမြို့နယ် သံဃနာယက ဒုဥက္ကဋ္ဌ ငလပွေ့ကျောင်းတိုက် ဆရာတော်က သြဝါဒစကားပြောကြားပြီး ငလပွေ့ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်က ပြိုင်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါပြိုင်ပွဲတွင် ပြိုင်ပွဲဝင် အသင်း ၁၅ သင်းဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပထမဆုရရှိသည့်အသင်းအား ဆုငွေ ငါးသိန်းကျပ်၊ ဒုတိယဆုရရှိသည့်အသင်းအား ဆုငွေ လေးသိန်းကျပ်၊ တတိယဆုရရှိသည့် အသင်းအား ဆုငွေ သုံးသိန်းကျပ်နှင့် နှစ်သိမ့်ဆုရရှိသည့်အသင်းအား ဆုငွေ နှစ်သိန်းကျပ်စီ ဆုချီးမြှင့်မည်ဖြစ်သည်။ အလားတူ ယင်းနေ့တွင် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ၊ ချောတိုင်တက်ပွဲ၊ အထုတ်သတ်ပွဲ၊ လွန်ဆွဲပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ ဘဲဖမ်းပွဲ စသည့် ပျော်ပွဲရွှင်ပွဲများကို ကျင်းပလျက်ရှိပြီး ပြိုင်ပွဲအသီးသီးတွင် ဆုရရှိကြသူများအား ဇန်နဝါရီ ၁၈ ရက် ပွဲနောက်ဆုံးနေ့တွင် ဆုများပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း ငလပွေ့ရပ်ကွက်အုပ်ချုပ်ရေးမှူးထံမှ သိရသည်။

**တင်ထွန်းဦး၊ ဖြိုးဝေလင်း**

# သုံးခွမြို့ရှိ ပြည်သာဦးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပ

**သုံးခွ ဇန်နဝါရီ ၁၇**
ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ အမှတ်(၃)ရပ်ကွက် မင်းကျောင်း၊ ကျောင်းတိုက်ဝင်းအတွင်းရှိ လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ ကျော်က တည်ထားကိုးကွယ်ခဲ့သော ပြည်သာဦးစေတီတော်မြတ်၏ ဗုဒ္ဓပူဇနိယပွဲတော်ကို ကျောင်းတိုက်ဦးစီးပဓာနနာယ၊ သက်တော်ရှည် ဆရာတော်ဘဒ္ဒန္တနာယက (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၏သြဝါဒကိုခံယူ၍ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့်အဖွဲ့က ပြာသိုလဆန်း ၁၄ ရက် ပြာသိုလပြည့်၊ (ဇန်နဝါရီလ ၁၅ ရက်နှင့် ၁၆) ရက်တို့တွင် ကျင်းပကြောင်းသည်။

ထို့အပြင် ပြာသိုလပြည့်နေ့ အရုဏ်တက်တွင် ဆွမ်းတော်ကြီးတင် လှူပူဇော်ပွဲ ကျင်းပပြီးနောက် နံနက်၉နာရီတွင် ဗုဒ္ဓါဘိသေက ဘုရားအနေကဇာတင်လှူ ပူဇော်ပွဲပြုလုပ်ကာ သံဃာတော် ၁၁ ပါးအား ဆွမ်းဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

**ကျော်ဆန်း**

# ပိုင်ကျုံမြို့ ညာမရော-ဖားကပ် လေးမိုင်လမ်းပေါ်တွင် ကွန်ကရစ်တံတားနှစ်စင်း တည်ဆောက်လျက်ရှိ

**ပိုင်ကျုံ ဇန်နဝါရီ ၁၇**
ကရင်ပြည်နယ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ပြည်သူများ၏ လူနေမှုဘဝ သွားလာရေး အဆင်ပြေစေရန် ရည်ရွယ်၍ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ညာမရော-ဖားကပ် လေးမိုင်လမ်းပေါ်တွင် ကွန်ကရစ်တံတားနှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းကို ဇန်နဝါရီလ ပထမပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ကြောင်း သိရသည်။

အဆိုပါ တံတားနှစ်စင်းသည် ပေ၄၀တစ်စင်းနှင့် ၁၅ ပေတစ်စင်း ရှိပြီး ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ပထမ ခြောက်လပတ်အတွင်း ပြည်နယ်အစိုးရအဖွဲ့ နယ်စပ်ဒေသဖွံ့ဖြိုးရေး ခွင့်ပြုရန်ပုံငွေကျပ် ၉၉ ဒသမ ၂၄၀ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းတံတား တည်ဆောက်၍ လုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေးအတွက် ပြည်နယ်နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ရှိသူတို့က ကြီးကြပ်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ယင်းလုပ်ငန်းများ ပြီးစီးပါက ပိုင်ကျုံမြို့ ကျေးရွာအတွင်းရှိ ဒေသခံ ပြည်သူများအနေဖြင့် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူစွာ သွားလာနိုင်သည့်အပြင် မြို့သာယာလှပ၍ ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပိုမိုလွယ်ကူ အဆင်ပြေလာမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ပေါ်တော်မူ(ရှင်ဖြူ)မြတ်စွာဘုရားကြီးတွင် (၂၁)ကြိမ်မြောက် ဆွမ်းဆန်တော်လောင်းလှူပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၆ ရက်ကကျင်းပရာ ပင့်ဖိတ်ထားသောသံဃာတော် ၆၇ ပါးနှင့် သီလရှင်ဆရာလေး ၂၅ ပါးတို့အား ဌာနဆိုင်ရာအဖွဲ့စည်းများ၊ ရပ်ကွက်ကျေးရွာအုပ်စုများမှ အလှူရှင်များက ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြစဉ်။

သင်းသင်းအေး(ပြန်/ဆက်)

# ကျောက်ပန်းတောင်းမြို့နယ် ခါးပတ်ကျေးရွာ၌ ကေ ၂၁၅၀ ကျော် အကျိုးပြုမည့် ကျေးလက်ကုန်ထုတ်လမ်း၊ တံတားများ ရာနှုန်းပြည့်ပြီးစီး

**ကျောက်ပန်းတောင်း ဇန်နဝါရီ ၁၇**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လယ်ယာထွက်ကုန်များဈေးနှုန်းသက်သာစွာဖြင့် ဈေးကွက်သို့ ပို့ဆောင်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်သည့် မြင်သာတောင်ကျေးရွာအုပ်စု ခါးပတ်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း၊ တံတားများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဇန်နဝါရီ ၁၅ ရက်တွင် တာဝန်ရှိသူများက ကျေးရွာလမ်း၊ တံတားကော်မတီတို့နှင့်အတူ လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး၍ ကျေးရွာ ကော်မတီထံသို့ လွှဲပြောင်းအပ်သည်။

အဆိုပါကျေးရွာ၌ ကုန်ထုတ်လမ်း/တံတား တည်ဆောက်ခြင်းလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၂၁-၂၀၂၂ ခုနှစ် ခြောက်လဘတ်ဂျက် ပြည်ထောင်စုငွေလုံးငွေရင်း(မူလ)ရန်ပုံငွေကျပ် ၁၀၀ ဒသမ ၇ သန်းဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီက ၂၀၂၁ ခုနှစ် နိုဝင်ဘာလ တတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ ခါးပတ်ကျေးရွာ ကုန်ထုတ်လမ်း၊ တံတားများသည် အဆိုပါကျေးရွာရှိ ကျေးရွာရှိ အိမ်ခြေ ၄၀၄ ၊ အိမ်ထောင်စု ၃၇၇ ၊ လူဦးရေ ၂၁၅၈၊ အကျိုးပြု တောင်သူဦးရေ ၁၀၀ ၊ အကျိုးပြု လယ်/ယာ မြေဧက ၂၅၀၀ အကျိုးပြုခံစားရမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးဇော်မင်းထွန်းထံမှ သိရသည်။

**ကိုပြည့်(ကျေးလက်)**



## မိုးကုတ်မြို့နယ်တွင် ငွေကျပ်သိန်း ၄၉၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူများ ဖမ်းဆီးရမိ



**နေပြည်တော် ဇန်နဝါရီ ၁၇**

မိုးကုတ်မြို့နယ်တွင် ငွေကျပ်သိန်း ၄၉၀၀ ကျော် တန်ဖိုးရှိ ဘိန်းဖြူများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၄ ရက် ည ၇ နာရီတွင် မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ် လယ်ကြီး ပူးပေါင်းစစ်ဆေးရေးစခန်းတွင် မိုင်းလုံမှ မိုးကုတ်ဘက်သို့ ထွန်းလင်းထက် မောင်းနှင်ပြီး ကျော်ရင် လိုက်ပါလာသည့် NISSAN DIESEL ၆ ဘီး မော်တော်ယာဉ်ကို သတင်းအရ ရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလ တန်ဖိုးငွေကျပ်သိန်း ၄၉၀၀ ကျော် တန်ဖိုးရှိ ဘိန်းဖြူ ၁၉ ဒသမ ၈ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်များအရ ဘိန်းဖြူများကို ရှမ်းပြည်နယ် မြောက်ပိုင်းမှ ကချင်ပြည်နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့နှစ်ဦးကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက် ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## တောင်ငူ၊ ပြည်နှင့် သာယာဝတီသစ်တောကြိုးဝိုင်းများအတွင်း တရားမဝင် သစ်မျိုးစုံ ဖမ်းမိ

**နေပြည်တော် ဇန်နဝါရီ ၁၇**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနက ဦးဆောင်၍ ပူးပေါင်းအဖွဲ့များဖြင့် သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ တောင်ငူ၊ ပြည်နှင့် သာယာဝတီခရိုင် သစ်တောကြိုးဝိုင်းများအတွင်းရှိ တရားမဝင် ကျွန်းသစ် ၄၇ ဒသမ ၅၈၂၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၈၈၄၀၀)နှင့် သစ်မာ ၂ ဒသမ ၃၁၆၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၇၆၄၀) စုစုပေါင်း တရားမဝင် သစ်မျိုးစုံ ၄၉ ဒသမ ၈၉၈၄ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၄၃၆၀၄၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက် ရှိကြောင်း တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။



**သတင်းစဉ်**

## စပိန်စူပါဖလားဖိုင်လုပွဲတွင် ဘီလ်ဘာအိုကို အနိုင်ယူပြီး (၁၂) ကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့သည့် ရီးရဲမက်ဒရစ်

စပိန်စူပါဖလားဖိုင်လုပွဲစဉ်အဖြစ် ဘီလ်ဘာအိုအသင်းနှင့် ရီးရဲမက်ဒရစ်အသင်းတို့ပွဲစဉ်ကို ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းက ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်ရှိ King Fahd International အားကစားကွင်း၌ အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရာ ရီးရဲမက်ဒရစ်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး စပိန်စူပါဖလားကို အသင်းသမိုင်းတစ်လျှောက် (၁၂) ကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့သည်။

ဘီလ်ဘာအိုအသင်းသည် စူပါဖလား ဆီမီးဖိုင်နယ်တွင် အက်သလက်တီကိုမက်ဒရစ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဖိုင်လုပွဲသို့ တက်ရောက်လာနိုင်ခဲ့ကာ ပြိုင်ဘက် ရီးရဲမက်ဒရစ်အသင်းက နာမည်ကြီး ဘာစီလိုနာအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဖိုင်လုပွဲသို့ တက်လှမ်းလာနိုင်ခဲ့သည်။

ယခုဖိုင်လုပွဲစဉ်တွင် ဘီလ်ဘာအိုအသင်းရော ရီးရဲမက်ဒရစ်အသင်းပါ အဓိကကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာခဲ့သည့်အတွက် ပွဲမှာအကြိတ်အနယ်ရှိခဲ့သည်။ ယခုပွဲစဉ်တွင် နှစ်သင်းစလုံး နည်းဗျူဟာပိုင်း၊ ကစားကွက် ပိုင်း၊ ဂိုးကန်သွင်းမှုပိုင်းတွင် သိသိသာသာ ကွာခြားခြင်း မရှိသော်လည်း အဆုံးသတ်ပိုင်း သေချာခဲ့သည့် ရီးရဲမက်ဒရစ်အသင်းက အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ရီးရဲမက်ဒရစ်အသင်းအတွက် အဖွင့်ဂိုးကို ပွဲချိန် ၃၈ မိနစ်တွင် ရိုဒရီဂို၏ ဖန်တီးမှုမှ မိုဒရစ်က သွင်းယူပေးနိုင်ခဲ့ပြီး အသင်းအတွက် ဒုတိယဂိုးကို ယခုနှစ်ရာသီ ခြေစွမ်းပြသထားနိုင်သည့် ဘင်ဇီမာက ပယ်နယ်တီမှတစ်ဆင့် ပွဲချိန် ၅၂ မိနစ်တွင် သွင်းယူပေးနိုင်ခဲ့သည်။ ပွဲချိန် ၈၇ မိနစ်တွင် ရီးရဲမက်ဒရစ်အသင်းမှ မီလီတာအို တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသည်။ ပွဲချိန်ပြည့်ခါနီးတွင် ဘီလ်ဘာအိုအသင်း ပယ်နယ်တီကန်သွင်းခွင့်ရရှိခဲ့သော်လည်း ရာအူးလ် ဂါစီယာ အဆုံးသတ်ကန်သွင်းရာ ရီးရဲမက်ဒရစ်ဂိုးသမား ကော့တွိုက်စ်ကာကွယ်နိုင်ခဲ့သဖြင့် ဘီလ်ဘာအိုအသင်း နစ်နာခဲ့ရသည်။ ယခုပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို ရီးရဲမက်ဒရစ်ကစားသမား မိုဒရစ်က ရရှိခဲ့သည်။ ရီးရဲမက်ဒရစ်အသင်းသည် စပိန်စူပါဖလားကို (၁၂) ကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့သည့်အတွက် ဘာစီလိုနာအသင်း (၁၃) ကြိမ်မြောက်ပြီးလျှင် ဒုတိယအအောင်မြင်ဆုံးအသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

**အောင်ဇော်**



## အာရှချန်ပီယံလိဂ်အကြိုခြေစစ်ပွဲတွင် ရှမ်းယူနိုက်တက်နှင့် ဩစတြေးလျကလပ် တွေ့ဆုံ

**ရန်ကုန် ဇန်နဝါရီ ၁၇**

အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၂ အာရှချန်ပီယံလိဂ်ပြိုင်ပွဲ ခြေစစ်ပွဲနှင့် အုပ်စုများကို ဇန်နဝါရီ ၁၇ ရက်က မဲနှိုက်ရေးဆွဲထုတ်ပြန်ခဲ့ရာ မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းသည် ဩစတြေးလျကလပ်အသင်းနှင့် တွေ့ဆုံနေသည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် အနောက်အာရှဇုန်နှင့် အရှေ့အာရှဇုန်ခွဲ၍ ပြုလုပ်မည်ဖြစ်ပြီး မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းသည် အရှေ့အာရှဇုန်တွင် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အရှေ့အာရှဇုန်ကို အဆင့်နှစ်ဆင့်ခွဲ၍ ပြုလုပ်မည်ဖြစ်ပြီး အကြိုခြေစစ်ပွဲကို မတ် ၈ ရက်၊ ခြေစစ်ပွဲ Play-off ပွဲစဉ်များကို မတ် ၁၅ ရက်တွင် ကျင်းပမည်ဖြစ်သည်။ မြန်မာကလပ်အသင်းများသည် အကြိုခြေစစ်ပွဲအဆင့်မှ စတင်ကစားရမည်ဖြစ်ပြီး ၂၀၂၁-၂၀၂၂ FFA Cup ပြိုင်ပွဲတွင် ဗိုလ်စွဲသည့် ဩစတြေးလျကလပ်အသင်းနှင့် ကစားရမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် မတ် ၈ ရက်တွင် ဩစတြေးလျကလပ်နှင့် ကစားရမည်ဖြစ်ပြီး အနိုင်ရပါက ခြေစစ်ပွဲ Play-off ပွဲစဉ်အဖြစ် ဂျပန်ကလပ် ဗီဆေးလ်ကိုဘေးအသင်းနှင့် ကစားရမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ယင်းနှစ်ဆင့်ကို ကျော်ဖြတ်နိုင်မှသာ နောက်ဆုံးအဆင့် အုပ်စုသို့ တက်ရောက်ခွင့်ရမည်ဖြစ်ပြီး အာရှထိပ်သီးကလပ်များနှင့် တွေ့ဆုံနေသဖြင့် ရုန်းကန်ရဖွယ်ရှိနေသည်။

ရှမ်းယူနိုက်တက်အသင်းသည် အာရှချန်ပီယံလိဂ်ခြေစစ်ပွဲတွင် သုံးကြိမ်မြောက် ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်သည်။ ၂၀၂၁ ခုနှစ်တွင် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ မကျင်းပနိုင်သဖြင့် နောက်ဆုံးကျင်းပသည့် ၂၀၂၀ ပြိုင်ပွဲတွင် ချန်ပီယံဖြစ်ခဲ့သည့် ရှမ်းယူနိုက်တက်အသင်းက ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ယခုနှစ်တွင် အာရှအဆင့် ကလပ်ပြိုင်ပွဲနှစ်ခုစလုံး ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အာရှချန်ပီယံလိဂ်ခြေစစ်ပွဲနှင့် ၂၀၂၂ AFC Cup ပြိုင်ပွဲ အုပ်စုအဆင့်တွင်လည်း ယှဉ်ပြိုင်ခွင့်ရထားသည်။

**ရဲရင့်လွင်**

## မြန်မာကလပ် ရှမ်းယူနိုက်တက်နှင့် ဟံသာဝတီအသင်း ယှဉ်ပြိုင်ခွင့်ရထားသည့် ၂၀၂၂ AFC Cup ပြိုင်ပွဲ အုပ်စုမဲခွဲပွဲပြုလုပ်

**ရန်ကုန် ဇန်နဝါရီ ၁၇**

မြန်မာကလပ်အသင်းများ ယှဉ်ပြိုင်ခွင့်ရထားသည့် ၂၀၂၂ AFC Cup ပြိုင်ပွဲ အုပ်စုမဲခွဲပွဲကို ဇန်နဝါရီ ၁၇ ရက်က အွန်လိုင်းမှတစ်ဆင့်ပြုလုပ်ခဲ့သည်။ ၂၀၂၂ AFC Cup ပြိုင်ပွဲကို ဇုန်များခွဲ၍ ပြုလုပ်မည်ဖြစ်ပြီး မြန်မာကလပ်များမှာမူ အာဆီယံဇုန်တွင် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ဇုန်များအဖြစ် အရှေ့အာရှဇုန်၊ အနောက်အာရှဇုန်၊ တောင်အာရှဇုန်၊ အာဆီယံဇုန်၊ အလယ်ပိုင်းဇုန်ခွဲ၍ ကျင်းပမည်ဖြစ်ပြီး အသင်းပေါင်း ၃၉ သင်း ယှဉ်ပြိုင်မည်ဖြစ်သည်။ အာဆီယံဇုန် အုပ်စုပွဲစဉ်များကို ဇွန် ၂၄ ရက်မှ ၃၀ ရက်အထိ Centralized Venue ပုံစံဖြင့် ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုလျှင် အိမ်ရှင်နိုင်ငံများရွေးချယ်ကာ ပြုလုပ်သွားမည်ဖြစ်သည်။ မြန်မာကလပ်များဖြစ်သည့် ရှမ်းယူနိုက်တက်နှင့် ဟံသာဝတီအသင်းတို့ ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် AFC Cup ပြိုင်ပွဲတွင် လေးကြိမ်မြောက် ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်ပြီး ဟံသာဝတီအသင်းမှာမူ ပထမဆုံးယှဉ်ပြိုင်ခြင်းဖြစ်သည်။

ကိုဗစ်-၁၉ ကပ်ရောဂါ ကြောင့် ၂၀၂၁ ခုနှစ်တွင် AFC Cup ပြိုင်ပွဲ အာဆီယံဇုန်ပွဲစဉ်များ ကျင်းပနိုင်ခြင်းမရှိဘဲ ဖျက်သိမ်းခဲ့ရသည်။ အာဆီယံဇုန်တွင် အသင်း ၁၂ သင်း ပါဝင်မည်ဖြစ်ပြီး လေးသင်းသုံးအုပ်စုခွဲကာ ပြုလုပ်မည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အာဆီယံဇုန်အုပ်စု (G) တွင် ကာယာ (ဖိလစ်ပိုင်)၊ ဘာလီယူနိုက်တက် (အင်ဒိုနီးရှား)၊ ကီဒက်ရ်ှ (မလေးရှား)၊ ခြေစစ်ပွဲ အောင် အသင်း၊ အုပ်စု (H) တွင် ကွာလာလမ်ပူစီးတီး (မလေးရှား)၊ ရှမ်းယူနိုက်တက် (မြန်မာ)၊ တမ်ပနိစ်ရိုဗာ (စင်ကာပူ)၊ မာကာဆာ (အင်ဒိုနီးရှား)၊ အုပ်စု (I) တွင် ဗီတယ်လ် (ဗီယက်နမ်)၊ ဟောင်အန်ယူနိုက်တက် (စင်ကာပူ)၊ ဖနွမ်းပင်ခယောင်း (ကမ္ဘောဒီးယား)၊ ဟံသာဝတီ (မြန်မာ) တို့ ပါဝင်နေသည်။ ခြေစစ်ပွဲအဖြစ် ကမ္ဘောဒီးယားကလပ် ဗီဆာခါအသင်းနှင့် လာအိုကလပ် Young Elephants အသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အနိုင်ရသည့်အသင်းမှာ အုပ်စုအဆင့်သို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။ အာဆီယံဇုန်တွင် အုပ်စုတစ်ခုစီမှ ထိပ်ဆုံးသုံးသင်းနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံး အသင်းတို့မှာ ဇုန်ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်ပြီး ချန်ပီယံ ဖြစ်သည့်အသင်းမှာ အခြားဇုန်များမှ ချန်ပီယံအသင်းများနှင့်အတူ နောက်ဆုံးအဆင့်တွင် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**ရဲရင့်လွင်**

## မှတ်ပုံတင်ထားသော ပိုးသတ်ဆေးအားလွှဲပြောင်းဖြန့်ဖြူးခြင်း

Shanghai E-Tong Chemical Co.,Ltd မှ မှတ်ပုံတင်ထားသော အောက်ဖော်ပြပါ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မှို သတ်ဆေး တို့ကို တင်သွင်းဖြန့်ဖြူးရန် Network Marketing Limited မှ Yonta Myanmar Co.,Ltd. အား လွှဲပြောင်းဖြန့်ဖြူးရောင်းချ သွားမည်ဖြစ်ပါသည်။ ဤလွှဲပြောင်းသည့် ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက ညွှန်ကြားရေးမှူး သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့သို့ (၁၄)ရက်အတွင်း သွားရောက်အကြောင်းကြားကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

| Sr.No | Name of Product | Active Ingredient | Reg;No. | Registration | RegistrationHolder |
|---|---|---|---|---|---|
| 1 | E-T Ametin 1.8 EC | Abamectin 1.8 % EC | F2019-2081 | Insecticide | Shanghai E-Tong Chemical Co.,Ltd |
| 2 | E-T Fate 75 SP | Acephate 75 % SP | F2019-2082 | Insecticide | Shanghai E-Tong Chemical Co.,Ltd |
| 3 | E-T Car 95 SP | Cartap 95 % SP | 2016-3174 | Insecticide | Shanghai E-Tong Chemical Co.,Ltd |
| 4 | E-T Dimet 50 WP | Dimethomorph 50% WP | 2016-3178 | Fungicide | Shanghai Chemical Co.,Ltd |
| 5 | E-T Melax 25 WP | Metaxyl 25 % WP | F2019-2070 | Fungicide | Shanghai Chemical Co.,Ltd |
| 6 | E-T Gold Fit 30 EC | Pretilachlor 30% EC | F2019-2071 | Herbicide | Shanghai Chemical Co.,Ltd |

**Yonta Myanmar Co.,Ltd**

## မိဘအမည်မှန်

မရမ်းကုန်းမြို့နယ်၊ အထက(၅) နဝမတန်းမှ မောင်အောင်ခန့်ညိမ်း၏ မိဘအမည်မှန်မှာ ဦးလွမ်းနိုင် ၁၂/သလန (နိုင်)၀၃၄၅၁၈ နှင့် ဒေါ်စိုးမင်းထွန်း ၁၂/သလန(နိုင်)၀၃၄၅၁၉ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၇၂ယ/၈၇၈၅၉ Honda Wave-100 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဌေးဌေးလှ ၆/လလန(နိုင်)၀၁၇၆၆၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းရုံး(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် GG/1852ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိမိရီ ၁/မကန(နိုင်) ၀၀၁၅၉၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြင်ဦးလွင်)**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ကြီးမြို့၊ ရပ်ကွက်(၆)၊ အကွက်အမည်(၅၉)၊ ဗလီအရှေ့တောင်အရပ်၊ ဦးပိုင်အမှတ်(၅၀)၊ ဒေါက်တာစိန်မြင့် ၁၂/လသန(နိုင်)၀၁၁၇၀၆ အမည်ပေါက် နှစ်(၃၀)မြေငှားဂရန်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားဖြင့် ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဒေါက်တာစိန်မြင့်**
**(ဖုန်း-၀၉-၂၀၁၇၄၄၈)**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် ၁၅၀/ဓမ္မရတနာကျောင်းရပ်၊ ဦးပိုင်အမှတ်(၆၅)၊ ဧရိယာ(၀ဒသမ၁၈၀)ဧကရှိ ဒေါ်နော်မူးခိုဖော ၁၃/တကန(နိုင်)၀၁၁၈၉၅အမည်ပေါက် နှစ်(၃၀) မြေငှားဂရန်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားစုံလင်စွာဖြင့် ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဒေါ်နော်မူးခိုဖော**
**(ဖုန်း-၀၉-၅၂၈၀၅၁၉)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1F/7335, Foton Aumark, Truck (4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးအောင်နိုင်ဝင်း ၉/ပတရ(နိုင်)၁၈၇၈၀၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## မတည်ငွေရင်းလျှော့ချခြင်း

ကျွန်တော်များ Moe Myint Moh Pyae Co.,Ltd ၏အစုရှယ်ယာမတည်ရင်းနှီးငွေအား မူလကျပ်သိန်း(၅၀၀)မှ ကျပ်သိန်း(၅၀)သို့ လျှော့ချမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**Moe Myint Moh Pyae Co.,Ltd**

## ဖခင်အမည်မှန်

မြိတ်မြို့၊ အထက(၉) Grade-6မှ မယွန်းနဒီအောင်၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်းအရ ဦးလှ ရွှေ ၆/ကစန(နိုင်) ၀၅၁၃၉၁ ဖြစ်ပါကြောင်း။

**ဦးလှရွှေ**

## ဖခင်အမည်မှန်

ကျောက်မဲမြို့၊ အထက(၃) Grade-10မှ မစိုးပြည့်လင်းလက်၏ ဖခင်အမည်မှန်မှာ ဦးမြင့်စိုးဖြစ်ပါကြောင်း။

## အသိပေးကြေညာချက်

လားရှိုးမြို့၊ ရပ်ကွက်(၇)၊ကွက်သစ်နေ ဒေါ်နန်းခင်ညွန့် ၁၃/သနန(နိုင်) ၀၀၃၀၈၈ကိုင်ဆောင်သူ ကျွန်ုပ်အမှုသည်၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

လားရှိုးမြို့၊ ရပ်ကွက်(၇)၊ မောသီရိရပ်ကွက်တိုးချဲ့၊ မြေနေရာအလျားပေ(၆၀ x ၅၀)၊ မြေကွက်အမှတ် (၃၆)မြေကွက်၊ ရပ်ကွက်(၇)၊ မောသီရိတိုးချဲ့ကွက်သစ်၊ ဦးပိုင်အမှတ် (၁၀၀၇)၊ မြေချိန်ဧ ရိယာ(၀ဒသမ၀၉၆)၊ ဂရန်မြေအမှုတွဲအမှတ်၊ ၄၀၈-၅/၂၀၀၀-၂၀၀၁(အေ)မြေပေါ်ရှိ အဆောက်အအုံနှင့် ယာဉ်အမှတ် 2K-2865 TOYOTA WISH အမျိုးအစား မော်တော်ယာဉ်စသည့် အကျိုးခံစားခွင့်အရပ်ရပ် တို့ကို ဒေါ်နန်းခင်ညွန့်မှ လက်ဝယ်ထားရှိပိုင်ဆိုင်လျက်ရှိသည်။ မည်သူ တစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်း၊ ရောင်းချ၊ ပေးကမ်းထားခြင်းမရှိကြောင်းနှင့် ကျွန်ုပ်အမှုသည် သိရှိခြင်းမရှိဘဲ ယင်းမြေကွက်ဥပစာနှင့် ယာဉ်တို့ကို မည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်း၊ ရောင်းချ၊ ဝယ်ယူခြင်းများ မပြုလုပ်ရန် သတိပေးတား မြစ်အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ- ဦးအောင်ဇင်(ဥပဒေတွဲ့)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၈၆၈/၈၆)**
**အမှတ်(၄)၊ တရားရုံးတိုက်တန်း၊ လားရှိုးမြို့၊**
**ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ဖုန်း-၀၉-၄၂၈၃၇၂၀၄၉**

## ကန့်ကွက်နိုင်ပါကြောင်း

ရေနံချောင်းမြို့နယ်၊ ဆိပ်သာကွန်းထောက်မြို့ကွက်သစ်၊ မြေပေးမိန့်အဟောင်းများပယ်ဖျက်၍ မြေပေးမိန့်အသစ် ပြန် လည်ထုတ်ပေးနိုင်ပါရန် ဆိပ်သာကွန်းထောက်မြို့၊ မြေချထားမှုဆိုင်ရာ စာရင်းဇယား ကောက်ယူစိစစ်ရေးအဖွဲ့မှ တင်ပြလာပါသဖြင့် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသို့ မြေပေးမိန့်အသစ် ပြန်လည်ထုတ်ပေးမည်ဖြစ်ပါ၍ ဤသတင်းစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း မကွေးခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့လည်းကောင်း၊ ရေနံချောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့လည်းကောင်း၊ ရေနံချောင်းမြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့သို့ လည်းကောင်း အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်-

| စဉ် | မူလအမည်ပေါက်သူ | လာရောက်ဆက်သွယ်သူ | စည်ပင်မြေကွက်အမှတ် | မြေစာရင်းအကွက်အမှတ် | မြေစာရင်းမြေကွက်အမှတ် |
|---|---|---|---|---|---|
| ၁ | ဒေါ်အေးမိ | ဒေါ်အေးမိ | ၁၅၄၆ | ၂၁ | ၃၁၈ |
| ၂ | ဦးလှအေး | ဦးလှအေး | ၁၅၄၇ | ၂၁ | ၃၀၆ |
| ၃ | ဦးတင်အောင်ဦး | ဦးတင်အောင်ဦး | ၁၅၄၈ | ၂၁ | ၃၀၄ |
| ၄ | ဒေါ်လှဲ့လှဲ့မင်း | ဒေါ်လှဲ့လှဲ့မင်း | ၁၅၇၆ | ၂၁ | ၃၀၃ |
| ၅ | ဒေါ်မျိုးမျိုးထွန်း | ဒေါ်မျိုးမျိုးထွန်း | ၁၅၇၇ | ၂၁ | ၃၀၇ |
| ၆ | ဒေါ်အိမာသန်း | ဒေါ်အိမာသန်း | ၁၅၇၈ | ၂၁ | ၃၀၉ |
| ၇ | ဒေါ်အုန်းမြင့် | ဒေါ်အုန်းမြင့် | ၁၇၀၄ | ၂၃ | ၃၄ |
| ၈ | ဒေါ်မြင့်မြင့်စန်း | ဒေါ်မြင့်မြင့်စန်း | ၁၇၀၅ | ၂၃ | ၃၃ |
| ၉ | ဒေါ်လှဲ့လှဲ့ဝင်း | ဒေါ်လှဲ့လှဲ့ဝင်း | ၁၇၀၆ | ၂၃ | ၃၃ |
| ၁၀ | ဒေါ်ဝါဝါဝင်း | ဒေါ်ဝါဝါဝင်း | ၁၇၀၇ | ၂၃ | ၃၁ |
| ၁၁ | ဦးပေါက်စ | ဦးပေါက်စ | ၁၇၀၈ | ၂၃ | ၃၀ |
| ၁၂ | ဒေါ်မြင့်မြင့်ဦး | ဒေါ်မြင့်မြင့်ဦး | ၁၇၁၁ | ၂၃ | ၂၇ |
| ၁၃ | ဦးဝင်းမောင် | ဦးဝင်းမောင် | ၁၇၁၂ | ၂၃ | ၂၆ |
| ၁၄ | ဒေါ်သန်းသန်းဦး | ဒေါ်သန်းသန်းဦး | ၁၇၁၃ | ၂၃ | ၂၅ |
| ၁၅ | ဒေါ်နှင်းနုနုသိန်း | ဒေါ်နှင်းနုနုသိန်း | ၁၇၁၄ | ၂၃ | ၂၄ |

**ကော်လိတ္တော်အရာရှိ**
**မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မကွေးမြို့**

## စက်မှုဝန်ကြီးဌာန
## မြန်မာ့ဆေးဝါးလုပ်ငန်း
### မြင်းစာတောင့်(၂၃၅)တန် အဝယ်တင်ဒါသက်တမ်းတိုးခြင်း

၁။ ဆေးဝါးလုပ်ငန်း(အင်းစိန်)အတွက် မြင်းစာတောင့်(၂၃၅) တန် အိတ်ဖွင့်တင်ဒါပိတ်ရက်အား အောက်ပါအတိုင်း တိုးမြှင့်လိုက်ပါသည်-

အိတ်ဖွင့်တင်ဒါပိတ်ရက် ၂၀၂၂ခုနှစ်၊ ဇန်နဝါရီ (၂၀)ရက်၊ ကြာသပတေးနေ့ ညနေ ၄နာရီ

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

**မြန်မာ့ဆေးဝါးလုပ်ငန်း(ရုံးချုပ်)**
**စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇၃-၄၀၈၃၈၈၊ ၀၆၇၃- ၄၀၈၃၅၄**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အစိုးရစက်မှုလက်မှုသိပ္ပံ(လွိုင်ကော်)

၁။ ကယားပြည်နယ် အစိုးရစက်မှုလက်မှုသိပ္ပံ(လွိုင်ကော်)တွင် ၂၀၂၁ခု အောက်တိုဘာလမှ ၂၀၂၂ခုမတ်လ အထိ(၆)လ၊ ဘဏ္ဍာရေးနှစ်၌ အစိုးရစက်မှုလက်မှုသိပ္ပံ(လွိုင်ကော်)အတွက် တည်ဆောက်ရေးလုပ်ငန်း (၁)ခု၊ တည်ဆောက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက်မှာ (၁-၁-၂၀၂၂)ရက် နံနက် ၉နာရီမှ (၃၀-၁-၂၀၂၂)ရက် ညနေ ၄နာရီအထိနှင့် တင်ဒါဖွင့်မည့် ရက်မှာ (၂-၂-၂၀၂၂)ရက်ဖြစ်ပြီး အစိုးရစက်မှုလက်မှု သိပ္ပံ (လွိုင်ကော်)တွင် တင်ဒါလျှောက်လွှာများ လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ် အချက်အလက်များ သိရှိလိုပါက အစိုးရစက်မှုလက်မှုသိပ္ပံ(လွိုင်ကော်) (ဖုန်း-၀၈၃-၂၂၄၂၈၉၊ ၀၉-၄၀၀၃၀၅၆၇၄)နှင့် တိုက်ရိုက်ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**အစိုးရစက်မှုလက်မှုသိပ္ပံ(လွိုင်ကော်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဏုမြူစွမ်းအင်ဦးစီးဌာန
## အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဏုမြူစွမ်းအင်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် အောက်ဖော်ပြပါ ရာထူးနေရာများ၌ ခန့်ထားရန်အတွက် သတ်မှတ်အရည်အချင်းများနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ခန့်ထားမည့်ရာထူး/ လစာနှုန်း(ကျပ်) | ပညာအရည်အချင်း | ခန့်ထားမည့် ဦးရေ |
|---|---|---|---|
| (က) | သုတေသနလက်ထောက်(၂) (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | BE(Nuclear Technology) M.Sc (Physics/Chemistry) | ၅ ဦး |
| (ခ) | အငယ်တန်းစာရေး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ | ၃ ဦး |
| (ဂ) | စာရင်းကိုင်(၄) (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ | ၁ ဦး |
| (ဃ) | စာကူးစက်လှည့်အကူ (၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူ | ၂ ဦး |
| (င) | ယာဉ်မောင်း(၅) (၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | အခြေခံပညာအလယ်တန်း အောင်မြင်ပြီးသူ (ယာဉ်မောင်း(ခ)လိုင်စင်ရရှိပြီး ယာဉ်မောင်းကျွမ်းကျင်သူဖြစ်ရမည်။) | ၂ ဦး |
| (စ) | ရုံးအကူ (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | အခြေခံပညာအလယ်တန်း အောင်မြင်ပြီးသူ | ၃ ဦး |
| (ဆ) | လုပ်သား (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | အခြေခံပညာမူလတန်း အောင်မြင်ပြီးသူ | ၂ ဦး |

၂။ လျှောက်ထားသူများသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) (၃၁-၁-၂၀၂၂) ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၃၀)နှစ်ထက် မကျော်လွန် သူဖြစ်ရမည်။ (နိုင်ငံ့ဝန်ထမ်းများဖြစ်ပါက အသက်(၃၅)နှစ်ထက်မကျော်လွန်သူ ဖြစ်ရမည်။
- (ဂ) နိုင်ငံ့ဝန်ထမ်းများသည် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် လျှောက်ထားရမည်။
- (ဃ) အမှတ်စဉ်(က)ပါ သုတေသနလက်ထောက်(၂)ရာထူးအတွက် အင်္ဂလိပ်စာနှင့် ကွန်ပျူတာကျွမ်းကျင်သူဦးစားပေးရွေးချယ်မည်။
- (င) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
- (စ) အကျင့်စာရိတ္တကောင်းမွန်ပြီး မည်သည့်နေရာဒေသမဆို သွားရောက်တာဝန်ထမ်းဆောင် နိုင်သူဖြစ်ရမည်။
- (ဆ) လျှောက်ထားသူတစ်ဦးလျှင် ရာထူးအလွှာတစ်မျိုးကိုသာလျှောက်ထားရမည်။
- (ဇ) ဝန်ထမ်းအဖြစ်ခန့်အပ်ခြင်းခံရပါက အနည်းဆုံး(၃)နှစ် တစ်ဆက်တည်း တာဝန် ထမ်းဆောင်ရမည်။

၃။ လျှောက်လွှာတွင် အောက်ပါအချက်များကို ပြည့်စုံစွာဖော်ပြပြီး လျှောက်ထားသူကိုယ်တိုင် လက်မှတ်ရေးထိုးရမည်-
- (က) လျှောက်ထားသည့်ရာထူးအမည်၊
- (ခ) အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊
- (ဂ) မွေးသက္ကရာဇ်နှင့်အသက်၊
- (ဃ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ၊
- (င) ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ်၊ အောင်မြင်ခဲ့သည့် ကျောင်း၊ တက္ကသိုလ်၊
- (စ) မိဘအမည် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်းတို့၏ အလုပ်အကိုင်၊
- (ဆ) အလုပ်သမားမှတ်ပုံတင်အမှတ်၊ နေ့စွဲနှင့် အလုပ်သမားရုံးအမည်၊
- (ဇ) ဝန်ထမ်းဖြစ်လျှင် လက်ရှိရာထူး၊ လစာနှုန်းနှင့် ဌာနအမည်၊
- (ဈ) ဆက်သွယ်ရန်နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်၊
- (ည) အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံ၊

၄။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်-
- (က) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့ဓာတ်ပုံ(၁ လက်မ x ၁ လက်မ)(၃)ပုံ
- (ခ) နိုင်ငံသားစိစစ်ရေးကတ်ပြား (မိတ္တူမှန်)
- (ဂ) ဘွဲ့လက်မှတ် (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)
- (ဃ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(မိတ္တူမှန်) သို့မဟုတ် နောက်ဆုံးပညာသင်ကြားခဲ့သည့် ကျောင်းထောက်ခံစာ
- (င) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်းနှင့် သက်ဆိုင်ရာနယ်မြေရဲစခန်း၏ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်(မူရင်း) (တစ်လအတွင်း ရရှိသည့်)
- (စ) အိမ်ထောင်စုစာရင်းမိတ္တူမှန်
- (ဆ) ဝန်ထမ်းဖြစ်ပါက ကိုယ်တိုင်ဝန်ခံချက်နှင့် ဝန်ထမ်းကဒ်မိတ္တူမှန်
- (ဇ) ဝန်ထမ်းမဟုတ်ပါက (၆)လအတွင်းပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင်ကတ်ပြား မိတ္တူမှန်

၅။ ဝန်ထမ်းမဟုတ်သူများသည် လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ အဏုမြူစွမ်းအင်ဦးစီး ဌာန၊ ရုံးအမှတ်(၂၁)၊ နေပြည်တော်သို့လိပ်မူ၍ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှ မှတ်ပုံတင်၍ လည်းကောင်း (၁၇-၂-၂၀၂၂)ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားရမည်။

၆။ ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲ ခွင့်ပြုလက်မှတ်ပါရှိသည့် လျှောက်လွှာကို မိမိတာဝန်ထမ်းဆောင်သည့် ဝန်ကြီးဌာနမှတစ်ဆင့် ဝန်ကြီးရုံး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁)သို့ လိပ်မူ၍ အဏုမြူစွမ်းအင်ဦးစီးဌာနသို့ မိတ္တူဖြင့် (၂၁-၂-၂၀၂၂)ရက်နေ့ နောက်ဆုံးထား ၍ ပေးပို့လျှောက်ထားရမည်။

၇။ သတ်မှတ်ရက်ထက် နောက်ကျပေးပို့လာသော လျှောက်လွှာများ၊ အချက်အလက်၊ စာရွက်စာတမ်းမပြည့်စုံသည့် လျှောက်လွှာများနှင့် သတ်မှတ်ချက်နှင့် မကိုက်ညီသည့် လျှောက်လွှာများကို (လုံးဝ) ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၈။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အမှတ်စဉ်(က)၊ (ခ)နှင့် (ဂ) ရာထူးများအတွက် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ ဘာသာရပ်များကို ရေးဖြေစာမေးပွဲနှင့် လူတွေ့စစ်ဆေးခြင်း၊ အမှတ်စဉ်(င)ရာထူးအတွက် လူတွေ့နှင့်ယာဉ်မောင်းကျွမ်းကျင်မှုစစ်ဆေးခြင်း၊ ကျန်ရာထူးများအတွက် သတ်မှတ်ချက်နှင့်ပြည့်စုံသူများအား လူတွေ့စစ်ဆေးခြင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၉။ ရေးဖြေစာမေးပွဲ ဖြေဆိုခွင့်ရရှိသူ အမည်စာရင်းကို အဏုမြူစွမ်းအင်ဦးစီးဌာန၊ ရုံးအမှတ်(၂၁)၊ နေပြည်တော်၊ ကြော်ငြာသင်ပုန်းတွင်လည်းကောင်း၊ Website- www.daemyanmar.com တွင် လည်းကောင်း ကြေညာမည်ဖြစ်ပြီး ဖြေဆိုခွင့်ကတ်ပြားများကို (၂၄-၂-၂၀၂၂)ရက်နေ့နှင့် (၂၅-၂-၂၀၂၂) ရက်နေ့တို့တွင် အဏုမြူစွမ်းအင်ဦးစီးဌာန၊ ရုံးအမှတ်(၂၁)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ထုတ်ပေးမည်ဖြစ်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်အတူ ကာယကံရှင်ကိုယ်တိုင်လာရောက်ထုတ်ယူရမည် ဖြစ်ပါသည်။

၁၀။ ရေးဖြေစာမေးပွဲစစ်ဆေးခြင်းကို (၂၆-၂-၂၀၂၂)ရက်နေ့ နံနက် ၈:၀၀ နာရီမှ ၁၀:၀၀ နာရီအထိ မြန်မာစာကိုလည်းကောင်း၊ နံနက် ၁၁:၀၀ နာရီမှ ၁၃:၀၀ နာရီအထိ အင်္ဂလိပ်စာကိုလည်းကောင်း၊ နေ့လည် ၁၄:၀၀ နာရီမှ ၁၆:၀၀ နာရီအထိ အထွေထွေဗဟုသုတကိုလည်းကောင်း အစိုးရနည်းပညာ ကောလိပ်(နေပြည်တော်)တွင် ဖြေဆိုရမည်ဖြစ်ပါသည်။

၁၁။ အမှတ်စဉ်(က) မှ (ဆ)အထိ ရာထူးအားလုံးအတွက် လူတွေ့နှင့်ကျွမ်းကျင်မှုစစ်ဆေးခြင်းကို (၂၇-၂-၂၀၂၂)ရက်နေ့ နံနက် ၉:၃၀ နာရီတွင် အဏုမြူစွမ်းအင်ဦးစီးဌာန၊ ရုံးအမှတ်(၂၁)၊ နေပြည်တော်တွင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၁၂။ အသေးစိတ်အချက်အလက်များကို အဏုမြူစွမ်းအင်ဦးစီးဌာန၊ စီမံခန့်ခွဲရေးဌာန(နေပြည်တော်) သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းနံပါတ်- ၀၆၇ ၃၄၀၄၀၁၆ သို့ဖြစ်စေ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**အဏုမြူစွမ်းအင်ဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ (ဂ)ရပ်ကွက်၊ ထားဝယ်-ရေးလမ်းရှိ ကွင်းအမှတ် (၇၈ အေ)၊ ကျောက်ကညာ အေကွင်း၊ ဦးပိုင်အမှတ်(၁၅၅/၁)၊ မြေဧရိယာ(၀ဒသမ ၀၂၇)ဧကရှိ ဦးကျော်လွင် ဂရန်အမည်ပေါက် မြေတစ်ရပ်နှင့် ဦးပိုင်အမှတ် (၁၅၅/၂)၊ မြေဧရိယာ ၁ဒသမ၂၃ ဧကအနက်မှ ၀ဒသမ ၄၈ ဧကရှိ လယ်မြေတစ်ရပ်၊ စုစုပေါင်း မြေနှစ်ရပ် ဧရိယာ ၀ဒသမ ၇၅ ဧကရှိ မြေကွက်နှင့် ၎င်းမြေပေါ်၌တည်ရှိသော High Power အမည်ရှိစက်သုံးဆီ အရောင်းဆိုင် အဆောက်အအုံနှင့် အခြားအဆောက်အအုံများနှင့် ပတ်သက်သော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ရောင်းချသူ ဦးကျော်လွင် ၆/ကသန(နိုင်)၀၆၄၇၁၄ နှင့် ဒေါ်ညိုညိုစန်း ၆/ကသန(နိုင်)၀၆၆၇၈၈ တို့မှ လက်ရှိပိုင်ဆိုင်ကာ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံသဖြင့် အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ဆွေဆွေအောင် ၁၁/တကန(နိုင်)၀၆၈၃၆၉ က စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ တိကျခိုင်လုံသော ပိုင်ဆိုင် မှု အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်စွာအောင် LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၉၃၆၆)**
**ဖုန်း-၀၉-၄၅၀၉၉၀၇၈၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ စာဂ ၂၁လမ်း၊ မြေကွက်အမှတ်(၆၀၃/က)၊ မြေပေအကျယ် အလျား(၂၀)ပေ xအနံ (၆၀) ပေ၊ စတုရန်းပေ(၁၂၀၀) ရှိ နှစ်(၆၀) ဂရန်မြေကွက် သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု(မြေယာဌာန)၏ မြို့မြေစာရင်းတွင် ဒေါ်နုနုဆွေ ၁၂/ဥကတ(နိုင်)၀၃၄၆၅၆ ၏ အမည်ဖြင့် မှတ်သားတည်ရှိလျက်ရှိပြီး မိခင် ဒေါ်နုနုဆွေနှင့် ဖခင် ဦးမျိုးသန့်တို့ကွယ်လွန်ခဲ့သောကြောင့် ၎င်းတို့၏အမွေဆက်ခံပိုင်ဆိုင်သူများဖြစ်ကြသော ဦးစောဝင်းသန့် ၁၂/မရက(နိုင်)၀၈၁၇၄၃ ၊ ဦးစိုးအောင်သန့် ၁၂/ဥကတ(နိုင်)၀၃၄၆၂၇ ဒေါ်ခိုင်မာသန့် ၁၂/ဥကတ(နိုင်)၀၃၄၅၄၇၊ ဦးမျိုးမင်းသန့် ၁၂/ဥကတ(နိုင်)၀၃၄၅၄၈ ၊ ဒေါ်သီတာသန့် ၁၂/ဥကတ(နိုင်)၀၃၄၆၂၈ ၊ ဒေါ်ဥမ္မာသန့် ၁၂/ဥကတ(နိုင်)၀၃၄၅၄၆ တို့မှ အထက်ပါ အိမ်ခြံမြေကွက်အား လက်ဝယ်ထားရှိ ပိုင်ဆိုင်နေထိုင်လျက်ရှိပြီး ယင်းအိမ်ခြံ မြေကွက်နှင့် ပတ်သက်၍ ၎င်းတို့မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခိုင်ဆက်ဆက် ၇/ပမန(နိုင်)၁၀၁၆၉၄ က ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့်ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရီရီသန့် [' အလင်္ကာ' Law Firm ]**
**LL.B, D.B.L, D.M.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၉၉၃၉)**
**အမှတ်(၅၂၅/ခ)၊ မင်းရဲကျော်စွာ (၄)လမ်း၊ (၇)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၃၀၆၆၁၆၄၊**
**၀၉-၇၉၆၆၀၀၂၁၇**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီး မြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# မြန်မာ - တရုတ် နှစ်နိုင်ငံကုန်သွယ်ရေးတွင် အဟန့်အတားမဖြစ်စေရေး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်မှုလုပ်ငန်းများကို အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားမည်

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၇**

မြန်မာ - တရုတ် နယ်စပ်မြို့များတွင် ကိုဗစ်-၁၉ စင်တာများ၊ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ကိုဗစ် - ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ကိုဗစ် - ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး

*စာမျက်နှာ ၆ ကော်လံ ၁* ❍

---

## ယနေ့ မာ တိ ကာ

**စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့ရှိ ရွှေဆိုင် တစ်ဆိုင်အား အကြမ်းဖက်သမား ငါးဦးက သေနတ်နှင့် လက်လုပ်မိုင်းများ အသုံးပြုခြိမ်းခြောက်ကာ ရွှေထည်ပစ္စည်း မျိုးစုံ ၁၄၈၇ ခု၊ တန်ဖိုးငွေကျပ် ၃၀၆၉ သိန်းခန့်ကို ခိုးပြတိုက်ယူဆောင်**

ပြည်တွင်းသတင်း စာ - ၂၁

## ကိုဗစ်- ၁၉ ရောဂါကြောင့် ခြောက်လခန့်ပိတ်ထားသည့် လွယ်ဂျယ်-လိုင်းရင်း နယ်စပ်ဂိတ်ဖွင့်လှစ်ပြီး မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုပြန်လည်စတင်

**လွယ်ဂျယ် ဇန်နဝါရီ ၁၇**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် လွယ်ဂျယ်မြို့ရှိ တရုတ်-မြန်မာ နယ်စပ်ဂိတ်မှ ကုန်သွယ်မှုကို ကိုဗစ်-၁၉ ရောဂါကြောင့် ၂၀၂၁ ခုနှစ် ဇူလိုင်လလယ်ခန့်မှစတင်ပြီး ခြောက်လ ခန့်ရပ်နားခဲ့ရာ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၇ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်က ပြန်လည်ဖွင့်လှစ်ကာ နှစ်နိုင်ငံကုန်သွယ်ရေး ပြန်လည်စတင်ခဲ့သည်။

*စာမျက်နှာ ၁၁ ကော်လံ ၁* ✻



လွယ်ဂျယ်နယ်စပ်ဂိတ် ပြန်လည်ဖွင့်လှစ်ပြီးနောက် ပထမဦးဆုံး ကုန်စည်ပို့ဆောင်မည့် ယာဉ်တစ်စီးကို တွေ့ရစဉ်။

ဓာတ်ပုံ-လွယ်ဂျယ်(ပြန်/ဆက်)